# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး
# စတုတ္ထနေ့မှတ်တမ်း

၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၆ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၃ ရက် )

[ အင်္ဂါနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ စတုတ္ထနေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၈)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၂)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၈.၁၇)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်။ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ စတုတ္ထနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ အစည်းအဝေးမတက်ရောက်နိုင်လို့ ခွင့်ပန်ကြားတဲ့ လွှတ်တော် ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးဖုန်းမြင့်အောင်၊ ရန်ကုန်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးဝင်းသိန်း၊ ဧရာဝတီ(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးဇော်နိုင်ဦး၊ မွန်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ မိသားစုကျန်းမာရေး၊ ဦးအောင်သန်း၊ မကွေး(၁၀)၊ ကျန်းမာရေး၊ ဦးညွန့်လှိုင်၊ ဧရာဝတီ(၄)၊ ဒေသဖွံ့ဖြိုးရေး၊ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ကျန်းမာရေး၊ ဦးဆလိုင်းခွဲယန်၊ ချင်း(၁၂)၊ ကျန်းမာရေး၊ ဦးကော်ရိုင်း၊ ကယား(၉)၊ မိသားစုကိစ္စ၊ ဦးကျော်ကျော်၊ ရခိုင်(၂)၊ ကျန်းမာရေး၊ ဦးခင်မောင်(ခ) ဦးအောင်ကျော်ဦး၊ ရခိုင်(၃)၊ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးခက်ထိန်နန်၊ ကချင်(၁)၊ပြည်ပခရီးစဉ်၊ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ ကျန်းမာရေး၊ ဦးစံပြည့်၊ ကချင်(၇)၊ ကိုယ်တိုင် ဆောင်ရွက်ရန်၊ ဒေါက်တာမြဦး၊ ပဲခူး(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား

လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၀)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၆)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၂၆)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့၊ ကြယ်ပွင့်ပြထားတဲ့မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**မြန်မာနိုင်ငံသို့ ဝင်ရောက်လာသော နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများ၊ မြန်မာနိုင်ငံသား ရင်းနှီး မြှုပ်နှံမှုများကြောင့် သဘာဝပတ်ဝန်းကျင် မထိခိုက်စေရေးနှင့် လူမှုရေး အခြေအနေများ မထိခိုက်စေရေး အတွက် မည်ကဲ့သို့အစီအမံများ ချမှတ်လုပ်ဆောင်ထားသည်ကို သိရှိလိုပါကြောင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ယခု ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညွန့်တင် က မြန်မာနိုင်ငံသို့ ဝင်ရောက်လာသော နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများ၊ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုများကြောင့် သဘာဝပတ်ဝန်းကျင် မထိခိုက်စေရေးနှင့် လူမှုရေးအခြေအနေများ မထိခိုက်စေရေး အတွက် မည်ကဲ့သို့အစီအမံများ ချမှတ်လုပ်ဆောင်ထားသည်ကို သိရှိလိုပါကြောင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးညွန့်တင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)**။ ။ လေးစားရပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြပါသော ပြည်ထောင်စုအဆင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကော်မရှင် အဖွဲ့ဝင်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး

မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးညွန့်တင် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ မေးမြန်းမယ့်မေးခွန်းကတော့ မြန်မာနိုင်ငံတွင် လာရောက် ရင်းနှီးမြှုပ်နှံလျက်ရှိကြသော နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုများကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း၊ EIA (Environmental Impact Assessment)နှင့် လူမှုပတ်ဝန်းကျင် ဆန်းစစ်မှု ထိခိုက်ခြင်း၊ SIA (Social Impact Assessment)များကို မည်ကဲ့သို့ ဆောင်ရွက်လျက်ရှိသည်ကို သိလိုပါကြောင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အင်္ဂလိပ်စာ အသုံးအနှုန်း အနည်းငယ်ပါရှိသဖြင့် ခွင့်ပြုပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။

ကျွန်တော်တို့ ယခုအခါမှာဆိုရင် မြန်မာနိုင်ငံရဲ့ အပြုသဘောဆောင်ရွက်မှု၊ ပြုပြင်ပြောင်းလဲမှု၊ မြန်မာနိုင်ငံတော်အစိုးရဲ့ ရင်းနှီးမြှုပ်နှံမှုများကို လက်ကမ်းကြိုဆိုမှု၊ မြန်မာ့လွှတ်တော်များရဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်တဲ့ဥပဒေများကို အတည်ပြုပေးခဲ့မှုများကြောင့် မြန်မာနိုင်ငံသို့ နိုင်ငံတကာက ရင်းနှီးမြှုပ်နှံမှုများ၊ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုများ သိသိသာသာ တိုးတက်လာတာ တွေ့ရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီလိုရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်လာတဲ့အခါမှာ ကျွန်တော်တို့အနေနဲ့ သတိထားဖို့ကတော့ ဒီရင်းနှီးမြှုပ်နှံမှုတွေကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း ရှိသလား၊ EIA ခေါ်တဲ့ (Environmental Impact Assessment) နဲ့ လူမှုရေးအခြေအနေများကို ထိခိုက်မှု ဆန်းစစ်ခြင်းများ SIA (Social Impact Assessment) များကို မည်ကဲ့သို့ လုပ်ထားသလဲဆိုတာ ကျွန်တော်တို့ အများပြည်သူအကျိုးအတွက် သိရှိဖို့ လိုအပ်ပါတယ်ခင်ဗျား၊

ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ပြီးခဲ့တဲ့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်းမှာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုက အမေရိကန်ဒေါ်လာ (၁.၄) ဘီလီယံခန့် ဝင်ခဲ့ပါတယ်။ ဒါပေမယ်လို့ နောက်တစ်နှစ်ဖြစ်တဲ့ ၂၀၁၃-၂၀၁၄ မှာ ကြည့်လို့ရှိရင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုက (၄.၁) ကျော်ကျော် ဝင်ရောက်လာတာကို တွေ့ရပါတယ်။ ဒါဟာဆိုလို့ရှိရင် ၂၀၁၂-၂၀၁၃ ထက် ၂၀၁၃-၂၀၁၄ မှာ သုံးဆလောက် တိုးပြီးတော့ ဝင်လာပါတယ်။ အဲဒါကတော့ ကျွန်တော်တို့ လွှတ်တော်များကနေပြီးတော့ ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်တဲ့ဥပဒေတွေ ထုတ်တယ်။ အစိုးရကလည်း ရင်းနှီးမြှုပ်နှံမှုတွေ Welcome လုပ်တဲ့အတွက်ကြောင့် သိသိသာသာကြီး တိုးတက်လာတာကို တွေ့ရပါတယ်။ သို့သော်လည်း ဒီလိုတိုးတက်လာတာနဲ့အမျှ ကျွန်တော်တို့အနေနဲ့ ဂရုစိုက်ရမှာကတော့ နိုင်ငံတကာနဲ့ မြန်မာနိုင်ငံမှာလည်း တစ်ချိန်က ဖြစ်ခဲ့ပါတယ်။ အဲဒီရင်းနှီးမြှုပ်နှံမှုတွေ ကနေပြီးတော့ ကျွန်တော်တို့ EIA ခေါ်တဲ့ (Environmental Impact) သဘာဝပတ်ဝန်းကျင် ထိခိုက်မှုတွေ၊ SIA ခေါ်တဲ့ Social လူမှုပတ်ဝန်းကျင်ထိခိုက်မှုတွေ ဘယ်လိုဖြစ်နိုင်တယ်ဆိုတာကို ကျွန်တော်တို့ ကြိုတင်မျှော်တွေးပြီးတော့ ဒါတွေကို ကျွန်တော်တို့ အစီအမံများ ချပြီးတော့ ကျွန်တော်တို့ ကာကွယ်ထားဖို့ လိုပါတယ်။ အဲဒီတော့ ကမ္ဘာ့နိုင်ငံအသီးသီးမှာလည်း ဒီလို ဆောင်ရွက်မှုတွေ ရှိနေတာကို တွေ့ရပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ အများပြည်သူများရဲ့ အကျိုးငှာ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိသော နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ ဒါတွေဟာဆိုလို့ရှိရင် ရင်းနှီးမြှုပ်နှံမှုတွေ ကျန်ခဲ့တဲ့ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုတွေပါပဲ၊ ဒါဟာ

ဆိုလို့ရှိရင် Pollution ပေါ့။ ရင်းနှီးမြှုပ်နှံမှုကနေ ထွက်လာတဲ့ အခိုးအငွေ့တွေကြောင့် လူတွေရဲ့ ကျန်းမာရေးကို ထိခိုက်တဲ့အပိုင်း၊ သစ်တောပြုန်းတီးမှုအပိုင်း။ သစ်တောတွေက တောင်ကတုံး ဖြစ်ကျန်ရစ်ခဲ့တဲ့ အပိုင်းတွေပါ။ သစ်တောပြုန်းတီးမှုပါပဲ။ ဒါဟာဆိုလို့ရှိရင်တော့ ခုနက ရင်းနှီးမြှုပ်နှံမှု တွေကြောင့် သဘာဝကို ထိခိုက်တယ်။ လူတွေကို ထိခိုက်နိုင်တဲ့ အန္တရာယ်တွေ ကျွန်တော် Off Shore မှာ မီးလောင်မှု ဖြစ်ပွားပြီးတော့ လူတွေ အများအပြား သေဆုံးတယ်။ အဲဒီကနေပြီးတော့ Oil Spill တွေဖြစ်ပြီးတော့ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်တဲ့အပိုင်းတွေပါ။ အများသိတဲ့အတိုင်းပဲ ပလပ်စတစ် တွေ၊ စက်မှုကထုတ်တဲ့ ပလပ်စတစ်တွေဟာ နေရာတကာမှာ ပစ်တဲ့အခါကျတော့ ကျွန်တော်တို့ သဘာဝပတ်ဝန်းကျင်ကို အများကြီး ထိခိုက်ပါတယ်။ Pollution ကိစ္စပါ။ ဒါကလည်း ကျွန်တော်တို့ သစ်တောတွေအားလုံး ပြုန်းတီးသွားတဲ့အပိုင်းတွေပါပဲ။ ဒါတွေဟာ ထိခိုက်တဲ့အပိုင်းပါပဲ။

အဲဒီတော့ ကျွန်တော့်အနေနဲ့ ပြောချင်တာက ဒီလို သဘာဝပတ်ဝန်းကျင်တွေကို ထိခိုက်မှုတွေမဖြစ်အောင် ကျွန်တော်တို့နိုင်ငံအနေနဲ့ကတော့ ဘယ်လိုဆောင်ရွက်မှုတွေ လုပ်ထားတယ် ဆိုတာကို အများပြည်သူအကျိုးငှာ သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။မေးခွန်းနဲ့ပတ်သက်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင်က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၃။**

**ဦးဝင်းထွန်း (ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပြီးတော့ တိုင်းပြည်အကျိုး ဆထက်ထမ်းပိုး သယ်ပိုးနိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်တင် ရဲ့ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံကြသော နိုင်ငံခြားသား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမှသော်လည်းကောင်း၊ ပြည်တွင်းမှ တိုင်းရင်းသား လုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံကြတဲ့ တိုင်းရင်းသားလုပ်ငန်းရှင်များရဲ့ ရင်းနှီးမြှုပ်နှံမှုကြောင့်သော် လည်းကောင်း၊ တိုင်းပြည်ရဲ့ သဘာဝပတ်ဝန်းကျင်နဲ့ လူမှုရေးအပေါ်မှာ မည်ကဲ့သို့ ထိရောက်မှု များကို မည်သည့် အစီအမံများဖြင့် စီမံထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက် ရှိတယ်ဆိုတာကို သိလိုပါတယ် ဆိုတဲ့ မေးခွန်းနဲ့ပတ်သက်လို့ ကျွန်တော့်အနေနဲ့ MIC ကိုယ်စားလည်း ဖြစ်ပါတယ်။ ကျွန်တော့် ပင်မတာဝန်ဖြစ်တဲ့ ဝန်ကြီးဌာနရဲ့ကိုယ်စားလည်း ဖြစ်ပါတယ်။ ဒီမေးခွန်းကို ကျွန်တော်တို့လုပ်ထားတဲ့ အစီအမံများကို အများပြည်သူများသိရှိအောင် လွှတ်တော်ကိုယ်စားလှယ်များ သိရှိနိုင်ပါရန်အလို့ငှာ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၂)နဲ့ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၃) တို့နဲ့အညီ ခွင့်ပြုဆောင်ရွက်စေတဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စစ်ဆေးမှုနဲ့ လူမှုရေးအခြေအနေများကို ထိခိုက်မှုဆန်းစစ်ခြင်းတို့ လုပ်ငန်းစဉ်များကိုလည်းပဲ လုပ်ငန်းအနေအထားများနဲ့အညီ လိုက်နာဆောင်ရွက်ရပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ အပိုဒ် - ၃၄ တွင် ကော်မရှင်က ရင်းနှီးမြှုပ်နှံမှုပမာဏ ကြီးမားသည်ဟု သတ်မှတ်သည့် စီမံကိန်းလုပ်ငန်းများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တော ရေးရာဝန်ကြီးဌာနက ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းပြုလုပ်ရန် သတ်မှတ်ထားသော လုပ်ငန်း များတွက် အဆိုပြုချက် တင်သွင်းရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းနှင့် လူမှုရေးဆိုင်ရာ ထိခိုက်မှု ဆန်းစစ်ခြင်းများကို ပူးတွဲတင်ပြရမည်ဟု ဒါ သတ်မှတ်ထားရှိပါတယ်။

ထို့အပြင် ဘာသာရပ်ဆိုင်ရာဌာနများမှ အဆိုပါကိစ္စအတွက် ပူးပေါင်းဆောင်ရွက်ပေးရမည့် အစီအမံအဖြစ်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ အပိုဒ် - ၄၅ တွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုနဲ့ လူမှုရေးထိခိုက်မှုများ မရှိစေရေး သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုနဲ့ လူမှုရေးထိခိုက်မှုများ အနည်းဆုံးဖြစ်စေရေးအတွက် ဆောင်ရွက်မည့်အစီအမံများအပေါ် စိစစ်ချက်ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနက သဘောထားမှတ်ချက် တောင်းခံစာ လက်ခံရရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း သဘောထားမှတ်ချက်ကို ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် သို့မဟုတ် ဝန်ကြီးမှ တာဝန်ပေးအပ်သူမှ လက်မှတ်ရေးထိုးကာ အမြန်ဆုံးပြန်ကြားနိုင်မည့် ဆက်သွယ်ရေး နည်းလမ်း တစ်ခုအဖြစ် ကော်မရှင်သို့ ပြန်ကြားရမည်ဟု ဖော်ပြပါရှိပါတယ်။ အဆိုပါ ပြဋ္ဌာန်းချက်များ နှင့်အညီ ရင်းနှီးမြှုပ်နှံမှု အဆိုပြုချက်လုပ်ငန်းများတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စစ်ဆေးမှု ဆန်းစစ်မှုများဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာအမှတ် ၁/ ၂၀၁၃ တွင် ပတ်ဝန်းကျင် ထိခိုက်မှုကို ဆန်းစစ်ချက်ရယူရန် လိုအပ်သော စီးပွားရေးလုပ်ငန်းအမျိုးအစားများကို ထုတ်ပြန်ကြေညာ ခဲ့ပါတယ်။

ယင်းကြေညာချက်တွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ချက် ရယူရန် လိုအပ်သည့် စီးပွားရေးလုပ်ငန်းအမျိုးအစား (၃၄) ခု သက်မှတ်ထားရှိပြီးတော့ ရင်းနှီးမြှုပ်နှံမှုများသည် ထိုကဲ့သို့ လုပ်ငန်းမျိုးကို လုပ်ကိုင်လိုကြောင်း အဆိုပြုလွှာများ တင်ပြလာပါက ၎င်းတို့၏ အဆိုပြုလွှာနှင့်အတူ ပတ်ဝန်းကျင်ထိခိုက်မှုကို ဆန်းစစ်ခြင်း၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများကို ဆန်းစစ်ခြင်းများ ပြုလုပ် ထားသော အစီရင်ခံစာများကိုပါ ပူးတွဲတင်ပြရန် လိုအပ်မှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် အဆိုပြုလွှာများကို စိစစ်နိုင်ရန်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းဥပဒေအပိုဒ် (၃၈)နှင့်အညီ အဆိုပြုချက် စိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းထားရှိ ပြီးတော့ အပတ်စဉ် ကျင်းပပြုလုပ်သော ယင်းအဖွဲ့၏ အစည်းအဝေးတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး ပါဝင်ကာ အဆိုပါလုပ်ငန်းများနှင့်လျော်ညီစွာ ကနဦး ပတ်ဝန်းကျင် ဆန်းစစ်ချက် ပြုလုပ်ရန် လိုအပ်သောလုပ်ငန်းများတွင် IEE လို့ခေါ်တဲ့ (Initial Environmental Examination) ကို ပြုလုပ်စေခြင်း၊ အဆိုပြုချက်လုပ်ငန်းနှင့်လျော်ညီစွာ EIA (Environmental Impact Assessment) အဆိုပြုလုပ်ငန်းကို ပြုလုပ်စေခြင်းနှင့် အဆိုပြုလုပ်ငန်းနှင့် လျော်ညီစွာ အနည်းဆုံး EMP

(Environmental Management Plan) ပြုလုပ်စေခြင်းများကို ရင်းနှီးမြှုပ်နှံသူများ နားလည်ရန် ဆွေးနွေးပြောကြားရပါတယ်။

စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထည့်သွင်းစဉ်းစားဆောင်ရွက်ရန် လိုအပ်သည့်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကို ၂၀၁၂ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများ ဆက်လက်ထုတ်ပြန်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများတွင် စီမံကိန်း စီးပွားရေးလုပ်ငန်း ဝန်ဆောင်မှု သို့မဟုတ် လုပ်ဆောင်မှုတို့ကို ဆောင်ရွက်မည့် အစိုးရဌာန အဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်သည် မိမိ၏စီမံကိန်းစီးပွားရေးလုပ်ငန်း ဝန်ဆောင်မှု သို့မဟုတ် လုပ်ဆောင်မှုအတွက် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းကို ဝန်ကြီးဌာနက လက်ခံသော အရည်အချင်း ပြည့်မီသည့် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းနှင့် ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်ရမည်ဟု ဖော်ပြပါရှိပြီး ဖြစ်ပါတယ်။ ထိုကဲ့သို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဝန်ကြီးဌာနရဲ့ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီလည်းကောင်း၊ အဆိုပြုလွှာစိစစ်ရေး အဖွဲ့အစည်း အစည်းအဝေးတွင် လမ်းညွှန်ချက်နှင့်အညီလည်းကောင်း ရင်းနှီးမြှုပ်နှံသူသည် လုပ်ငန်း အားလျော်စွာ တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ခုသို့ အပ်နှံ၍ ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှု ဆန်းစစ်ချက်များကို ပြုလုပ်ရမှာ ဖြစ်ပါတယ်။

ယင်းကဲ့သို့ ဆန်းစစ်ချက်များကို ပြုလုပ်ဆောင်ရွက်ပြီးပါက အစီရင်ခံစာပြုစု၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသို့ ပေးပို့စစ်ဆေးခံရမှာ ဖြစ်ပါတယ်။ ဝန်ကြီးဌာနက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် ကိုယ်စား ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှု ရှိ၊ မရှိ အခြေအနေများကို လေ့လာသုံးသပ်၍ အဆိုပြုလုပ်ငန်းမှ တင်ပြလာသော ဆောင်ရွက်မှုများသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုအနေဖြင့် ခွင့်ပြုသင့်ကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆောင်ရွက်မှု လုပ်ငန်းစဉ်များနှင့်အညီ လိုက်နာဆောင်ရွက်ပါက ခွင့်ပြုသင့်သည့်လုပ်ငန်း တစ်ခုဖြစ်ကြောင်း သဘောထားမှတ်ချက်များ ပြန်ကြားရပါတယ်။

အချို့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များက တင်ပြလာသော ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း အစီရင်ခံစာများသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ သတ်မှတ်ထားသော EIA Procedure များနှင့် ကိုက်ညီမှုမရှိပါက ရင်းနှီးမြှုပ်နှံသူသည် ယင်းဆန်းစစ်ချက်များကို ပြန်လည်၍ ပြုလုပ်ရန် လိုအပ်ပါတယ်။ ကျေနပ်ဖွယ်ရာ ရှိမှသာလျှင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ခွင့်ပြုသင့်သည့်အလုပ်အဖြစ် သဘောထားမှတ်ချက်များကို တရားဝင် ပြန်ကြားမှာ ဖြစ်ပါတယ်။ ဝန်ကြီးဌာနသည် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ (၂၀၁၂) နှင့်အညီ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ တင်ပြလာသော ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ချက်လုပ်ငန်းများနှင့် ၎င်းတို့၏ အစီရင်ခံစာ တင်ပြချက်များအပေါ်မှာ စဉ်ဆက်မပြတ် စိစစ်ပြန်ကြားပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ယင်းကဲ့သို့ ပတ်ဝန်းကျင်နဲ့ လူမှုရေးဆန်းစစ်ချက် ပြုလုပ်ဆောင်ရွက်မည့် အစီအစဉ်များနှင့်အတူ အဆိုပြု တင်ပြလာသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တစ်ခုကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုမှာ ဖြစ်ပါတယ်။

လုပ်ငန်း စတင်ဆောင်ရွက်သည့်အခါ ယင်းကဲ့သို့ အစီရင်ခံစာများနှင့်အညီ ဆောင်ရွက်ခြင်း ရှိ၊ မရှိကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ရုံးလုပ်ငန်းများကို တာဝန်ယူ ရသော ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ခံအရာရှိများ၊ သက်ဆိုင်ရာ ကဏ္ဍအလိုက် ပြည်ထောင်စုဝန်ကြီးဌာနမှ တာဝန်ခံအရာရှိများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ ကျွမ်းကျင်အရာရှိများနှင့်အတူ စီမံကိန်းအကောင်အထည် မဖော်မီ (၁)ကြိမ်၊ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကာလအတွင်း (၁)ကြိမ်နှင့် စီးပွားဖြစ်လုပ်ငန်း စတင် အကောင်အထည်ဖော်သည့် ကာလတွင် (၁)ကြိမ် စုစုပေါင်း(၃)ကြိမ် စစ်ဆေးဆောင်ရွက်လျက် ရှိပါ တယ်။ ယင်းကဲ့သို့ စစ်ဆေးဆောင်ရွက်ခြင်းအားဖြင့် ရင်းနှီးမြှုပ်နှံသူသည် ၎င်း၏ရင်းနှီးမြှုပ်နှံမှု အကောင်အထည်ဖော်ရာတွင် ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှု ဆန်းစစ်ချက်များအရ လိုက်နာရမည့် လုပ်ငန်းစဥ်များနှင့်အညီ အကောင်အထည်ဖော်ခြင်း ရှိ၊ မရှိကို သိရှိနိုင်မှာဖြစ်ပါတယ်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအသစ် စတင်ပြဋ္ဌာန်းသည့်အချိန်မှစ၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုပေးထားသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အများဆုံးမှာ စက်မှုကဏ္ဍဖြစ်ပြီးတော့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အရေအတွက်၏ (၇၅) ရာခိုင်နှုန်းခန့် ရှိပါတယ်။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် စက်မှုကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အရေအတွက် (၃၈) ရာခိုင်နှုန်းခန့်ရှိကြောင်း စိစစ်တွေ့ရှိ ရပါတယ်။ ယင်းစက်မှုလုပ်ငန်းအများစုသည် ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှု အနည်းဆုံး ဖြစ်စေမည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအဖြစ် တွေ့ရှိရပါတယ်။ သဘာဝပတ်ဝန်းကျင်ကို ကြီးမားစွာ ထိခိုက် ပျက်စီးစေနိုင်သော ဓာတ်သတ္တုများ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ ရေအားလျှပ်စစ် ထုတ်လုပ်ခြင်း လုပ်ငန်းများ၊ သဘာဝအရင်းအမြစ်ကို အခြေခံ၍ ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်သော လုပ်ငန်းများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုသည့်အခါ ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှု ဆန်းစစ်ချက် များအပေါ် အထူးအလေးဂရုပြု ဆောင်ရွက်ထားပြီးတော့ စိစစ်ပြီးမှသာ ထောက်ခံတင်ပြမည် ဖြစ်ပါကြောင်း သိရှိနိုင်ပါရန် ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ**။ ။ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)က ဦးညွန့်တင် ရဲ့ မေးခွန်းနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရဲ့ ဖြေကြားချက် တွေဟာ အများပြည်သူ သိရှိဖို့ သင့်တဲ့အတွက် အမျိုးသားလွှတ်တော်နည်းဥပဒေ ၁၂၂ အရ မြန်မာနိုင်ငံပြန်တမ်းမှာ ထည့်သွင်းဖို့နဲ့ သတင်းစာများမှာ ထည့်သွင်းဖို့ ဆုံးဖြတ်ကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**မန္တလေးမြို့တော်နယ်နိမိတ်အတွင်းရှိ မြို့ကွက်သစ်များ တွင် ငွေသွင်းပြေစာနှင့် မြေကွက်ချထားပေးသော (စလစ်မြေ)များအား ဂရန်အမည်ပြောင်းရာတွင် ခက်ခဲမှုဖြစ်နေခြင်း၊ ယာယီမှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် ခက်ခဲနေခြင်းနှင့် အခွန်စည်းကြပ်မှု နောက်ကြောင်းပြန် အာဏာသက်ရောက်မှုရှိခြင်း တို့အား မည်သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့် (အဖွဲ့ဝင်၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ)က မန္တလေးမြို့တော်နယ်နိမိတ်အတွင်းရှိ မြို့ကွက်သစ်များတွင် ငွေသွင်းပြေစာနှင့် မြေကွက်ချထားပေးသော (စလစ်မြေ)များအား ဂရန်အမည်ပြောင်းရာတွင် ခက်ခဲမှုဖြစ်နေခြင်း၊ ယာယီမှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် ခက်ခဲနေခြင်းနှင့် အခွန်စည်းကြပ်မှု နောက်ကြောင်းပြန် အာဏာသက်ရောက်မှုရှိခြင်းတို့အား မည်သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်တစ်ရပ်လုံးကို မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ပြည်သူတို့ရဲ့ တိုင်ကြားစာ ဆိုင်ရာကော်မတီရဲ့ တာဝန်ပေးချက်အရ ကော်မတီရဲ့ကိုယ်စား ကျွန်တော် ဒီမေးခွန်းကို မေးမြန်းတင်ပြ သွားမှာဖြစ်ပါတယ်။

မေးခွန်းမေးဖို့ ပေါ်ပေါက်လာရတဲ့အကြောင်းက ကျွန်တော်တို့ မန္တလေးမြို့တော်ရဲ့ နယ်နိမိတ်အတွင်းထဲမှာရှိတဲ့ အချင်းအရာကိစ္စအရပ် (၃) ခုနဲ့ပတ်သက်ပြီးတော့ မန္တလေးမြို့က တရားလွှတ်တော်ရှေ့နေ ဦးအောင်မြင့် အန်အယ်လ်ဒီ အပါအဝင် ရှေ့နေ (၁၃) ဦးက အမျိုးသား လွှတ်တော်ဥက္ကဋ္ဌထံကို လိပ်မူပြီးတော့ ၂၀-၁-၂၀၁၄ ရက် ရက်စွဲပါ အကြံပြုတင်ပြစာကို ကျွန်တော်တို့ အမျိုးသားလွှတ်တော် ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာ ကော်မတီက လက်ခံရရှိခဲ့ပါတယ်။ အဲဒီလို လက်ခံရရှိတဲ့အကြောင်းရဲ့ အဓိကအချက်က မန္တလေးမြို့တော် နယ်နိမိတ်အတွင်းမှာရှိတဲ့ အခက်အခဲ ဖြစ်နေတဲ့ အကြောင်းအချင်းရာ (၃) ခု ပါ ပါတယ်။

ပထမတစ်ချက်က မန္တလေးမြို့တော် နယ်နိမိတ်အတွင်းထဲမှာရှိတဲ့ စလစ်မြေ အမည် ပြောင်းခြင်း အခက်အခဲ ဖြစ်နေတဲ့ကိစ္စ၊ ဒုတိယက ယာယီမှတ်ပုံတင်အရောင်းအဝယ် စာချုပ် ချုပ် ဆိုရာမှာ အခက်အခဲ ဖြစ်နေတဲ့ကိစ္စနဲ့ တတိယက ၁၂-၈-၂၀၁၂ ရက်နေ့မတိုင်မီနဲ့ အဲဒီနေ့အထိ ချုပ်ဆိုထားတဲ့ ယာယီမှတ်ပုံတင် အရောင်းအဝယ်စာချုပ်တွေကို ၁၅ ရာခိုင်နှုန်းနဲ့သာ အခွန်စည်းကြပ် သင့်ကြောင်းကိစ္စတွေ ပါ ပါတယ်။ အဲဒီတင်ပြချက်များမှာ ပထမအချက်ဖြစ်တဲ့ စလစ်မြေ အမည်ပြောင်း ခြင်း အခက်အခဲဖြစ်နေတဲ့ကိစ္စမှာကတော့ ကျွန်တော်တို့ ယခင်တုန်းကတော့ မန္တလေး မြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိန်း ရဲ့လက်ထက်မှာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရဲ့ လုပ်ထုံးလုပ်နည်း များကို လေ့လာပြီးတော့ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်

နဲ့ စလစ်မြေတွေကို လိုအပ်တဲ့လမ်းဖိုးနဲ့ မြေကွက်ဖိုးများပေးသွင်းပြီးတော့ ဂရန်လျှောက်ထားခွင့် ပြုခဲ့ပါတယ်။ ပြည်သူလူထုအနေနဲ့လည်း ဂရန်များရရှိတဲ့အတွက်ကြောင့် အဆင်ပြေမှုရှိခဲ့ပါတယ်။

နောက် မြို့တော်ဝန်အဆက်ဆက် လက်ထက်များမှာလည်းပဲ အဲဒီစလစ်မြေတွေကို ဂရန်ပေးသင့်၊ မပေးသင့် ထပ်မံလေ့လာပြီးတဲ့နောက် ဂရန်တွေ ဆက်ပြီးတော့ပေးခဲ့တယ်လို့ သိရ ပါတယ်။ လွန်ခဲ့တဲ့ ၂၀၁၃ ခုနှစ်၊ ၁၀ လပိုင်းလောက်ကနေစပြီးတော့ ဆောင်ရွက်ဆဲ ဂရန်အမည်ပြောင်းတဲ့ အမှုတွေကို ဆက်လက်ဆောင်ရွက်ရန်မရှိကြောင်းနှင့် အမှုတွဲအသစ်များလည်း ဖွင့်လှစ်ဆောင်ရွက်ခွင့် မရှိကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြေယာဌာနက ပြောကြားလာတဲ့အတွက် ဂရန်အမှုတွဲဖွင့်လှစ်လိုလျှင် မန္တလေးတိုင်းဒေသကြီး အခွန်ဦးစီးရုံးမှာ အခွန် (၃၀) ရာခိုင်နှုန်း ပေးဆောင်ပြီးမှ ဖွင့်လှစ်ခွင့်ပြုမယ်လို့ ဖြစ်တဲ့အတွက်ကြောင့် ဆောင်ရွက်ဆဲ အမှုတွဲတွေလည်း ရပ်တန့်သွားတယ်လို့ ဆိုပါတယ်။ အဲဒီအခြေအနေတွေကြောင့် ပြည်သူလူထုအနေအထားနဲ့ အခက်အခဲများစွာဖြစ်ရတဲ့နည်းတူ နိုင်ငံတော်အနေနဲ့လည်းပဲ အခွန်ရရှိနိုင်မှု လျော့နည်းကျဆင်းမှု ဖြစ်စေတဲ့အတွက် သက်ဆိုင်ရာ အခွန်ဥပဒေ၊ ကာလစည်းကမ်းသတ်ဥပဒေများနဲ့ ညီညွတ်တဲ့အမိန့်များ၊ ညွှန်ကြားချက်များထုတ်ပြန်ပြီးတော့ အထူးကိစ္စရပ်သဖွယ် သတ်မှတ် ဆောင်ရွက်သင့်ကြောင်း အကြံပြုထားပါတယ်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြေယာဌာနနဲ့ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြေယာဌာနတို့မှာလည်းပဲ ယခုအချိန်ထိ စလစ်မြေကနေပြီးတော့ ဂရန်လျှောက်ထားခြင်းကိစ္စများကို ဆက်လက်ဆောင်ရွက်ပေးနေဆဲ ဖြစ်ကြောင်း သိရတယ်လို့ဆိုပါတယ်။ ဒါပထမကိစ္စနဲ့ပတ်သက်လို့ တင်ပြခြင်း ဖြစ်ပါတယ်။ ဒုတိယအချင်းအရာနဲ့ ပတ်သက်လို့ကတော့ ယာယီမှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုတဲ့ အခက်အခဲဖြစ်ပါတယ်။ ယာယီအရောင်းအဝယ်စာချုပ်ဆိုတာ ကျွန်တော်တို့ အိမ်တွေ၊ မြေတွေ အရောင်းအဝယ်လုပ်ပြီးတဲ့အခါမှာ ရှေးဦးစွာ ပထမဦးဆုံး ယာယီမှတ်ပုံတင်စာချုပ်ကို မှတ်ပုံတင်စာချုပ်ရုံးရဲ့ရှေ့မှောက်မှာ ချုပ်ဆိုရပါတယ်။

အဲဒီ ယာယီမှတ်ပုံတင်ကို မှတ်ပုံတင်အရာရှိရဲ့ ရှေ့မှောက်မှာ ချုပ်ဆိုပြီးတော့ ဒီစာချုပ်က အဲ့ဒီစာချုပ်ရုံးမှာပဲ ထားခဲ့ရပါတယ်။ စာချုပ်ရုံးကလည်း သိမ်းဆည်းထားပေးပါတယ်။ သက်ဆိုင်ရာ တန်ဖိုးဖြတ် အဖွဲ့များကနေပြီးတော့ ဒီအိမ်၊ ခြံ၊ မြေရဲ့ တန်ဖိုးကို တရားဝင်တန်ဖိုးဖြတ်ပြီးတဲ့အခါမှာ ကျသင့်တဲ့အခွန်နှုန်း၊ ယခင်တုန်းက မူလနှုန်းဆိုရင် သတ်မှတ်ထားတဲ့ အခွန်နှုန်းရဲ့ (၈) ရာခိုင်နှုန်း အခွန်ဆောင်ရပါတယ်။ အဲဒါကို အခွန်ဦးစီးရုံးကနေပြီးတော့ တစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်ကို ပေးသွင်းပြီးတော့ ရာပြတ်တန်ဖိုးပေါ်မှာမူတည်ပြီး နောက်ထပ် (၇) ရာခိုင်နှုန်းကတော့ တံဆိပ်ခေါင်း ဝယ်ရပါတယ်။ ဒါကြောင့် စုစုပေါင်း (၁၅) ရာခိုင်နှုန်းကို ဒီစာချုပ်တွေအတွက် အခွန်ထမ်းဆောင်ရပါတယ်။ (၈) ရာခိုင်နှုန်းက အခွန်ဖြစ်ပြီးတော့ (၇) ရာခိုင်နှုန်းက စာချုပ်ချုပ်တဲ့ တံဆိပ်ခေါင်းဖိုး ဖြစ်ပါတယ်။ အဲဒီလို ပေးသွင်းပြီးတဲ့အခါကျတော့မှ ကျွန်တော်တို့ စာချုပ်စာတမ်းရုံးက တကယ့်တရားဝင်စာချုပ် မှတ်ပုံတင်နံပါတ် RD နံပါတ် ထုတ်ပေးလိုက်ပြီးမှ ဆောင်ရွက်ရတာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ၁-၁၁-၂၀၁၃ ရက်နေ့အထိ အဲဒီလို ချုပ်ဆိုပေးခြင်း ဆောင်ရွက်ခဲ့ပြီးတော့ ၄-၁၁-၂၀၁၃ ရက်နေ့ကစပြီးတော့ ယာယီမှတ်ပုံတင် စာချုပ် ချုပ်ဆိုလို့မရတော့ဘဲနဲ့ စာချုပ်စာတမ်း မှတ်ပုံတင်အက်ဥပဒေပါ ကာလစည်းကမ်းသတ် ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီမှုမရှိ ဖြစ်စေနိုင်တဲ့အပြင်

အခွန်ပေးဆောင်ပြီးမှ စာချုပ်စာတမ်းတစ်ခုကို မှတ်ပုံတင်ပေးရမယ် ဆိုတဲ့အချက်ဟာ စာချုပ်စာတမ်း ဥပဒေကို လွှမ်းမိုးနေကြောင်း သူက တင်ပြလာပါတယ်။ ဆိုချင်တာက ကျွန်တော်တို့ စာချုပ်စာတမ်း မှတ်ပုံတင်ဥပဒေပုဒ်မ ၂၃ မှာ ကာယကံရှင်နှစ်ဦးဟာ နှစ်ဖက်သဘောတူညီချက် စာချုပ်စာတမ်း တစ်စောင် ချုပ်ဆိုပြီးပြီဆိုရင် ၄ လအတွင်း စာချုပ်စာတမ်းကို မှတ်ပုံတင်ရုံးကို တင်သွင်းရမယ်လို့ ကျွန်တော်တို့ ကာလစည်းကမ်းသတ် သတ်မှတ်ထားပါတယ်။ အခု ဒီ အခွန်ပေးဆောင်ဖို့ရာအတွက် ကျွန်တော်တို့ သက်ဆိုင်ရာအခွန်ကို ပေးဆောင်နိုင်ဖို့ဆိုရင် ကျွန်တော်တို့ တန်ဖိုးသတ်မှတ်တဲ့ အဖွဲ့အစည်းက တန်ဖိုးသတ်မှတ် ပြီးအောင်စောင့်ရမယ်ဆိုရင် ကာလစည်းကမ်းသတ် ကျော်လွန်သွား နိုင်တဲ့ အနေအထားမျိုးကို ရည်ညွှန်းပြီးတော့ တင်ပြထားတာဖြစ်ပါတယ်။

အဲဒီလိုကြောင့် ကာလတန်ဖိုး သတ်မှတ်ရေးအဖွဲ့ရဲ့ နှောင့်နှေးမှုများကြောင့် အကယ်၍များ မှတ်ပုံတင်ရန် ကာလစည်းကမ်းသတ် ကျော်လွန်သွားပါက ပြည်သူတွေရဲ့အခွင့်အရေး ဆုံးရှုံးမှု အပေါ်မှာ ဘယ်သူကတာဝန်ယူမလဲဆိုတာကို ငဲ့ညှာစဥ်းစား ပေးသင့်ကြောင်း သူက တင်ပြထားတာ ရှိပါတယ်။ နောက် တတိယ အကြောင်းချင်းရာကတော့ ၁၂-၈-၂၀၁၂ ရက်နေ့နဲ့ အဲဒီနေ့အထိ ချုပ်ဆိုထားတဲ့ ယာယီမှတ်ပုံတင် အရောင်းအဝယ်စာချုပ်တွေကို ၁၅ ရာခိုင်နှုန်းနဲ့ပဲ အခွန်စည်းကြပ် သင့်ကြောင်းနဲ့ ပတ်သက်ပြီးတော့ တင်ပြထားတာဖြစ်ပါတယ်။ အဲဒါမှာကတော့ ၁၂-၈-၂၀၀၇ ခုနှစ်၊ ၈ လပိုင်းကနေ စပြီးတော့ အမြတ်တော်ခွန် ၈ ရာခိုင်နှုန်းရယ်၊ တံဆိပ်တော်ခွန် ၇ ရာခိုင်နှုန်း၊ စုစုပေါင်း ၁၅ ရာခိုင်နှုန်းကို နေပြည်တော်၊ ရန်ကုန်နဲ့ မန္တလေးမြို့များမှာ ပြဋ္ဌာန်းအကျုံးဝင်စေခဲ့ပြီးတော့ တခြား ပြည်နယ်နဲ့ တိုင်းဒေသကြီးမှာကတော့ အခွန် ၁၀ ရာခိုင်နှုန်းနဲ့ တံဆိပ်ခေါင်းခွန် ၅ ရာခိုင်နှုန်း၊ စုစုပေါင်း ၁၅ ရာခိုင်နှုန်းပြဋ္ဌာန်းခဲ့ပါတယ်။ ဒါ ၂၀၀၇ ခုနှစ်ကနေပြီးတော့ ၂၀၁၂ ခုနှစ်အထိ ဖြစ်ပါတယ်။

ဒါပေမယ့်လို့ ၁၂-၈-၂၀၁၂ ရက်နေ့ နောက်ပိုင်းမှာကတော့ အခွန်နဲ့ တံဆိပ်ခေါင်းခွန်ကို (၃၅) ရာခိုင်နှုန်း ပြောင်းလဲပြီးတော့ သတ်မှတ်လိုက်ပါတယ်။ အဲဒီတော့ ဘဏ္ဍာရေးနဲ့ အခွန်ဝန်ကြီး ဌာနရဲ့ ပြည်တွင်းအခွန်များဦးစီးဌာန ဝင်ငွေခွန်ဌာနခွဲရဲ့ ၁၀-၈-၂၀၁၂ ရက်စွဲပါ စာအမှတ် ပတခ/ နပတ/စီမံချက်/၂၀၁၂(၆၉၇) မှာ ဘယ်လိုညွှန်ကြားထားလဲဆိုတော့ ပြည်တွင်းအခွန်များဦးစီးဌာနက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိတဲ့ ကာလတန်ဖိုးစစ်ဆေး သတ်မှတ်ရေးအဖွဲ့အနေနဲ့ ၁၁-၈-၂၀၁၂ နေ့မတိုင်မီ ကာလတန်ဖိုး စိစစ်သတ်မှတ်ခြင်းအပေါ် အမိန့်ကြော်ငြာစာအမှတ် ၁၃၅/၂၀၀၇ အရ ဆောင်ရွက်ပေးရမယ်။ ဆိုလိုတာက (၁၅) ရာခိုင်နှုန်းပဲကောက်ရမယ်လို့ ညွှန်ကြားထားခဲ့တဲ့ ညွှန်ကြားချက်ဖြစ်ပါတယ်။ ဒါပေမယ့်လို့ ၁၁-၈-၂၀၁၂ ရက်နေ့ရဲ့ နောက်ပိုင်းကာလများမှာတော့ ဘဏ္ဍာရေးနဲ့ အခွန်ဝန်ကြီးဌာန ရဲ့ ၁၅-၃-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၁၁/၂၀၁၂ အရ ဝင်ငွေရလမ်း မဖော်ပြနိုင်တဲ့ ဝင်ငွေခွန်အပေါ် (၃၀) ရာခိုင်နှုန်းနဲ့ ဝင်ငွေစည်းကြပ်ရမယ်လို့ နေပြည်တော် စည်ပင်သာယာရေးနယ်နိမိတ်၊ ရန်ကုန်တိုင်းဒေသကြီး နဲ့ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေး နယ်နိမိတ်များအတွက် ကာလတန်ဖိုး စိစစ်သတ်မှတ်ခြင်းအပေါ်မှာ တံဆိပ်ခေါင်း အခွန် (၇) ရာခိုင်နှုန်း၊ ကျန်တဲ့ တိုင်းနဲ့ ပြည်နယ်မှာရှိတဲ့ မြို့ကြီးများကိုတော့ တံဆိပ်ခေါင်းခွန် (၅) ရာခိုင်နှုန်း သတ်မှတ်မယ်လို့ ပြောင်းလဲပြီးတော့ ညွှန်ကြားလိုက်ပါတယ်။

အဲဒီလိုဖြစ်တဲ့အတွက်ကြောင့် အခုဖြစ်တဲ့ ပြဿနာက ၁၂-၈-၂၀၁၂ ရက်နေ့အထိနဲ့ အဲဒီနေ့မတိုင်မီက ချုပ်ဆိုထားတဲ့ ယာယီမှတ်ပုံတင်စာချုပ်တွေကို အခုချိန်ကျမှ သတ်မှတ်လိုက်တဲ့ တန်ဖိုးဖြတ်စုံနှုန်းနဲ့ (၁၅) ရာခိုင်နှုန်းပဲ စည်းကြပ်သင့်တဲ့နေရာမှာ အခု ၃၇ ရာခိုင်နှုန်းနဲ့ စည်းကြပ်နေတဲ့ အတွက်ကြောင့် ဒီအခြေအနေမှာ (၁၅) ရာခိုင်နှုန်းနဲ့သာ အခွန်ထမ်းဆောင်ရန် အကျုံးဝင်တဲ့ (၆) ဦး ကော်မတီရဲ့ တန်ဖိုးဖြတ်ပြီးသားကိစ္စတွေမှာ အခု လောလောဆယ်ဆောင်ရွက်နေတာတွေက အမျိုးမျိုး ဖြစ်နေကြောင်း တင်ပြထားပါတယ်။ ပထမ တစ်မျိုးက တစ်ချို့ မြို့နယ်တွေမှာ ဒီယာယီမှတ်ပုံတင်ကို ကျွန်တော်တို့ တရားဝင်မှတ်ပုံတင်လုပ်ဖို့ သွားတင်ပြတဲ့အခါမှာ မန္တလေးမြို့တော် စည်ပင်သာယာ နယ်နိမိတ်အတွင်းထဲမှာရှိတဲ့ တချို့မြို့နယ်တွေမှာကျတော့ အခွန်ဦးစီးဌာနက အခွန်ငွေ ၈ ရာခိုင်နှုန်း ကို လက်ခံပြီးတော့ ဘဏ်ကို သွင်းပေးတယ်။ (ဝင-၈) စာရွက်လည်းထုတ်ပေးတယ်။ နောက် (၇) ရာခိုင်နှုန်းဖြစ်တဲ့ တံဆိပ်ခေါင်းလည်း ရောင်းပေးတယ်။ ဒါ တချို့ အခွန်ဦးစီးရုံးတွေက အဲ့ဒီလို လုပ်ပေးတယ်။ တချို့ ဒီမြို့နယ်ရဲ့ အခွန်ဦးစီးရုံးတွေကျတော့ အခွန်ငွေ (၈) ရာခိုင်နှုန်းကို ဘဏ်ကို သွင်းပေးတယ်။ (ဝင-၈) စာရွက်လည်းထုတ်ပေးတယ်။ ဒါပေမဲ့ တံဆိပ်ခေါင်းရောင်းမပေးဘူး။ တစ်ခါ တစ်ချို့မြို့နယ်တွေကျတော့ အခွန် (၈) ရာခိုင်နှုန်းကို ဘဏ်ကိုပေးသွင်းပေးတယ်။ ဒါပေမယ့်လို့ ပေးရမယ့် (ဝင-၈) စာတမ်းကိုတော့ ထုတ်မပေးတော့ဘူး။ တစ်ခါ တချို့ အခွန်ဦးစီးရုံးတွေကျတော့ (၈) ရာခိုင်နှုန်းအခွန်ကို မြန်မာ့စီးပွားရေးဘဏ်ကို လက်ခံပေးခြင်းမရှိဘူး။ တစ်မြို့နယ်မှာ တစ်မျိုးစီ အဲဒီလို အမျိုးမျိုးဖြစ်နေကြောင်း တင်ပြထားပါတယ်။

ဒါကြောင့်မို့လို့ အဲဒီလို အမျိုးမျိုးဖြစ်နေတဲ့ အတွက် ၁၂-၈-၂၀၁၂ ရက်နေ့နဲ့ အဲဒီနေ့ မတိုင်မီ တန်ဖိုးသတ်မှတ်ထားတဲ့ ယာယီစာချုပ်ချုပ်ဆိုထားပြီး ကိစ္စများမှာ ၁၅ ရာခိုင်နှုန်းအစား နောက်မှ အတည်ပြုသတ်မှတ်ထားတဲ့နှုန်းနဲ့ ကောက်ခံဆောင်ရွက်စေခြင်းဟာ နောက်ကြောင်းပြန် အာဏာသက်ရောက်ရာ ရောက်/မရောက်နဲ့ အမိန့်ညွှန်ကြားချက်များက မူရင်းဥပဒေ ပြဋ္ဌာန်းချက် များထက် မြင့်နေတဲ့သဘော သက်ရောက်ခြင်း ရှိ/မရှိ ကိုစိစစ်ရန် လိုအပ်နေတယ်လို့ အကြံပြု တင်ပြထားတာဖြစ်ပါတယ်။ ဒီအကြံပြုတင်ပြထားချက်များဟာ အများ ပြည်သူရဲ့အကျိုး၊ နိုင်ငံတော်က အခွန်ငွေ မှန်ကန်စွာကောက်ခံရရှိရေးအကျိုးနဲ့ ဥပဒေလုပ်ထုံး လုပ်နည်းနဲ့ညီညွတ်တဲ့ စီမံခန့်ခွဲမှုများ ဖြစ်စေခြင်းနဲ့ တရားဥပဒေစိုးမိုးမှုကို အထောက်အကူပြုစေခြင်းအကျိုးတို့ ရရှိနိုင်မှာဖြစ်ကြောင်း သုံးသပ်ရတဲ့အတွက်ကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါအတိုင်း မေးခွန်း မေးလိုပါတယ်-

(က) မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့တော်နယ်နိမိတ် အတွင်းရှိ မြို့ကွက်သစ်များတွင် ငွေသွင်းပြေစာနှင့် မြေကွက်ချထားပေးသော စလစ်မြေများအား ဂရန်အမည်ပြောင်းရာတွင် ခက်ခဲမှု ဖြစ်နေခြင်းအား ကုစားရန် အစီအစဥ်ရှိ/မရှိ နဲ့ အစီအစဥ်ရှိပါက မည်သို့ စီစဥ်ထားရှိ ဆောင်ရွက်မည်။

(ခ) ယာယီမှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် ခက်ခဲနေခြင်းအား ယခင်က ကဲ့သို့ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် မည်သို့ပြန်လည် သုံးသပ်မည်။

(ဂ) ၁၂-၈-၂၀၁၂ ရက်နေ့နှင့် ယင်းနေ့မတိုင်မီ ချုပ်ဆိုထားတဲ့ ယာယီမှတ်ပုံတင် စာချုပ်များအပေါ် ၁၅ ရာခိုင်နှုန်း အခွန်စည်းကြပ်ရမည့်အစား ၁၂-၈-၂၀၁၂ ရက်နေ့ နောက်ပိုင်းတွင် ပြောင်းလဲသတ်မှတ်တဲ့ အခွန် ၃၇ ရာခိုင်နှုန်းနဲ့ စည်းကြပ်နေခြင်းတို့အား ဥပဒေနှင့်အညီ ပြင်ဆင် စိစစ်ကောက်ခံရန် အစီအစဥ် ရှိ/မရှိနဲ့ အစီအစဥ်ရှိပါက မည်ကဲ့သို့ စီစဥ်ဆောင်ရွက် ထားသည်ကို

သိရှိလိုပါကြောင်း နိုင်ငံတော်ရဲ့ အခွန်ငွေမှန်ကန်စွာ ရရှိရေးနှင့် အခွန်ထမ်းပြည်သူများ နစ်နာမှု မရှိစေရေး အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၄)၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၆။**

**ဦးအောင်သိမ်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန(၄))**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ် ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော် သမ္မတရုံးဝန်ကြီးဌာန (၄)မှ ဒုတိယဝန်ကြီး ဦးအောင်သိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့် မေးမြန်းခဲ့တဲ့ မေးခွန်းနဲ့ပတ်သက်ပြီး မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။

စလစ်မြေအား အမည်ပေါက်သူမှ ဂရန်ပြုလုပ်ပါက မည်သည့်အခွန်မျှပေးဆောင်ရန် မလိုအပ်သော်လည်း စလစ်မြေအား ရောင်းဝယ်မှုများပြုလုပ်ပြီး ဝယ်သူအမည်ဖြင့် ဂရန်အမည်ပေါက် လျှောက်ထားလာပါက အခွန် ပေးဆောင်ရမည်ဖြစ်ရာ နည်းလမ်းတကျဖြင့် အခွန်ပေးဆောင်ပြီးပါက ဂရန်အမည်ပေါက်အတွက် ခက်ခဲမှုမရှိနိုင်ပါ။ အဆိုပါဂရန်ကို ထပ်ဆင့်လွှဲပြောင်း ရောင်းချပြီးတော့ အမည်ပြောင်းပြုလုပ်ပါက ထိုလွှဲပြောင်းမှုအတွက် တရားဝင်နည်းလမ်းဖြင့် လွှဲပြောင်းထားပါက ဂရန်အမည်ပြောင်းရန် ခက်ခဲမှု မဖြစ်နိုင်ပါ။ တံဆိပ်ခေါင်းခွန်၊ ဝင်ငွေခွန်များကို နည်းလမ်းတကျ ပေးဆောင်ခြင်းမရှိသော ဂရန်အမည်ပြောင်းသူများတွင်သာ နည်းလမ်းတကျ ဖြစ်စေသည်အထိ ကြန့်ကြာနိုင်တဲ့အတွက်ကြောင့် အခက်အခဲ ရှိနိုင်မည် ဖြစ်ပါတယ်။ စလစ်မြေများ ရောင်းဝယ်မှုနဲ့ ပတ်သက်ပြီးတော့ လုပ်ထုံး လုပ်နည်းနဲ့ မညီဘဲနဲ့ ဆောင်ရွက်မှုများအား စိစစ်ဖော်ထုတ်ခဲ့ရပါတယ်။

ထိုသို့နည်းလမ်းတကျ ဆောင်ရွက်မှုမရှိတဲ့အတွက်ကြောင့် စိစစ်ဖော်ထုတ်နေစဉ်အတွင်း အမည်ပြောင်းခြင်း၊ ရောင်းဝယ်မှုစာချုပ်များ နှောင့်နှေးခဲ့ရမှုများလည်း ရှိနိုင်ခဲ့ပါတယ်။ ယာယီမှတ်ပုံတင် ရောင်းဝယ်ရန် စာချုပ် ချုပ်ဆိုရန် ခက်ခဲနေခြင်းနဲ့ ပတ်သက်ပြီးတော့ ယာယီ မှတ်ပုံတင် ရောင်းဝယ်ရန်စာချုပ် ဆိုသည်မှာ ရောင်းဝယ်သူ နှစ်ဦး သဘောတူစာချုပ် ချုပ်ပြီးတဲ့နောက် မှတ်ပုံတင်ရန် ရုံးသို့ တင်သွင်းတဲ့အခါ တန်ဖိုးသတ်မှတ်ရန် စိစစ်ဆဲကာလအတွင်း ယာယီနံပါတ် ပေးပြီးတော့ လက်ခံထားခြင်းသာ ဖြစ်ပါတယ်။ အဆိုပါ ယာယီမှတ်ပုံတင်စာချုပ်သည် အပြီးသတ် တရားဝင်စာချုပ် မဖြစ်သေးသော်လည်းပဲ မှတ်ပုံတင်စာချုပ်အဖြစ် သတ်မှတ်ပြီးတော့ တရားဝင် သဖွယ် ဆောင်ရွက်နေမှုကြောင့် ၁-၁၁-၂၀၁၃ ရက်နေ့ကစပြီးတော့ မန္တလေးတိုင်းဒေသကြီးအစိုးရမှ ယာယီမှတ်ပုံတင် စာချုပ်ချုပ်ဆိုခြင်းလုပ်ငန်းကို မပြုလုပ်တော့ဘဲ ရပ်ဆိုင်းထားရန် ညွှန်ကြားသဖြင့်

အဆိုပါနေ့ရက်နောက်ပိုင်းမှာ ယာယီမှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် လက်ခံဆောင်ရွက်ခြင်း မပြုတော့ခြင်းသာဖြစ်ပါတယ်။

၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုရဲ့ အခွန်အကောက်ဥပဒေမပြဋ္ဌာန်းမီ မန္တလေးမြို့ပေါ်မှာ ဝင်ငွေခွန် ၈ ရာခိုင်နှုန်းနဲ့ တံဆိပ်ခေါင်းခွန် (၇) ရာခိုင်နှုန်း ထမ်းဆောင်ခွင့်ပြုရန်အတွက် တင်ပြသူများအနေနဲ့ ဝင်ငွေခွန် (၃၀) ရာခိုင်နှုန်းနဲ့ တံဆိပ်ခေါင်းခွန် (၇) ရာခိုင်နှုန်း စည်းကြပ်ကောက်ခံခြင်းမှာ အခွန်စည်းကြပ်မှု နောက်ကြောင်းပြန် အာဏာသက်ရောက်မှု ရှိနေခြင်းဖြစ်ကြောင်း တင်ပြရခြင်း ဖြစ်ပါတယ်။ ယခုအခါမှာ ၁-၄-၂၀၁၄ ရက်နေ့တွင် စတင်အကျိုးသက်ရောက်တဲ့ ၂၀၁၄ခုနှစ် ပြည်ထောင်စုရဲ့ အခွန်အကောက်ဥပဒေ ပုဒ်မ ၂၆ အရ နိုင်ငံသားတစ်ဦးလျှင် တစ်ကြိမ်သာ ခံစားခွင့်ရှိသော အခွန်သက်သာခွင့်ကို ခံစားနိုင်မည်ဖြစ်ပါတယ်။ ယင်းဥပဒေပြဋ္ဌာန်းချက်အရ အခြေခံပစ္စည်း ဖြစ်တဲ့ အိမ်၊ ခြံ၊ မြေနဲ့ အဆောက်အအုံ၊ ယင်းတို့ရဲ့ အခန်းများနဲ့ ယာဉ် စသည်တို့ ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်းတို့အတွက် အခွန်သက်သာခွင့်ကို အောက်ပါအတိုင်း ခံစားရပါမယ်။ တစ်ကျပ်က နေပြီးတော့ သိန်း (၅၀၀) ထိ (၃) ရာခိုင်နှုန်း၊ သိန်း(၅၀၀) မှ သိန်း(၁၅၀၀)အထိ (၁၀) ရာခိုင်နှုန်း၊ သိန်း (၁၅၀၀) မှ သိန်း(၃၀၀၀)ထိ (၂၀) ရာခိုင်နှုန်း၊ သိန်း (၃၀၀၀)ကျပ် နှင့်အထက်က (၃၀) ရာခိုင်နှုန်း၊ ထို့ပြင် တံဆိပ်ခေါင်းခွန် ထမ်းဆောင်ရန်လည်း သက်သာခွင့်ကို ၂၈-၃-၂၀၁၄ ရက်နေ့မှာ စတင်ခံစားရပါတယ်။

မန္တလေးတိုင်းဒေသအတွင်း မရွှေ့မပြောင်းနိုင်သော ပစ္စည်းများလွှဲပြောင်းရောင်းချခြင်း၊ စာအုပ်၊ စာတမ်းများ ချုပ်ဆိုရာမှာ ပစ္စည်းတန်ဖိုးပေါ်မှာ (၅) ရာခိုင်နှုန်း၊ တံဆိပ်ခေါင်းခွန် ထမ်းဆောင်ရန် သက်သာခွင့်ရရှိပါတယ်။ ယခင် တံဆိပ်ခေါင်းခွန် (၇) ရာခိုင်နှုန်း ထမ်းဆောင်ခဲ့ကြရတဲ့ အတွက်ကြောင့် တံဆိပ်ခေါင်းခွန် (၂) ရာခိုင်နှုန်း သက်သာခွင့် ခံစားကြရမှာဖြစ်ပါတယ်။ ထို့ကြောင့် အခွန်စည်းကြပ်မှု နောက်ကြောင်းပြန် အာဏာသက်ရောက်ခြင်းမှု ရှိခြင်းကို ဥပဒေပြဋ္ဌာန်းချက်အရ ပြေလည်အောင် ဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၀။**

**ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ နောက်ဆက်တွဲမေးခွန်းလေး တစ်ခုမေးချင်ပါတယ်။ အဲဒါက အခု ဝန်ကြီးဖြေကြားသွားတဲ့အတွက် ပြည့်ပြည့်စုံစုံလေး ဖြေကြားသွားတာ ကျေးဇူးတင်ပါတယ်။ ဒါပေမယ်လို့ ကျွန်တော်တို့ မေးခွန်းရဲ့ အပိုဒ် (က) ဖြစ်တဲ့ မန္တလေးတိုင်း နယ်နိမိတ်အတွင်းထဲမှာ စလစ်မြေ ဂရန်အမည်ပြောင်းတာ ခက်ခဲတဲ့ကိစ္စမှာ ယခု ဝန်ကြီး ဖြေသွားတာက နည်းလမ်းတကျ ပေးဆောင်ခြင်း ရှိရင်ရတယ်။ နည်းလမ်းတကျ ပေးဆောင်ခြင်းမရှိလို့ ကြန့်ကြာတာလို့ဖြေပါတယ်။

အဲဒီတော့ ကျွန်တော်သိချင်တာက နည်းလမ်းတကျပေးဆောင်ခြင်းဆိုတာဟာ အခုနက ကျွန်တော် တင်ပြခဲ့သလို ပေးရမယ့်အခွန်ဟာ ယခင်တုန်းက သူနဲ့သက်ဆိုင်တဲ့နှစ်က နှုန်းထားအတိုင်း မဟုတ်ဘဲ နောက်ထပ် နှုန်းထားအသစ်နဲ့ ပေးခိုင်းနေတဲ့အတွက်ကြောင့် ဒီပြဿနာပေါ်ပေါက်နေတာ ဖြစ်တဲ့အတွက် အဲဒီအပေါ်မှာ ဘယ်လိုစဉ်းစားပါသလဲဆိုတာလေး ကျွန်တော်သိချင်ပါတယ်။ တစ်ဆက်တည်းမှာပဲ အခု ကျွန်တော်တို့ လွှတ်တော်ကနေပြီးတော့ ၂၀၁၄ ခုနှစ်မှာ ကျွန်တော်တို့

ဥပဒေပြဋ္ဌာန်းပေးလိုက်တာ ကျွန်တော်တို့ သိပါတယ်။ အဲဒီမှာ အခွန်တွေလည်း လျှော့ပေါ့ပေးထားပါတယ်။ အဲဒီတော့ ကျွန်တော် သိချင်တာက ၂၀၁၄ ခုနှစ်၊ ခုမှ ပြဋ္ဌာန်းလိုက်တဲ့ဥပဒေနဲ့ ၂၀၁၇ ခုနှစ်၊ ကတည်းက အရင်ကရောင်းထားတဲ့ အရောင်းအဝယ်ဥပဒေအပေါ်မှာရော နောက်ကြောင်းပြန်ပြီးတော့ လွှမ်းမိုးသက်ရောက်ပါသလား၊ အဲဒီလို လွှမ်းမိုးသက်ရောက်ကာ ရောက်မသွားနိုင်ဘူးလား။ ဆိုတာ သိချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အခုကတော့ ဒုတိယဝန်ကြီးက မန္တလေးတိုင်း ကိုယ်စား ဖြေရတာဆိုတော့ Supplementary Question) နောက်ဆက်တွဲမေးခွန်း ဖြေဖို့ခက်ပါလိမ့်မယ်။ အဲဒီတော့ ဦးအောင်ကြည်ညွန့်က အဲဒါလေးစာနဲ့ ရေးပေးလိုက်။

**ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ ဟုတ်ကဲ့။

**ဥက္ကဋ္ဌ**။ ။ ရေးပေးပြီးလို့ရှိရင် သမ္မတရုံးဝန်ကြီးကိုပို့ပေးမယ်၊ အဲဒါလေးပြန် ဖြည့်ပေးပါ။

**ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ကျေးဇူးတင်ပါတယ်။

**နမ့်တောင်ဆည်ကို ဆည်မြောင်းဦးစီးဌာနမှ ထိန်းသိမ်းသောဆည်အဖြစ် ပြန်လည်သိမ်းသွင်းရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းကျော်ဇောသန်းက နမ့်တောင်ဆည်ကို ဆည်မြောင်းဦးစီးဌာနမှ ထိန်းသိမ်းထားသောဆည်အဖြစ် ပြန်လည်သိမ်းသွင်းရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၂။**

**ဦးစိုင်းကျော်ဇောသန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ မဲဆန္ဒရှင်များကိုယ်စား လွိုင်လင်ခရိုင်၊ လဲချားမြို့နယ်ရှိ နမ့်တောင်ရေလွှဲဆည်ကို ရေလွှဲဦးစီးဌာနမှ ထိန်းသိမ်းသောဆည်အဖြစ် ပြန်လည် သိမ်းသွင်းရန်အစီအစဉ် ရှိ၊ မရှိ မေးမြန်းသွားမှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လဲချားမြို့ရဲ့အနောက်တောင်ဘက်မှာတည်ရှိတဲ့ နမ့်တောင်ရေလွှဲဆည်ဟာ ကွန်ကရစ်ရေလွှဲဆည်ဖြစ်ပြီး အလျား (၄၁) ပေ၊ အကျယ် (၆၀) ပေ၊ အမြင့် (၃) ပေရှိတဲ့ ဆည်မြောင်းဦးစီးဌာနက ၁၉၇၉-၁၉၈၀ ခုနှစ်က တည်ဆောက်ခဲ့တဲ့ ဆည်ဖြစ်ပါတယ်။ ဒီလုပ်ငန်းရဲ့သဘာဝအရ ဆည်ကို ဆည်မြောင်းဦးစီးဌာနက တည်ဆောက်ပေးပြီး သက်ဆိုင်ရာ တောင်သူများထံ အပ်နှံရတဲ့ လုပ်ငန်းဖြစ်ပါတယ်။ တောင်သူများက မိမိတို့ဘာသာ ထိန်းသိမ်း စောင့်ရှောက်ရပါမယ်။ သို့သော်လည်းပဲ အကြီးစားပြင်ဆင်မှုမျိုးကိုတော့ ဆည်မြောင်းဦးစီးဌာနရဲ့ ရန်ပုံငွေနဲ့ ပြင်ဆင်ပေးရတာ တွေ့မြင်ရပါတယ်။ အသေးစားပြုပြင်ခြင်းကို သက်ဆိုင်ရာတောင်သူများက ဆောင်ရွက်ပါတယ်။ တောင်သူများအနေနဲ့ ဆည်ကိုစောင့်ရှောက်ရာမှာ အင်ဂျင်နီယာ အသိအမြင်

နည်းပါးခြင်း၊ ငွေကုန်ကြေးကျမတတ်နိုင်ခြင်း၊ ရေပေးဝေမှု မမျှတခြင်းစတဲ့ အခက်အခဲတွေ တွေ့ကြုံရတဲ့ အတွက် ဒီဆည်ကိုဆည်မြောင်းဦးစီးဌာနက ပြန်လည် ကြီးကြပ်ထိန်းသိမ်းပေးဖို့ လိုလားနေကြပါတယ်။ ဆည်တည်ဆောက်ထားပုံမှာ ကောင်းမွန်သေသပ်တဲ့အတွက် ကာလ (၃၆)နှစ်ကြာပြီဖြစ်သော်လည်း ပြုပြင်မရအောင် ပျက်စီးသွားခြင်းမရှိပဲ ယခုထိတိုင် ကောင်းမွန်စွာ တည်ရှိလျက်ရှိပါတယ်။ ဒါကြောင့် ထိန်းသိမ်းဖို့ အားနည်းခြင်းကြောင့် ဒီဆည်ပျက်စီးသွားမှာကို တောင်သူများက စိုးရိမ်စိတ်ကြီး ကြီးမားနေကြတဲ့အတွက် ဒီဆည်ကို ရေရှည်တည်မြဲသွားရန် ဆည်မြောင်းဦးစီးဌာနက ထိန်းသိမ်းပေးစေ လိုတဲ့ ဆန္ဒရှိကြခြင်းဖြစ်ပါတယ်။

ဆည်ရဲ့တူးမြောင်းအလျားမှာ (၂၀၉၀၀) ပေရှိပြီး (၄) မိုင်ခန့် ရှည်ပါတယ်။ စိစစ်ပြီး ရေသောက်ဧရိယာဟာ (၈၀၀) ဧက ဖြစ်ပါတယ်။ မူလခန့်မှန်းခြေက ၂၀၀၀ ဧက ရှိတဲ့အတွက် ဆည်မြောင်းဦးစီးဌာနက ပြန်လည်ထိန်းသိမ်းမယ်ဆိုရင် ရေပေးဝေနိုင်တဲ့ဧရိယာဟာ ပိုမိုများပြားတိုးတက် လာမှာ ဖြစ်တယ်လို့ ယူဆရပါတယ်။

ဒါကြောင့်မို့လို့ ဆည်မြောင်းဦးစီးဌာနရဲ့ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများကို ဖြေလျော့ပြီးတောင်သူများရဲ့ အကျိုးအတွက် နမ့်တောင်ဆည်ကို ဌာနက ထိန်းသိမ်းပေးပါမည့် အကြောင်း တင်ပြရင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနသို့ အောက်ပါမေးခွန်းကို လေးစားစွာ မေးမြန်းအပ်ပါတယ်။ မေးခွန်းကတော့ နမ့်တောင်ဆည်ကို ဆည်မြောင်းဦးစီးဌာနမှ ထိန်းသိမ်းသောဆည်အဖြစ် ပြန်လည်ထိန်းသိမ်းရန်အစီအစဉ် ရှိ၊ မရှိဆိုတာကို သိရှိလိုပါတယ်ခင်ဗျား။ ကျေးဇူးအထူးတင် ရှိပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၅။**

**ဦးခင်ဇော် (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးခင်ဇော် ဖြစ်ပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်း အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းကျော်ဇောသန်း ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ပြန်လည်ရှင်းလင်း ဖြေကြားသွား မှာဖြစ်ပါတယ်။ နမ့်တောင်ရေလွှဲဆည်ဟာ ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင်၊ လဲချားမြို့နယ် အနောက်တောင်ဘက် နမ့်တောင်ချောင်းပေါ်တွင် ၁၉၇၉-၁၉၈၀ ခုနှစ်၊ ဘဏ္ဍာရေးနှစ်က ဆည်မြောင်းဝန်ကြီးဌာနမှ တည်ဆောက်ခဲ့ပြီး ဒေသမှထိန်းသိမ်းထားသော ရေလွှဲဆည် ဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်အစိုးရငွေလုံးငွေရင်း ရန်ပုံငွေဖြင့် နမ့်တောင်ရေလွှဲဆည် ပြန်လည်ပြုပြင်ရေးလုပ်ငန်းအား ဆောင်ရွက်ခဲ့ပါတယ်။ တူးမြောင်းအရှည် (၂၀၉၀၀) ပေကို မြောင်းပုံစံကျ

သဲနှုန်းတူးဖော်ခြင်း၊ ရေတံခါးရှက်များပြုပြင်ခြင်းနှင့် တူးမြောင်းအဆောက်အဦ (၁၅) ခုကို ပြုပြင်တည်ဆောက်ခဲ့ပါတယ်။

တစ်ဆက်တည်းမှာနမ့်တောင်ဆည်ရဲ့ အောက်ဘက်မှာရှိတဲ့သရက် ကျောက်ဖြည့်ရေလွှဲဆည် (၄)ခုကိုလည်း တစ်ပြိုင်တည်း တည်ဆောက်ပေးခဲ့ပါတယ်။ ၎င်းလုပ်ငန်းများအားလုံးကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ နမ့်တောင်ချောင်း တစ်လျှောက်မှာ မူလက လယ်ယာမြေ (၇၅၀) ဧကခန့် စိုက်ပျိုးရေပေးဝေလျက်ရှိပြီး အခုလိုပြုပြင်ပေးလိုက်တဲ့ အတွက်ကြောင့် နောက်ထပ် မြေဧရိယာ (၅၀) ဧကခန့်ကို ထပ်တိုးပြီးတော့ ရေပေးဝေနိုင်ခဲ့ပါတယ်။ ထို့အပြင် လဲချားမြို့သောက်သုံးရေအတွက်ကိုလည်း အသုံးပြုနိုင်မှာဖြစ်ပါတယ်။ အဆိုပါ နမ့်တောင် ရေလွှဲဆည်ဟာ ဒေသမှထိန်းသိမ်းထားသော ဆည်ဖြစ်၍ ပြုပြင်တည်ဆောက်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီး နောက် ကျေးရွာ ဆည်ကော်မတီသို့ လွှဲပြောင်းအပ်နှံသွားမည်ဖြစ်ပါတယ်။

ဆည်မြောင်းဦးစီးဌာနအနေဖြင့် ပြန်လည်ထိန်းသိမ်းရန်အစီအစဉ်မရှိပါကြောင်းနှင့် ကျွမ်းကျင် မှုဆိုင်ရာအကူအညီများကိုသာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု၌ ပြည်ထောင်စု လွှတ်တော်က မဲခွဲဆုံးဖြတ် အတည်ပြုထားသော နိုင်ငံသား၊ နိုင်ငံခြားသား ပါဝင်မှုအချိုးသည် မူလဥပဒေပြဋ္ဌာန်းချက်ထက် ကျော်လွန်နေသည့် အမိန့်နှင့် ညွှန်ကြားချက် များအား မည်ကဲ့သို့ ပြန်လည်ထုတ်ပြန်သွားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ က နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု၌ ပြည်ထောင်စု လွှတ်တော်က မဲခွဲဆုံးဖြတ် အတည်ပြုထားသော နိုင်ငံသား၊ နိုင်ငံခြားသား ပါဝင်မှုအချိုးသည် မူလဥပဒေပြဋ္ဌာန်းချက်ထက် ကျော်လွန်နေသည့် အမိန့်နှင့် ညွှန်ကြားချက်များအား မည်ကဲ့သို့ ပြန်လည်ထုတ်ပြန်သွားမည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၈။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များ ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံတော်မူကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီးအမှတ်(၁၂)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တင်ပြမေးမြန်းလိုတဲ့မေးခွန်းကတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၌ ပြည်ထောင်စုလွှတ်တော်က မဲခွဲဆုံးဖြတ် အတည်ပြုထားသော နိုင်ငံသား၊ နိုင်ငံခြားသား ပါဝင်မှုအချိုးသည် မူလဥပဒေ ပြဋ္ဌာန်းချက်ထက် ကျော်လွန်နေသည့် အမိန့်နှင့် ညွှန်ကြားချက်များအား မည်ကဲ့သို့ ပြန်လည်ထုတ်ပြန်သွားမည်ကို သိရှိ လိုပါကြောင်းဟူ၍ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြီးခဲ့တဲ့ အဋ္ဌမအကြိမ်လွှတ်တော်မှာ ကန့်သတ်တားမြစ်ထားသော စီးပွားရေးလုပ်ငန်းများကို နိုင်ငံသားနှင့် နိုင်ငံခြားသားတွေဖက်စပ် လုပ်ကိုင်မယ်ဆိုရင် မတည်ရင်းနှီးငွေအချိုးဟာ စုစုပေါင်းရင်းနှီးမြှုပ်နှံမှု (၈၀) ရာခိုင်နှုန်းထက် မကျော်ရဆိုတဲ့ ထောက်ခံမဲ အများစုနဲ့ အတည်ပြုခဲ့တာဖြစ်ပါတယ်။ ဒီအတည်ပြုချက်အတိုင်းပဲ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနရဲ့ ၃၁-၁-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၁၃ စာမျက်နှာ (၅)၊ အမှတ်စဉ်(၂၀) မှာလည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအား (၈၀) ရာခိုင်နှုန်းထက် မကျော်လွန်စေရလို့ ပါရှိပြီးဖြစ်ပါတယ်။ သို့သော်လည်း အဲဒီစာပိုဒ်မှာပဲ တစ်ဆက်တည်း ဤသတ်မှတ်ချက်ကို ကော်မရှင်သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ပြင်ဆင်သတ်မှတ်နိုင်သည်ဟု ပါရှိခဲ့ပါတယ်။ ဒီစာပိုဒ်ဟာ မူလ ၂၀၊ ၈၀ ကို ပြင်ဆင်နိုင်တယ်ဆိုတဲ့ သဘောသက်ရောက်ပါတယ်။

မူလမဲခွဲဆုံးဖြတ်ချက် (၂၀) ရာခိုင်နှုန်း၊ (၈၀) ရာခိုင်နှုန်းဆိုသည်ကို ကျော်လွန်၍ သတ်မှတ်ရန် မသင့်ဘူးလို့ ကျွန်တော့်အနေနဲ့ တင်ပြဆွေးနွေးလိုပါတယ်။ ဥပမာအားဖြင့် နိုင်ငံသားက ၁၉၊ နိုင်ငံခြားသားက ၈၁ ဆိုပြီးတော့ ပြောင်းလဲသတ်မှတ်မယ်ဆိုရင်တော့ ဒါ မရဘူး။ သို့သော် နိုင်ငံခြားက ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုက (၈၀) ရာခိုင်နှုန်းထိ လက်ခံနိုင်သည်ဖြစ်၍ (၈၀) ရာခိုင်နှုန်းထက် လျော့ပြီးတော့ အမိန့်ထုတ် ကန့်သတ်ဖို့ မသင့်ဘူးလို့ ကျွန်တော့်အနေနဲ့ ထင်မြင်ယူဆပါတယ်။ ဆိုလိုသည်မှာ (၈၀) ရာခိုင်နှုန်းထက် မကျော်ဖို့သာ လိုပြီးတော့ ၈၀ ရာခိုင်နှုန်းထက်လျော့နည်းပြီးတော့ အမိန့်နှင့်ညွှန်ကြားချက်ထုတ်ပြီးတော့ ကန့်သတ်ရန် မသင့်ကြောင်း တင်ပြလိုပါတယ်။ သို့သော်လည်းပဲ ဥပဒေထုတ်ပြန်တဲ့ ၃၁-၁-၂၀၁၃ ရက်နေ့ တစ်ရက်တည်းမှာပဲ အမိန့်ကြော်ငြာစာ ၁/၂၀၁၃ ထွက်ရှိခဲ့တာကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ဒီဥပဒေက ၁၁/၂၀၁၃ ဆိုပြီးတော့ ထွက်ရှိလာတာဖြစ်ပြီးတော့ အမိန့်ကြော်ငြာစာက ၁/၂၀၁၃ ဖြစ်တဲ့အတွက်ကြောင့် ဥပဒေက နောက်ကျနေသလိုတွေ့ရပြီးတော့ အမိန့်ကြော်ငြာစာက ဦးနေသလိုတွေ့ရပါတယ်။ ရက်စွဲကတော့ အတူတူပဲဖြစ်ပါတယ်။

ဒီအမိန့်ကြော်ငြာစာရဲ့ စာမျက်နှာ (၁၀)၊ အမှတ်စဉ် (၁၅)မှာ အခြေခံပစ္စည်း ဖြစ်သော သစ်ခွဲသားထုတ်လုပ်ခြင်းအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို (၂၅) ရာခိုင်နှုန်းထက် ပို၍ ခွင့်မပြုပါဟူ၍လည်းကောင်း၊ အမှတ်စဉ်(၁၆)၌ ဆင့်တက် ထုတ်ကုန်အုပ်စုများ၊ တစ်ပိုင်းတစ်စ ထုတ်လုပ်သည့်လုပ်ငန်းများ၌ နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုကို (၃၅) ရာခိုင်နှုန်းထက်ပိုပြီး ခွင့်မပြုဟူ၍ လည်းကောင်း၊ အမှတ်စဉ်(၁၇)မှာ ရင်းနှီးမြှုပ်နှံမှု များစွာလိုအပ်သော အဆင့်မြင့်နည်းပညာထုတ်လုပ်သည့်လုပ်ငန်း၌ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုကို (၄၉) ထက် ပို၍ ခွင့်မပြုဟူ၍ လည်းကောင်း ပါရှိပါတယ်။ ဆိုလိုသည်မှာ (၈၀) ရာခိုင်နှုန်းထိ ခွင့်ပြုသင့်ပြီးတော့ လျော့နည်းသတ်မှတ်ရန်မသင့်ဘူးလို့ ထင်မြင် ယူဆပါတယ်။ (၈၀) ရာခိုင်နှုန်းထိ ခွင့်ပြုနိုင်သည်ဟုသာ (၈၀) ရာခိုင်နှုန်းထက် ကျော်လွန်ပြီးတော့ ရင်းနှီးမြှုပ်နှံမှု မလုပ်ဖို့သာလျှင် သတ်မှတ်သင့်ပါတယ်။

ထို့အပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေပါ အခန်း(၁၅)၊ စာမျက်နှာ(၂၀) မြေအသုံးပြုမှု ခေါင်းစဉ်၌ ပိုဒ်ခွဲ (၉၉) မြေငှားရမ်းခွင့်အား ကနဦးနှစ်(၅၀)၊ အပိုဒ်ခွဲ(၁၀၀)တွင် သက်တမ်းတိုး(၁၀)နှစ် တစ်ဆက်တစ်စပ်တည်း (၂)ကြိမ်၊ စုစုပေါင်း နှစ်(၇၀) ပါရှိပါတယ်။ ဒါပေမဲ့အမိန့်ကြော်ငြာစာမှာကြတော့ သတ္တုတွင်း ဝန်ကြီးဌာန၊ ဆောင်ရွက်ကွင်း(၂)၊ ဓာတ်သတ္တုအကြီးစား ထုတ်လုပ်မှုလုပ်ငန်းမှာ

ခွင့်ပြုသက်တမ်း(၁၅)နှစ် အထက် (၁၅)နှစ်က ပထမဦးဆုံးပေးမယ်၊ ပြီးရင် ထပ်တိုး(၄)ကြိမ်ဆိုတော့ ပေါင်းစုစုပေါင်း (၃၅)နှစ် ဖြစ်ပါတယ်။ အဲဒီတော့ ဥပဒေမှာကနှစ် (၅၀)ရယ် (၁၀)နှစ်(၁၀)နှစ် နှစ်ကြိမ်ရယ်ဆိုတော့(၇၀) ခွင့်ပြုထား သော်လည်းပဲ အမိန့်ညွှန်ကြားစာမှာကျတော့ (၃၅)နှစ်ထက် ပိုမပေးဘူးဆိုပြီးတော့ ဖြစ်နေတာဟာ ဒါဥပဒေကျော်လွန်ပြီးတော့ အမိန့်ညွှန်ကြားချက်တွေက ဖြစ်ပေါ်နေသယောင် ကျွန်တော်အနေနဲ့ တွေ့ရှိပါတယ်။ ထိုအမိန့်ကြော်ငြာစာ ဥပဒေထွက်သောနေ့နှင့် တစ်ရက်တည်းတွေ့ရှိခဲ့ပြီးတော့ ဥပဒေ၌ အခါအားလျော်စွာ ပြင်ဆင်နိုင်သည်ဆိုတဲ့အချက်ဟာ အခါမှ အားမလျော်သေးခင် ထွက်ရှိလာကြောင်းတွေ့ရမှာဖြစ်ပါတယ်။

အမိန့်နှင့်ညွှန်ကြားချက်များဟာ ဥပဒေကို ကျော်လွန်ပြီး ထွက်ရှိတဲ့အတွက်ကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေကို လက်တွန့်နေခြင်းရဲ့အကြောင်းတစ်ချက်လို့ ထင်မြင်ယူဆပါတယ်။ ဥပဒေအရ ၈၀၊ ၂၀ ခွင့်ပြုထားရင် ၈၁ မဖြစ်ရန်သာဆောင်ရွက်သင့်ပြီးတော့ ၈၀ အောက်ပဲ ရင်းနှီးရမယ်လို့ အမိန့်ညွှန်ကြားချက် ထုတ်ပြီး မကန့်သတ်သင့်ကြောင်း သုံးသပ်တင်ပြအပ်ပါတယ်။ ဒါကြောင့်မို့လို့ အထက်ပါမေးခွန်းအား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်း တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး အမျိုးသားစီမံကိန်းနှင့် စီပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၄။**

**ဒေါက်တာစန်းလွင် (ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)** ။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေ၊ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ အမျိုးသားစီမံကိန်းနဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင် ဖြစ်ပြီးတော့ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ မေးမြန်းထားတဲ့ မေးခွန်းကို ဆွေးနွေးရှင်းလင်းသွားမှာဖြစ်ပါတယ်။

ဆရာဦးလှဆွေ က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၌ ပြည်ထောင်စုလွှတ်တော်က မဲခွဲဆုံးဖြတ် အတည်ပြုထားသော နိုင်ငံသား၊ နိုင်ငံခြားသား ပါဝင်မှုအချိုးသည် မူလဥပဒေပြဋ္ဌာန်းချက်ထက် ကျော်လွန်နေသည့် အမိန့်နှင့် ညွှန်ကြားချက်များအား မည်ကဲ့သို့ ပြန်လည်ထုတ်ပြန်သွားမည်ကို သိရှိ လိုခြင်းဆိုတဲ့မေးခွန်းကို မေးမြန်းထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပထမဦးဆုံးအမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ရဲ့ မေးခွန်းအပိုဒ် (၂)နဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးရှင်းလင်းသွားမှာ ဖြစ်ပါတယ်။ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ကြီး က အပိုဒ်(၂)မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ ၂၀ မှာ ပါရှိတဲ့ ပြဋ္ဌာန်းချက်နဲ့ပတ်သက်ပြီးတော့ ဆွေးနွေးသွားတာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး

တင်ပြသွားတဲ့အတိုင်းပဲ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ ၂၀ မှာ ဖော်ပြထားတာကတော့ နိုင်ငံခြားသားသည် တားမြစ်သည့်လုပ်ငန်း သို့မဟုတ် ကန့်သတ်သည့်လုပ်ငန်းများကို နိုင်ငံသားနှင့် ဖက်စပ်လုပ်ကိုင်ပါက နိုင်ငံခြားမတည်ငွေရင်းအချိုးသည် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ (၈၀)ရာခိုင်နှုန်း ထက်မကျော်လွန်စေရ။ ဤသတ်မှတ်ချက်ကို ကော်မရှင်သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘော တူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ပြင်ဆင်သတ်မှတ်နိုင်သည်လို့ ပြဋ္ဌာန်းချက် ပါရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီနိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများဟာ အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးရေးဝန်ကြီးဌာနက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ(က) အရ အပ်နှင်းထားခြင်းခံရတဲ့လုပ်ပိုင်ခွင့်ကို ကျင့်သုံးပြီးတော့မှ အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၁၃ နဲ့ထုတ်ပြန် ကြေညာခဲ့တာဖြစ်ပါတယ်။ ဒီနည်းဥပဒေ ၂၀ မှာဆိုလို့ရှိရင် နိုင်ငံခြားမတည်ငွေရင်းအချိုး ပြင်ဆင်သတ်မှတ်ပိုင်ခွင့်ကို ထည့်သွင်းဖော်ပြထားပါတယ်။ ကျွန်တော်တို့ ဒီလိုထည့်သွင်း ဖော်ပြထား တာဟာဆိုလို့ရှိရင် နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုအတွက် အဆိုပါအချိုးကို အခြေအနေ အချိန်အခါအလိုက် လိုအပ်ရင်လိုအပ်သလို တိုးနိုင်ဖို့၊ လျှော့နိုင်ဖို့နဲ့ နိုင်ငံတကာ သဘောတူညီချက်တွေကို လိုက်ပါ အကောင်အထည်ဖော်တဲ့အခါမှာ မြန်မာနိုင်ငံအနေနဲ့ အခက်အခဲ မရှိစေရန်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ထည့်သွင်းပြဋ္ဌာန်းထားခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီပြဋ္ဌာန်းချက်ပါ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများကို အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်တို့မှာ ဆွေးနွေးသွားပြီးတဲ့နောက်မှာ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းပေးခဲ့တာ ဖြစ်ပါတယ်။ အမျိုးသားစီမံကိန်းနဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အနေနဲ့ကတော့ လုပ်ထုံးလုပ်နည်းအရ အမိန့်ကြော်ငြာစာအဖြစ် ထုတ်ပြန်ခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ သီးခြားအမိန့်နဲ့ ညွှန်ကြားချက်ဖြင့် ထုတ်ပြန်ထားခြင်းမဟုတ်ပါကြောင်း ရှေးဦးစွာ ရှင်းလင်းတင်ပြအပ်ပါတယ်။

နောက် ဒုတိယအချက်အနေနဲ့ကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်း အပိုဒ် ၃ မှာ ပါရှိတဲ့အချက်ကို ဆွေးနွေးရှင်းလင်းလိုပါတယ်။ အဲဒီအပိုဒ် ၃ မှာဆိုလို့ရှိရင် ဥပဒေက နောက်ကျပြီး အမိန့်ကြော်ငြာစာက အရင်ဦးနေသလို တွေ့ရသော်လည်း ရက်စွဲတူဖြစ်နေသည်ဆိုတဲ့ ဆွေးနွေးမှု ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၁/၂၀၁၂ ဖြစ်တဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ကျွန်တော်တို့ ၂၀၁၂၊ နိုဝင်ဘာလ ၂ ရက်နေ့က ပြဋ္ဌာန်းခဲ့ပါတယ်။ ကျွန်တော်တို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနကတော့ နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုနည်းဥပဒေများကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့မှာ အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၁၃ နဲ့ ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီနည်းဥပဒေများ ထုတ်ပြန်တဲ့နေ့မှာပဲ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်က အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၃ နဲ့ စီးပွားရေးလုပ်ငန်းအမျိုးအစား သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာကို ထုတ်ပြန်ကြေညာခဲ့ပါတယ်။

နည်းဥပဒေများနဲ့ စီးပွားရေးလုပ်ငန်းများဟာ လုပ်ငန်းသဘာဝအရ ခွဲခြားလို့ မရနိုင်တဲ့ အတွက်ကြောင့်မို့လို့ အမိန့်ကြော်ငြာစာ (၂)ခုကို တစ်ရက်တည်း ထုတ်ပြန်ကြေညာခဲ့တာ ဖြစ်ပါတယ်။ အဲဒီလို တစ်ရက်တည်း ထုတ်ပြန်ကြေညာခဲ့တာဖြစ်ပေမယ့် ထုတ်ပြန်ကြေညာတဲ့ အဖွဲ့အစည်းက

နှစ်ခု ဖြစ်နေတာကြောင့်မို့လို့ အမိန့်ကြော်ငြာစာ အမှတ်စဉ်များ ကွဲပြားနေခြင်း ဖြစ်ပါကြောင်း ဆွေးနွေးရှင်းလင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တတိယအချက်အနေနဲ့ကတော့ ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအပိုဒ် (၄) ပါ အချက်ကို ဆွေးနွေးတင်ပြလိုပါတယ်။ အဲဒီအပိုဒ် (၄)ပါအချက်ကတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေပါ မြေအသုံးပြုခွင့်ကာလနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၃ ပါ သတ္တုတွင်းဝန်ကြီးဌာန စာပိုဒ်ခွဲ(၂)တွင် ဖော်ပြထားသောသက်တမ်းကာလ သတ်မှတ်ချက်တို့ ကွဲလွဲနေကြောင်းဆိုတဲ့ အချက်ပဲဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ ၁၀၃ နဲ့ ၁၀၄ တွေမှာ ဆိုလို့ရှိရင် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများအတွက် မြေငှားရမ်းပိုင်ခွင့်နဲ့ ငှားရမ်းအသုံးပြုခွင့်နဲ့ အဲဒီငှားရမ်းအသုံးပြုပိုင်ခွင့်ကို သက်တမ်းပြုပိုင်ခွင့်နဲ့ ပတ်သက်တဲ့ ပြဋ္ဌာန်းချက်တွေ ပါရှိပါတယ်။ အဲဒါနည်းဥပဒေ ၁၀၃ မှာဆိုလို့ရှိရင် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူဟာ ပထမ နှစ်(၅၀)မြေငှားရမ်းပိုင်ခွင့် ရှိပါတယ်။ နောက် နည်းဥပဒေ ၁၀၄ မှာ ဆိုရင်တော့ သက်တမ်းတိုးပိုင်ခွင့် တစ်နှစ်၊ တစ်ကြိမ်ကို (၁၀)နှစ်နဲ့ တစ်ဆက်တည်း နှစ်ကြိမ် တိုးပိုင်ခွင့်ရှိပါတယ်။ ဒါကြောင့်မို့လို့ ကနဦးမြေငှားပိုင်ခွင့်က နှစ်(၅၀)၊ နောက် သက်တမ်းတိုးပိုင်ခွင့်က နှစ်(၂၀)ဆိုတဲ့ အဓိပ္ပာယ် ရှိပါတယ်။ အဲဒီသတ်မှတ်ချက်ဟာဆိုလို့ရှိရင် ကျွန်တော်တို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေကို ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ ခွင့်ပြုမယ့် မြေငှားရမ်းခွင့်ကာလ ဒါမှမဟုတ် မြေအသုံးပြုခွင့်ကာလနဲ့ သက်တမ်းတိုးခွင့်ကာလတို့ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၃ ပါ သတ္တုတွင်းဝန်ကြီးဌာန အပိုဒ် ခွဲ(၂)မှာ ဖော်ပြထားရှိတဲ့ ခွင့်ပြုသက်တမ်း(၁၅)နှစ်၊ ထပ်တိုး(၅)နှစ်၊ (၄)ကြိမ်ဆိုတဲ့ သတ်မှတ်ချက်ဟာဆိုလို့ရှိရင် သတ္တုတွင်းဝန်ကြီးဌာနရဲ့ ဓာတ်သတ္တုအကြီးစား ထုတ်လုပ်မှု ခွင့်ပြုမိန့် သက်တမ်းသာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီဟာလေးကို နောက်တစ်ကြိမ် ထပ်ပြီးတော့ တင်ပြပါရစေ။ ဒီ ခွင့်ပြုသက်တမ်း(၁၅)နှစ်၊ ထပ်တိုး(၅)နှစ်၊ (၄)ကြိမ်ဆိုသည်မှာ သတ္တုတွင်းဝန်ကြီးဌာန၏ ဓာတ်သတ္တုအကြီးစား ထုတ်လုပ်မှု ခွင့်ပြုမိန့် သက်တမ်းသာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အခု ကျွန်တော်တို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က အမိန့်ကြော်ငြာစာအသစ် ထပ်ထွက်တော့မှာ ဖြစ်ပါတယ်။ အဲဒီကျရင်တော့ ဒီလုပ်ငန်းဟာဆိုလို့ရှိရင် ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအဖြစ် ပါဝင်တော့မှာဖြစ်တဲ့အတွက် ဒီထုတ်လုပ်မှု ခွင့်ပြုမိန့်သက်တမ်းဆိုတာလည်း ပါလာမှာ မဟုတ်တော့ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ကျွန်တော်တို့ စတုတ္ထအချက်အနေနဲ့ကတော့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအပိုဒ်(၅)ပါ ထိုအမိန့်ကြော်ငြာစာသည် ဥပဒေထွက်သောနေ့နှင့် တစ်ရက်တည်း ထွက်ရှိခဲ့ပြီး ဥပဒေ၌ အခါအားလျော်စွာ ပြင်ဆင်နိုင်သည်ဆိုသောအချက်သည် တစ်ခါမှ အားမလျော်သေးခင် ထွက်ရှိခဲ့ကြောင်းဆိုတဲ့အချက်ပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ အမိန့်ကြော်ငြာစာဟာ ဆိုလို့ရှိရင် ဥပဒေ ထွက်တဲ့နေ့နဲ့ တစ်ရက်တည်းထွက်ခဲ့တာ မဟုတ်ပါဘူး။ ပြည်ထောင်စုလွှတ်တော်က အတည်ပြု ပြဋ္ဌာန်းပေးခဲ့တဲ့ နည်းဥပဒေများကိုသာ အမျိုးသားစီမံကိန်းနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ကြေညာခဲ့ခြင်းသာ ဖြစ်ပါကြောင်း ဆွေးနွေးရှင်းလင်း တင်ပြအပ်ပါတယ်။ ပဉ္စမနဲ့ နောက်ဆုံးအချက်အနေနဲ့ကတော့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်း

အပိုဒ်(၂)နဲ့ (၃)ပါအချက်ကို ဆွေးနွေးရှင်းလင်းသွားမှာ ဖြစ်ပါတယ်။ အဲဒီအချက်ကတော့ ကျွန်တော်တို့ နိုင်ငံသား၊ နိုင်ငံခြားသား ပါဝင်သူအချိုးနဲ့ ဆက်စပ်နေပါတယ်။

ကျွန်တော်တို့ ဒီအချိုးနဲ့ပတ်သက်ပြီးတော့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၃ ပါ စီးပွားရေးလုပ်ငန်း အမျိုးအစားများကို ပြင်ဆင်နိုင်ဖို့ရာအတွက် ညှိနှိုင်းအစည်းအဝေးများကို ဆောင်ရွက်နေပါတယ်။ အဲဒီတော့ ညှိနှိုင်းအစည်းအဝေး (၂)ကြိမ် ကျင်းပခဲ့ပြီး ဖြစ်ပါတယ်။ ပထမတစ်ကြိမ်ကတော့ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့က ကျင်းပခဲ့ပါတယ်။ အဲဒီအစည်းအဝေးမှာ အမျိုးသားလွှတ်တော် ရင်းနှီးမြှုပ်နှံမှုနဲ့ စက်မှုလက်မှုဖွံ့ဖြိုးရေး ကော်မတီကနေပြီးတော့ လွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန်၊ ဦးစိုးဟန်လင်းနဲ့ ဌာနဆိုင်ရာများမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ တက်ရောက်ခဲ့ပါတယ်။ ကျွန်တော်တို့ ဒုတိယအကြိမ် အစည်းအဝေးကတော့ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့မှာ ကျင်းပခဲ့ပြီးတော့ အဲဒီအစည်းအဝေးမှာ ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနဲ့ စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြတဲ့ ဦးကြည်သာ၊ ဦးဝင်းဦး၊ ဒေါ်စန္ဒာမင်း နဲ့ အမျိုးသားလွှတ်တော် သတ္တုသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီက လွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ တို့ တက်ရောက်ဆွေးနွေးခဲ့ပါတယ်။

အဲဒီအစည်းအဝေး နှစ်ခု ကနေပြီးတော့ ထွက်ပေါ်လာတဲ့ အကြံပြုချက်များ ပြည်ထောင်စုဝန်ကြီးဌာနများရဲ့ သဘောထားမှတ်ချက်များနဲ့အညီ ကျွန်တော်တို့ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က စီးပွားရေးလုပ်ငန်း အမျိုးအစားများအသစ်ကို ပြင်ဆင်ရေးဆွဲထားပြီး ဖြစ်ပါကြောင်းနဲ့ မကြာမီ ထုတ်ပြန်သွားတော့မည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၁၀။**

**ဥက္ကဋ္ဌ။** ။ လျှပ်စစ်စစ်ဆေးဖို့အတွက် (၁၅)မိနစ် ခေတ္တရပ်နားပါ့မယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၁း၁၅)နာရီအချိန်တွင် ရပ်နားပြီး (၁၁း၂၀)နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၂၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**ယာယီအိမ်ထောင်စု လူဦးရေစာရင်း ပုံစံ (၆၆/၆) ထုတ်ပေးရခြင်း၏ မူဝါဒသတ်မှတ်ချက်နှင့် ယင်းစာရင်းဖြင့် လာမည့်ရွေးကောက်ပွဲ၌ မဲထည့်ခွင့် ရှိ/မရှိ၊ ရပ်ဝေးနေ နိုင်ငံသားစိစစ်ရေးကတ် အသစ်ပြုလုပ်လိုသူများအတွက် အဆင်ပြေ လွယ်ကူစေရန် စီစဉ်ထားရှိမှုတို့ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၁း၂၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ။ အစည်းအဝေးရဲ့ ပထမတစ်နာရီ ကျော်လွန်ပြီဖြစ်သော်လည်း ကျန်တဲ့မေးခွန်း (၃)ခုကို ဖြေမယ့်ပုဂ္ဂိုလ်တွေ အဆင်သင့်ရှိတဲ့အတွက် ဆက်လက် ဆောင်ရွက်ခွင့်ပြုဖို့ ပန်ကြားပါတယ်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ် က ယာယီအိမ်ထောင်စု လူဦးရေစာရင်း ပုံစံ(၆၆/၆) ထုတ်ပေးရခြင်း၏ မူဝါဒသတ်မှတ်ချက်နှင့် ယင်းစာရင်းဖြင့် လာမည့်ရွေးကောက်ပွဲ၌ မဲထည့်ခွင့် ရှိ/မရှိ၊ ရပ်ဝေးနေ နိုင်ငံသားစိစစ်ရေးကတ် အသစ်ပြုလုပ်လိုသူ များအတွက် အဆင်ပြေလွယ်ကူစေရန် စီစဉ်ထားရှိမှုတို့ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၇။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ နှုတ်ဆက်ရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)က ဦးခင်မောင်လတ် ဖြစ်ပါတယ်။

ကျွန်တော်မေးမယ့် မေးခွန်းတွေကတော့ ယာယီ အိမ်ထောင်စု လူဦးရေစာရင်းကို မည်သည့်မူဝါဒသတ်မှတ်ချက်ဖြင့် ထုတ်ပေးပါသလဲ။ ယင်းကို နောက်ထပ်ထုတ်ပေးမယ့် အစီအစဉ်ရှိပါသလား။ နိုင်ငံသားစိစစ်ရေးကတ် လက်ဝယ်ရှိသူများသည် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ ၆၆/၆ ဖြင့် လာမယ့်ရွေးကောက်ပွဲ၌ မဲထည့်ခွင့် ရပါမည်လား။ မိမိတို့မြို့ရွာများသို့ မသွားဘဲ ရပ်ဝေးမှနေပြီး နိုင်ငံသား စိစစ်ရေးကတ်အသစ် ပြုလုပ်လိုသူများအတွက် အဆင်ပြေလွယ်ကူစေရန် မည်သို့စီစဉ်ထားပါသလဲ ဆိုတာတွေ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျာ။ ကမ္ဘာ့နိုင်ငံများစွာတွင် မိမိတို့နိုင်ငံနှင့် ကိုက်ညီသော ပြည်တွင်းအုပ်ချုပ်ရေးနှင့် လုံခြုံရေးစနစ်ကို ကျင့်သုံးကြပါတယ်။ နိုင်ငံအချို့မှာတော့ အဲဒီလိုကိစ္စမျိုးမှာ e-card ပြစနစ်နဲ့ code နံပါတ်စနစ်တွေကို အသုံးပြု နေကြပါတယ်။ မြန်မာနိုင်ငံမှာတော့ ဒီလိုကိစ္စမျိုးတွေမှာ အိမ်ထောင်စုစာရင်း ပုံစံ ၆၆/၆ နှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားစနစ်ကို ကျင့်သုံးနေပါတယ်။ နိုင်ငံသားစိစစ်ရေး ကတ်ပြားကိုထုတ်ပေးတဲ့အခါ မွေးစာရင်း၊ အုပ်ချုပ်ရေးမှူးထောက်ခံစာ၊ သွေးအမျိုးအစား၊ ကျောင်းသားများအတွက်ဆိုရင် ကျောင်းမှ ထောက်ခံစာ စသည်တို့ကို တင်ပြရပါတယ်။ မိဘနှစ်ပါးတို့၏ ဘိုးစဉ်ဘောင်ဆက်ဇယားများကိုလည်း ဖြည့်ကြရပါတယ်။ ၎င်း အချက် အလက်များကို ရုံးမှတ်တမ်း၌ ထိန်းသိမ်းသလို လျှောက်ထားသူ မိသားစုများကလည်း လက်ဝယ်သိမ်းဆည်းထားလေ့ရှိပါတယ်။ မြန်မာနိုင်ငံမှာ တစ်ဦးချင်းသော်လည်းကောင်း၊ မိသားစုအလိုက်သော်လည်းကောင်း နေရာရွှေ့ပြောင်းသူများနှင့် နိုင်ငံခြားသို့ သွားရောက် အလုပ်လုပ်ကိုင်သူများစွာ

ရှိပါတယ်။ တချို့ကတော့ ပြည်တွင်းအထိပါပဲ။ တစ်နေရာက တစ်နေရာကို ပြောင်းရွှေ့သွားကြပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ် နှင့် အိမ်ထောင်စု စာရင်း ပျောက်ဆုံးသွားလျှင် ဘဏ်မှ ငွေထုတ်တာတွေ၊ လေယာဉ်လက်မှတ် ဝယ်တာတွေ၊ တည်းခိုရိပ်သာမှာ တည်းခိုတဲ့ကိစ္စတွေ အိမ်ငှားကိစ္စတွေ၊ နောက် အိမ်ရောင်း မြေရောင်းကိစ္စ တွေမှာ အခက်အခဲများနဲ့ ကြုံရပြီးတော့ ငွေကုန်ကြေးကျ များတာလည်းရှိပါတယ်။ အသက် (၁၀)နှစ် ပြည့်တဲ့သူတွေ နိုင်ငံသား စိစစ်ရေးကတ် စတင်လုပ်တဲ့အခါ၊ (၁၈) နှစ်ပြည့်ပြီးတော့ အသစ်လုပ်တဲ့အခါ၊ ပျောက်ဆုံး ပျက်စီးလို့ အသစ်ပြုလုပ်တဲ့အခါ လျှောက်ထားသူများဟာ သက်ဆိုင်ရာပုံစံမှာ အထက်ပါအချက်အလက်တွေကို အဝေးက နေပြီးတော့ အလွယ်တကူ ဖြည့်နိုင်ပါတယ်။

သူ့ဆွေမျိုးသားချင်းကို လွှဲပြီးတော့လည်း မြို့ကိုသွားပြီးတော့လည်း ဖြည့်နိုင်ပါတယ်။ ဒါပေမဲ့ ကတ်ကို နောက်ဆုံး ထုတ်ယူဖို့အချိန်ကျတော့ ကာယကံရှင်ကိုယ်တိုင် လာပြီးတော့ လက်မှတ်ထိုးမှ အဲဒီ စိစစ်ရေးကတ်ပြားကို ရရှိပါတယ်။ အဲဒီအတွက် လျှောက်ထားသူဟာ မိမိမွေးဖွားရာဇာတိ သို့မဟုတ် နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ခဲ့ရာ မြို့နယ် လဝက ရုံးသို့ ကိုယ်တိုင် သွားရောက်ရပါတယ်။

အသက်(၁၀)နှစ်ပြည့်၍ နိုင်ငံသားစိစစ်ရေးကတ် လျှောက်ထားလိုတဲ့ လူငယ်များနှင့် သက်ကြီးပိုင်းတွေဟာ တစ်ဦးတည်းမသွားနိုင်တဲ့အတွက် အဖော်နဲ့ မိမိတို့ ဇာတိမြို့နယ်ရုံးကို သွားပြီး လျှောက်ရပါတယ်။ ဝေးလံခေါင်သီတဲ့နေရာက ကိုယ့်ဇာတိရပ်ရွာကို သွားရလို့ရှိရင် ခရီးစရိတ်က ငါးသောင်း၊ ခြောက်သောင်း၊ သုံးသိန်း၊ လေးသိန်း အထိ ကုန်ကျတာတွေ ရှိပါတယ်။ အချိန်လည်း တော်တော်ကုန်ပါတယ်။အဲဒီအတွက်နဲ့ နိုင်ငံသားစိစစ်ရေးကတ် မလုပ်နိုင်ဘဲနဲ့ နေတဲ့သူတွေလည်း အခက်အခဲများစွာနဲ့ နေလေ့ရှိပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ကမ္ဘာ့နိုင်ငံများစွာမှာ e-government စနစ်ကို ဒီကနေ့ လုပ်နေကြပါတယ်။ သမ္မတလက်မှတ်ထိုးဖို့ကိုလည်း e လက်မှတ်စနစ်နဲ့ထိုးနိုင်တဲ့ နိုင်ငံများစွာရှိပါတယ်။ အင်တာနက်ကနေပြီးတော့ ဒီ နိုင်ငံသားစိစစ်ရေးကတ်တွေကို အိုးအိမ်ကနေပြီးတော့ လျှောက်ထားလို့ရတဲ့ နိုင်ငံလည်းအများကြီးရှိပါတယ်။ မြန်မာနိုင်ငံမှာလည်း e-government စနစ်ကို အခုကျင့်သုံးနေပြီဖြစ်ပါတယ်။ အမျိုးများစွာမှာ အခုအခါမှာ အင်တာနက်တွေ၊ ဖက်စ် ကော်ပီရာ၊ နောက် ခုလာမယ့် မကြာမီဆိုရင် 4G ပင်လယ်ဖုန်းတွေမှာ အရုပ်တွေကိုပင် ကြည့်လို့မြင်လို့ရပါပြီ။ နောက်ပြီးတော့ ဒီ ကွန်ပျူတာတွေမှာဆိုရင်လည်းပဲ ဒီ ကင်မရာတွေက တပ်ဆင်ထားပါတယ်။ အဲဒါကြောင့် နိုင်ငံသားစိစစ်ရေးကတ် အသေးစိတ်လျှောက်ထားသူများဟာ မိမိတို့ နောက်ဆုံး ရောက်ရှိနေတဲ့ မြို့နယ်ကနေပြီးတော့ အဲဒီမြို့နယ်ရုံး သို့မဟုတ် ခရိုင်ရုံးကနေပြီးတော့ ကိုယ့်ဇာတိ နိုင်ငံသားစိစစ်ရေးကတ် လုပ်ခဲ့တဲ့မြို့နဲ့ဆက်သွယ်ပြီးတော့ အစစ်ဆေးခံခြင်း၊ လက်ဗွေနှိပ်ခြင်း၊ လတ်မှတ်ထိုးခြင်းတို့ကို တယ်လီဖုန်း၊ အင်တာနက်၊ Fax၊ နောက် စာတိုက်တို့ကို အသုံးပြုပြီးတော့ ဆက်သွယ်ပြီးတော့ လုပ်နိုင်မည်ဆိုရင် ကိုယ့်ဇာတိမြို့ကိုသွားပြီးတော့ မှတ်ပုံတင် ပင်ပင်ပန်းပန်း သွားပြီးလုပ်ရတဲ့ကိစ္စက လွတ်ကင်းသွားနိုင်မှာဖြစ်ပါတယ်။ အဲဒီ အခက်အခဲတွေဟာ တစ်နိုင်ငံလုံးမှာ ရှိသော်လည်းပဲ တစ်ချို့ဒေသတွေမှာ ဥပမာအားဖြင့်ဆိုရင် ဖားကန့်တို့၊ တနိုင်းတို့ ရန်ကုန်မြို့တို့မှာ မိသားစုအလိုက် ပြောင်းရွှေ့ပြီးတော့ လူဦးရေစာရင်း ပုံစံ ၆၆/၆ မရှိဘဲ၊ နိုင်ငံသားစိစစ်ရေးကတ်

မရှိဘဲ နေထိုင်တဲ့သူတွေအများကြီးရှိပါတယ်။သူတို့ဟာ နိုင်ငံသားစိစစ်ရေးကတ်လည်း မရှိဘူး။ အိမ်ထောင်စု လူဦးရေ ယာယီလည်း မရှိဘူးဆိုရင် နေရေးထိုင်ရေးကအစ အလွန်တစ်ရာ ခက်ခဲပါ တယ်။ တကယ်တော့ ဒီရွေးကောက်ပွဲနဲ့နီးနေတဲ့ အချိန်မျိုးမှာ မဲထည့်ဖို့ ဆိုလို့ရှိရင်လည်း သူတို့ နိုင်ငံသားအခွင့်အရေးတွေဟာ ဆုံးရှုံးနိုင်စရာအကြောင်း ရှိပါတယ်။ ဟို ၂၀၀၈ ဖွဲ့စည်းပုံအတည်ပြုခါနီး နောက်တစ်ခုက ၂၀၁၀ ရွေးကောက်ပွဲရောက်ခါနီးမှာ ကျတော့ ယာယီ အိမ်ထောင်စုလူဦးရေစာရင်းကို ပုံစံ ၆၆/၆ ကို အနီးကပ်ပြီးတော့လုပ်ပေးတာတွေရှိပါတယ်။

ဒါပေမဲ့ နောက်ပိုင်းမှာကျတော့ လုပ်ပေးတဲ့မြို့နယ်မှာလုပ်ပေးတယ်။ မလုပ်ပေးတဲ့မြို့နယ် ကလည်း မလုပ်ပေးဘူး။ နောက်ပုံမှန်လည်းမရှိပါဘူး။ နောက်တစ်ချက်ကလည်း အဲဒီ ယာယီ အိမ်ထောင်စု စာရင်းတွေကို အမြဲတမ်းအိမ်ထောင်စုစာရင်းအဖြစ်သို့ ပြောင်းပေးတာလည်း မရှိပါဘူး။ အခုချိန်မှာဆိုရင် ကြားဖြတ်ရွေးကောက်ပွဲလည်း နီးကပ်လာပါတယ်။ နောက်တစ်ခုက ဒီ ၂၀၁၅ ရွေးကောက်ပွဲကြီးလည်း နီးကပ်လာတဲ့အတွက် တိုင်းရင်းသားလူမျိုးတွေကလည်း မိမိတို့တိုင်းရင်းသား မျိုးနွယ်စုရဲ့ မဲပုံးတွေမှာ မဲထည့်ရဖို့ အချိန်တွေနီးကပ်လာပြီဖြစ်ပါတယ်။ ဒီ နိုင်ငံသား စိစစ်ရေးကတ် အလွယ်တကူလုပ်လို့မရနိုင်ဘူးဆိုရင် ဒီအိမ်ထောင်စုလူဦးရေစာရင်းကို အလွယ်တကူ မလုပ်ပေးနိုင် ဘူးဆိုရင် သူတို့ရဲ့ ဒီမဲထည့်ရမယ့်အခွင့်အရေးတွေဟာ ဆုံးရှုံးသွားနိုင်တဲ့ အခြေအနေ ရှိပါတယ်။ အဲဒါကြောင့် မိမိတို့ ဇာတိမြို့များကနေပြီး အဝေးသို့ရောက်နေတဲ့သူတွေ နိုင်ငံသားစိစစ်ရေးကတ်နဲ့ ဒီ ယာယီအိမ်ထောင်စုလူဦးရေစာရင်း ရရှိဖို့အတွက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်း များကို မေးရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၃၇။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၃၇။**

**ဦးကျော်ကျော်ဝင်း (ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)** ။ ။ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမှတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လတ် မှ မေးမြန်းတဲ့မေးခွန်း (၃) ခု နဲ့စပ်လျဉ်းပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးကျော်ကျောဝင်း က ပြန်လည်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ခွင့်ပြုပါရန်လည်း ဥက္ကဋ္ဌကြီး ထံ ပန်ကြားအပ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီး များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်၏ ယာယီအိမ်ထောင်စု လူဦးရေစာရင်းကို မည်သည့်မူဝါဒ သတ်မှတ်ချက်ဖြင့် ထုတ်ပေးပါသလဲ။ ယင်းကို နောက်ထပ်ထုတ်ပေးမည့် အစီအစဉ် ရှိပါသလား

ဆိုသည့်မေးခွန်းနှင့်ပတ်သက်၍ ဖြေကြားရာတွင် ယာယီအိမ်ထောင်စုစာရင်းများအား နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အသက် (၁၈) နှစ် ပြည့်ပြီးသူတိုင်း ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ရရှိကိုင်ဆောင်နိုင်ရေး အတွက် နိုင်ငံတော်တစ်ဝန်း လှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်ပေးရာတွင် မြို့နယ်အတွင်း နှစ်လရှည်ကြာစွာ ရောက်ရှိနေထိုင်လျက်ရှိသော အိမ်ထောင်စု လူဦးရေစာရင်းမရှိသူများအား အချိန်မီ ဆောင်ရွက်ပေးနိုင်ရန်အတွက် စီမံချက်လုပ်ငန်း ညွှန်ကြားချက်အရ ယာယီအိမ်ထောင်စု လူဦးရေ စာရင်း ပြုစုထုတ်ပေးခဲ့ပါတယ်။ ထုတ်ပေးခဲ့တဲ့ ယာယီအိမ်ထောင်စု လူဦးရေ စာရင်းများအား ဥပဒေနှင့်အညီ စိစစ်ပြောင်းလဲထုတ်ပေးရေး သီးခြားစီမံချက်တစ်ခုအဖြစ် သက်ဆိုင်ရာဒေသမှ ပြောင်းရွှေ့ပုံစံ (၁၀) ယူစေပြီး မိမိအိမ်ထောင်စုစာရင်းသွင်းခြင်း၊ ဒေသပြောင်း လိပ်စာ ပုံစံ (၁၀) မယူလာနိုင်သူများအား ယင်းဒေသသို့ ပြန်လည်သွားရောက် ဆောင်ရွက်စေခြင်းတို့ဖြင့် လဲလှယ် ဆောင်ရွက်ထုတ်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ထိုကဲ့သို့မြို့နယ်အတွင်း နှစ်လကြာရှည်စွာ နေထိုင်လျက် အိမ်ထောင်စုလူဦးရေစာရင်း ထုတ်ပေးခြင်းသည် နိုင်ငံတော်၏လိုအပ်ချက်အရ ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ပြီး ယခုလောလောဆယ်တွင် ယာယီအိမ်ထောင်စုလူဦးရေစာရင်းကို ထပ်မံထုတ်ပေးမည့် အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားအပ် ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ရဲ့ နိုင်ငံသားစိစစ်ရေးကတ် လက်ဝယ် ထားရှိသူများသည် ယာယီအိမ်ထောင်စု လူဦးရေ ပုံစံ၆၆/၆ ဖြင့် လာမည့်ရွေးကောက်ပွဲ၌ မဲထည့်ခွင့်ရပါမည်လား ဆိုသည့် ဒုတိယမေးခွန်းနှင့်ပတ်သက်၍ ဆန္ဒမဲပေးပိုင်ခွင့်နှင့်ပတ်သက်၍ သက်ဆိုင်ရာရွေးကောက်ပွဲ ဥပဒေများ၏ ပုဒ်မ ၆ တွင် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူများသည် အမျိုးသား/ အမျိုးသမီး မရွေး၊ ဘာသာမရွေး ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့် ရှိပါတယ်။ (က) ရွေးကောက်ပွဲ စတင် ကျင်းပသည့်နေ့တွင် အသက်(၁၈) နှစ်ပြည့်ပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ သို့မဟုတ် ယာယီသက်သေခံလက်မှတ် ကိုင်ဆောင် ထားသူ (ခ) သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင်ပါဝင်သူ၊ မဲစာရင်းပြုစုခြင်းနှင့် ပတ်သက်၍လည်း သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေများ၏ ပုဒ်မ (၁၄) (က) တွင် ဤဥပဒေပါ ပြဋ္ဌာန်းချက် များနှင့်မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် ယာယီသက်သေခံ လက်မှတ် ကိုင်ဆောင်ထားသူတိုင်းသည် မဲဆန္ဒနယ် တစ်နယ်နယ်တွင် နေထိုင်သူလည်းဖြစ်၍ ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင် အသက်(၁၈)နှစ်ပြည့်သူလည်းဖြစ်လျှင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲက သက်ဆိုင်ရာ မဲစာရင်း၌ ထည့်သွင်းဖော်ပြရမည်ဟု ဖော်ပြပါရှိ ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီး များခင်ဗျား။ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ၏ အပိုဒ် (၁၀) တွင် အနည်းဆုံး ရက်ပေါင်း (၁၈၀)ထက် မနည်းမဲဆန္ဒပြင်ပရောက် အခြားမဲဆန္ဒရှင်များသည် မိမိတို့၏ အမြဲတမ်း နေရပ်သို့ သွားရောက်ပြီး မဲပေးလိုခြင်းမရှိပါက မိမိတို့ ရောက်ရှိနေသော မဲဆန္ဒနယ်တွင် ရွေးကောက်ခံသော ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးနိုင်ခွင့် ရရှိစေရန်အတွက် မဲစာရင်း ထည့်သွင်းခြင်းကို အောက်ပါနည်းလမ်းအတိုင်း ဆောင်ရွက်ရမည် ဖြစ်ပါတယ်။ (က) ဝန်ထမ်းဖြစ်ပါက

သက်ဆိုင်ရာနယ်မြေရှိ တာဝန်ခံ၏ ထောက်ခံချက်ကိုလည်းကောင်း၊ အလုပ်သမား ဖြစ်ပါက သက်ဆိုင်ရာ လုပ်ငန်းရှင် သို့မဟုတ် လုပ်ငန်းရှင်ကိုယ်စားလှယ်၏ ထောက်ခံချက်ကိုလည်းကောင်း၊ အခြားပုဂ္ဂိုလ်ဖြစ်ပါက ကိုယ်တိုင်ဝန်ခံချက်ကိုလည်းကောင်း ဖော်ပြ၍ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထပ်ဆင့်ထောက်ခံချက်ဖြင့် မဲစာရင်း၌ မိမိတို့အမည်ကို ထည့်သွင်းပေးပါရန် ရွေးကောက်ပွဲကျင်းပမည့် နေ့ မတိုင်မီ ရက်ပေါင်း (၃၀) ထက်နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်သို့ အဖွဲ့ခွဲသို့ ပုံစံ (၃)(က)ဖြင့် လျှောက်ထားရမည်ဟု ဖော်ပြပါရှိပါတယ်။ အထက်ပါလက်ရှိ လွှတ်တော် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများအရ နိုင်ငံသားစိစစ်ရေးကတ်လက်ဝယ်ရှိသူများသည် အိမ်ထောင်စုလူဦးရေ စာရင်း ရှိသူများအပြင် လက်ရှိနေရပ်လိပ်စာတွင် အနည်းဆုံးရက်ပေါင်း (၁၈၀) ထက်မနည်း နေထိုင်ခဲ့ပြီးသူ ဖြစ်ပါက အိမ်ထောင်စု လူဦးရေစာရင်း မရှိသည့်တိုင် ဥပဒေများနှင့်အညီ ဆန္ဒမဲပေးနိုင်ကြမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဇာတိမြို့ရွာများသို့ မသွားရောက်ပဲ ရပ်ဝေးမှနေပြီး နိုင်ငံသားစိစစ်ရေးကတ် အသစ်ပြုလုပ်လိုသူများအတွက် အဆင်ပြေ လွယ်ကူစေရန် မည်သို့စီစဉ်ထားပါသလဲဆိုသည့် မေးခွန်းနဲ့ပတ်သက်၍ နိုင်ငံသားဖြစ်ခြင်းကိစ္စသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်နှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းသည် နိုင်ငံသားဖြစ်ခြင်း၊ မဖြစ်ခြင်း စိစစ်ဆုံးဖြတ်ရသည့် အရေးကြီးသော လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။ အသက်(၁၀)နှစ်ပြည့် သို့မဟုတ် အသက်(၁၈) နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားအား အိမ်ထောင်စု လူဦးရေ စာရင်းနှင့် မိမိနေထိုင်ရာမြို့နယ်တွင် လူကိုယ်တိုင် ဆောင်ရွက်ရသော လုပ်ငန်းဖြစ်၍ မိမိမွေးဖွားခဲ့ရာ ဇာတိမြို့နယ်သို့ ပြန်လည်သွားရောက် လုပ်ကိုင်ရန် မလိုအပ်ပါ။ ထို့အတူ အသက် (၁၈) နှစ်ပြည့်သဖြင့် အသက် (၁၀) နှစ်မှ (၁၈) နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ် လဲလှယ်လျှောက်ထားခြင်း၊ နိုင်ငံသားစိစစ်ရေးကတ် ပျောက်ဆုံးပျက်စီး မိတ္တူလျှောက်ထားခြင်း တို့ကိုလည်း မိမိတို့လက်ရှိ အိမ်ထောင်စုလူဦးရေစာရင်းရှိရာ မြို့နယ်၌ပင် ဆောင်ရွက်ပေးလျက် ရှိပါတယ်။

ယင်းကိစ္စအတွက် လျှောက်ထားသူများသည် မိမိမွေးဖွားခဲ့ရာဇာတိ၊ သို့မဟုတ် နိုင်ငံသား စိစစ်ရေး ကတ်ပြားလုပ်ခဲ့ရာ မြို့နယ် လဝကရုံးသို့ ကိုယ်တိုင်သွားရောက် လုပ်ဆောင်ရန် မလိုအပ်ပါ။ အိမ်ထောင်စုလူဦးရေစာရင်းနှင့် မိမိလက်ရှိနေထိုင်သော မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင် ဦးစီးဌာနမှူးရုံး၌ပင် လူကိုယ်တိုင် သွားရောက်လျှောက်ထားရပါတယ်။ လူပုဂ္ဂိုလ် မှန်ကန်မှုနှင့် ကိုယ်ရေးအချက်အလက် မှန်ကန်မှုအတွက် မူလမှတ်တမ်းရေးသွင်းခဲ့သော ကိုယ်ရေး မှတ်တမ်းများကို ရုံးအချင်းချင်း ဆက်သွယ်တောင်းခံရယူ၍ လာရောက်လျှောက်ထားသူနှင့် တိုက်ဆိုင် စစ်ဆေးပြီး မှန်ကန်ပါက လက်ရှိနေထိုင်ရာ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင် ဦးစီးဌာနမှူးရုံးများက လုပ်ထုံးလုပ်နည်းများနဲ့အညီ ဆောင်ရွက်ထုတ်ပေးလျက် ရှိပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ စနစ်တကျပြောင်းရွှေ့နေထိုင်ရေး၊ အိမ်ထောင်စု လူဦးရေစာရင်းပြုလုပ် ဆောင်ရွက်ကြရာ တွင်လည်း ပြည်သူများ အဆင်ပြေသက်သာစေရေးအတွက် ခက်ခဲသောကိစ္စရပ်များကို ပယ်ဖျက်ခြင်း၊ ဖြေလျှော့ ပေးသင့်သည့်အချက်များအား ဖြေလျှော့ပေးခြင်း၊ ပြည်သူများ အချိန်မီသိရှိနိုင်အောင်

နည်းလမ်းစုံဖြင့် အသိပညာပေးခြင်း၊ လက်တွေ့မြေပြင်တွင် ကွင်းဆင်းဆောင်ရွက်ပေးခြင်းတို့ကို တစ်နိုင်ငံလုံးတွင် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပြီး ဆက်လက်၍လည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မိုးပွင့် စီမံချက် ၁ မှ ၅ ဖြင့် စုစုပေါင်း (၃၆) သိန်းကျော်ကို စိစစ်ရေးကတ်များ ထုတ်ပေးခဲ့ပြီးလည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင် e-government စနစ်အား စတင်ကျင့်သုံးနေပြီဖြစ်သော်လည်း အင်တာနက်ကွန်ရက် မပြည့်စုံသေးခြင်း၊ လျှပ်စစ်မီးအချိန်ပြည့် နိုင်ငံအနှံ့ မရရှိနိုင်သေးခြင်း လူ့စွမ်းအားအရင်းအမြစ် လေ့ကျင့်ပျိုးထောင်နေဆဲဖြစ်ခြင်း၊ နိုင်ငံတော်မှ ဘက်ဂျက်အားကဏ္ဍစုံတွင် မျှတခွဲဝေ သုံးစွဲနေရခြင်းစသည့်အခြေအနေများတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အနေဖြင့် ပြည်သူများအဆင်ပြေသက်သာစေရေး၊ ဖြေလျော့သင့်သည်များကို ဖြေလျော့ပြီး ဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်လည်း ညီညွတ်စေရန် အလေးထား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**အချိန်၊ ၁၁း၄၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက မေးမြန်းတဲ့ မေးခွန်း တွေဟာ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါ တယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**ပလက်ဝမြို့နယ်၊ ကွမ်းချောင်းဝကျန်းမာရေးဌာန အဆောက်အဦဟောင်းအား အသစ်ဆောက်လုပ် ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် ရှင်းလက်ဝ၊ ကွမ်းချောင်းဝ၊ မီးဇာ၊ သံထောင်ကျန်းမာရေးဌာနတို့၌ Medical Solar Refrigerator တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၄၅။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဇော့ယိန်း က ပလက်ဝ မြို့နယ်၊ ကွမ်းချောင်းဝကျန်းမာရေးဌာန အဆောက်အဦဟောင်းအား အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် ရှင်းလက်ဝ၊ ကွမ်းချောင်းဝ၊ မီးဇာ၊ သံထောင် ကျန်းမာရေးဌာနတို့၌ Medical Solar Refrigerator တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိတို့နဲ့ စပ်လျဉ်းတဲ့မေးခွန်းမေးမြန်းဖို့ ဖြစ်ပါ တယ်။

**အချိန်၊ ၁၁း၄၆။**

**ဦးဇော့ယိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇော့ယိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ချင်းပြည်နယ် ပလက်ဝမြို့နယ် ကွမ်းချောင်းဝ ကျန်းမာရေးဌာန အဆောက်အဦဟောင်းအား အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ရှင်းလက်ဝ၊ ကွမ်းချောင်းဝ၊ မီးဇာ၊ သံထောင် ကျန်းမာရေးဌာနတို့၌ Medical Solar Refrigerator

တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းနှစ်ခု မေးမြန်းမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ပထမမေးခွန်းအနေနဲ့ တင်ပြရရင် ပလက်ဝမြို့နယ် ကွမ်းချောင်းဝ ကျန်းမာရေးဌာနဟာ ပလက်ဝမြို့ရဲ့ အနောက်ဘက် မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်မှာ တည်ရှိပြီးတော့ ကုလားတန်မြစ်ကြောင်းနဲ့ ပေ (၄၀၀၀) ကျော်မြင့်တဲ့ တောင်တန်း ကာဆီးရာဒေသ ဖြစ်ပါတယ်။ ပလက်ဝမြို့ကနေ ရေကြောင်း၊ ကုန်းကြောင်း စုစုပေါင်း (၃၀)မိုင် နီးပါး ကွာဝေးပါတယ်။ ၎င်းကျန်းမာရေးဌာနသည် ကျေးရွာအုပ်စု (၅)အုပ်စု ပြည်သူများအတွက် အထွေထွေကျန်းမာရေးဝန်ဆောင်မှုပေးနေတဲ့ ဌာနတစ်ခု ဖြစ်ပါတယ်။ ၎င်းကျန်းမာရေးဌာနအဆောက်အဦဟာ ယခုအခါ အသုံးပြု၍မရတော့လောက်အောင် အန္တရာယ်ရှိ အဆောက်အဦဟောင်းတစ်ခု ဖြစ်နေပြီ ဖြစ်တဲ့အတွက် အသစ်ဆောက်လုပ်ပေးနိုင်ပါရန် လိုအပ်နေပြီ ဖြစ်ကြောင်း ဒေသခံများကိုယ်စား တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယမေးခွန်းအနေနဲ့ တင်ပြလိုတာကတော့ ရှင်းလက်ဝ၊ ကွမ်းချောင်းဝ၊ မီးဇာ၊ သံထောင် ကျန်းမာရေးဌာနတို့၌ Medical Solar Refrigerator တပ်ဆင်ပေးရန် အစီအစဉ်နဲ့ ပတ်သက်ပြီးတော့ ပလက်ဝမြို့နယ်အတွင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ အစိုးရစီမံချက်နဲ့ ဆောင်ရွက်နေတဲ့ ကာကွယ်ဆေးထိုးလုပ်ငန်းကို တင်ပြလိုပါတယ်။ စီမံချက်ဝင် ကာကွယ်ဆေး ဆေးသက်တမ်း အလျင်မီ ထိုးနိုင်ရန်အတွက် ကာကွယ်ဆေးများကို အအေးခန်းရေခဲသေတ္တာများ၌ သိုလှောင် ထားရှိရန် အရေးကြီးကြောင်း အားလုံးအသိပင် ဖြစ်ပါတယ်။ မြို့နယ်ဆေးရုံမှ သက်ဆိုင်ရာ ကျန်းမာရေးဌာနအလိုက် ၎င်းကာကွယ်ဆေးများကို ဖြန့်ဝေပြီး ကျန်းမာရေးဌာနခွဲအလိုက် ကျေးရွာ အုပ်စုများသို့ ပြန်လည်ပြီး ဆေးသက်တမ်းအမီ အဆောတလျင် ထိုးနိုင်ကြပါတယ်။ ဆေးသက်တမ်း လက်လှမ်းမမီသော ကျေးရွာများမှ ကလေးသူငယ်များ ကာကွယ်ဆေး မထိုးလိုက်ရသော ကလေး ဦးရေများစွာ ရှိသေးကြောင်း ၎င်းဒေသခံမိဘများနဲ့ ရွာသားများမှ တင်ပြချက်အရ သိရှိရပါတယ်။ ယခုကဲ့သို့ ဖြစ်ရခြင်းမှာ မြို့နယ်ဆေးရုံမှတစ်ဆင့် ဖြန့်ဝေသော ကာကွယ်ဆေးများ ကျန်းမာရေးဌာန များတွင် ကာကွယ်ဆေး အအေးသိုလှောင်ခန်း Medical Solar Refrigerator မရှိခြင်းကြောင့် ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ UCI ကာကွယ်ဆေးထိုးစီမံချက်လုပ်ငန်း အောင်မြင်ရေးအတွက် ပလက်ဝ မြို့နယ်အတွင်းရှိ ဦးစားပေးရမယ့် ကျန်းမာရေးဌာနများ ဖြစ်သော ကွမ်းချောင်းဝ၊ ရှင်းလက်ဝ၊ မီးဇာ၊ သံထောင် ကျန်းမာရေးဌာနများတွင် ကာကွယ်ဆေး Solar အအေးခန်းများ တပ်ဆင်ပေးရန် လိုအပ်ပါတယ်။ ၎င်းကိစ္စနဲ့ပတ်သက်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ပြည်နယ်အစိုးရအဆင့်ဆင့်သို့ တင်ပြပြီး ဖြစ်သော်လည်း ယနေ့ထိ ဆောင်ရွက်ပေးခြင်း မရှိသေးကြောင်း သိရှိပါတယ်။ သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းကို မေးမြန်းလိုပါတယ်။ (က) ပလက်ဝမြို့နယ် ကွမ်းချောင်းဝှ ကျန်းမာရေးဌာန အဆောက်အဦဟောင်းအား အသစ် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/ မရှိ၊ (ခ) ကျန်းမာရေးဌာန (၄)ခု ဖြစ်သော ရှင်းလက်ဝ၊ ကွမ်းချောင်းဝ၊ မီးဇာ၊ သံထောင်တို့၌ Medical Solar Refrigerator တပ်ဆင်ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ ပုပ္ပါးကျေးလက်ကျန်းမာရေးဌာနအား ပုပ္ပါးတိုက်နယ်ဆေးရုံအဆင့်သို့ တိုးမြှင့်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၅၁။**

**ဥက္ကဋ္ဌ**။ ။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် က မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ ပုပ္ပါးကျေးလက်ကျန်းမာရေးဌာနအား ပုပ္ပါးတိုက် နယ်ဆေးရုံအဆင့်သို့ တိုးမြှင့်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၁။**

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ အားလုံး မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်နဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံး ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျောက်ပန်းတောင်းမြို့နယ် လက်ရှိ ပုပ္ပါးကျေးလက်ကျန်းမာရေးဌာနအား (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံအဆင့်ကို တိုးမြှင့်ပေးရန်နဲ့ ဆက်စပ်လျက် မေးခွန်းများကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ပုပ္ပါးဒေသဟာ မြန်မာနိုင်ငံအလယ်ပိုင်း ကျောက်ပန်းတောင်းမြို့နယ်အတွင်းမှာ ရာသီဥတုမျှတတဲ့ တောင်ပေါ်စခန်းဒေသ ဖြစ်ပြီးတော့ ကမ္ဘာ့လှည့်ခရီးသည်များနဲ့ စည်ကားနေတဲ့ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ပုဂံညောင်ဦးနဲ့လည်း အလှမ်းမဝေးတဲ့ဒေသလည်း ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ဆယ်စုနှစ်များကဆိုရင် ပုပ္ပါးဒေသကို မြန်မာနိုင်ငံအလယ်ပိုင်း တောင်စခန်းမြို့အဖြစ်ပင် သတ်မှတ်ခေါ်ကြတာလို့ နားလည်ထားပါတယ်။ လက်ရှိအခြေအနေမှာ ပုပ္ပါးကျေးလက်ကျန်းမာရေးဌာနနဲ့ ဆက်စပ်အကျုံးဝင်တဲ့ ကျေးရွာ (၇) ရွာ ရှိပြီးတော့ စုစုပေါင်း အိမ်ခြေ (၁၅၂၆) အိမ်၊ လူဦးရေ (၇၄၆၆) ဦး ရှိနေပါတယ်။ ကျေးရွာအလိုက် အိမ်ခြေနဲ့ လူဦးရေကိုလည်း ကျွန်တော် အသေးစိတ် ဖတ်ကြားခြင်း မပြုတော့ပါဘူး။ ပုပ္ပါး ကျေးလက်ကျန်းမာရေးဌာနဟာ မြို့နယ်ပြည်သူ့ဆေးရုံ ကျောက်ပန်းတောင်းကနေပြီးတော့ (၁၁) မိုင်၊ ခရိုင်ပြည်သူ့ဆေးရုံ ညောင်ဦးကနေပြီး (၃၀)မိုင် အထူးကုဆေးရုံ မြင်းခြံကနေဆိုရင် (၅၀) မိုင်ခန့် အကွာမှာ တည်ရှိပါတယ်။ ဒါ့အပြင် ပုပ္ပါးမှ (၂) မိုင်ခန့်အကွာအတွင်းပိုင်း တောင်ကလပ်မှ မလှမ်းမကမ်း ဖွင့်လှစ်ထားတဲ့ (၁၆) ခုတင်ဆံ့ သံဃာ့ဆေးရုံရှိနေတာ ပုပ္ပါးကျန်းမာရေးဌာနနဲ့ ဆက်စပ်လျက်ရှိတဲ့ ကျေးရွာ (၇) ရွာမှ ဒေသခံပြည်သူများ အပြည့်အဝ မှီခိုအားထားနိုင်ရန် အခက်အခဲရှိနေကြောင်း တွေ့ရှိရပါတယ်။ အထူးသဖြင့် သံဃာ့ဆေးရုံအဖြစ် ဖွင့်လှစ်ထားတာဖြစ်လို့ အမျိုးသမီးနဲ့ ဆက်စပ်ရောဂါများ ကုသနိုင်ရေး ကလေးမီးဖွားခွင့် ခံစားနိုင်ရေးတို့မှာ အခက်အခဲများ ရှိနေတယ်လို့ သိရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ လက်ရှိပုပ္ပါးကျေးလက် ကျန်းမာရေးဌာနအား အဆင့်တိုးမြှင့်လျက် ပုပ္ပါးတိုက်နယ်ဆေးရုံအဖြစ် ဖွင့်လှစ်ပေးနိုင်ပါက ဆက်စပ်ကျေးရွာ (၅၅) ရွာ၊ စုစုပေါင်းအိမ်ခြေ (၁၃၀၄၇) အိမ်နဲ့ လူဦးရေ (၆၅၀၄၁) ဦးအတွက် အကျိုးပြုနိုင်မယ်လို့ သုံးသပ်လိုပါတယ်။ အချိန်ငဲ့ညာသောအားဖြင့် အသေးစိတ် ကျွန်တော် မဖော်ပြတော့ပါဘူး။ အဆိုပါ ကျေးရွာ (၅၅)ရွာကို ကိုယ်စားပြုလျက်ရှိတဲ့ လက်ရှိပုပ္ပါး၊ ဆိတ်ထွန်း၊ နတ်ကန်လည်၊ လည်ကြီး ကျန်းမာရေးဌာန

များ၊ ဒီ့နောက်မှာတော့ ကျောက်တံခါး၊ ဒေါင်းလည်၊ ခွေးတောက်ကုန်း၊ ကမ်းဖြူ ကျားနေအိုင်၊ သိန်းကြီးကုန်း၊ ကူလည်၊ ဘိုတဲနဲ့မြင်းခြံကုန်း ကျန်းမာရေးဌာနခွဲများဟာ ပုပ္ပါးတိုက်နယ်ဆေးရုံ အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခွင့် ရရှိခဲ့ပါက လွှမ်းခြုံထိရောက် အကျိုးရှိမည့်အခြေအနေများ ရှိပါကြောင်း သုံးသပ်တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပုပ္ပါးမြို့ဟာ တောင်ပေါ်မြို့ငယ်တစ်မြို့ ဖြစ်ပြီးတော့ မြို့နယ်ပြည်သူ့ ဆေးရုံ ကျောက်ပန်းတောင်းနဲ့ (၁၂) မိုင်ခန့်သာကွာဝေးသော်လည်းပဲ အရေးပေါ် ကျန်းမာရေးကိစ္စများ အတွက် ဆက်သွယ်သွားလာရာမှာ တောင်ဆင်းတောင်တက် အကွေ့အကောက်များလို့ ဒေသခံကျေးရွာ များမှာ အခက်အခဲများ ကြုံတွေ့နေရပါတယ်။ ကမ္ဘာလှည့်ခရီးသည်များနဲ့ ပုပ္ပါး ဒေသသို့ ဘုရားဖူးလာ ပြည်သူများ ဘာသာရေးပွဲတော်လာ ပြည်သူများရဲ့ အရေးပေါ် ကျန်းမာရေးကိစ္စဝန်ဆောင်မှု ပေးရာမှာ တိုက်နယ်ဆေးရုံအဆင့် ဖွင့်လှစ်နိုင်မှသာလျှင် အစစအရာရာ အဆင်ပြေ ချောမွေ့နိုင်မှာဖြစ်တယ် ဆိုတာကို တွေ့ရပါတယ်။ ပုပ္ပါးကျေးလက် ကျန်းမာရေးဌာနကို ပုပ္ပါးတိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့် ဖွင့်လှစ်နိုင်ဖို့ မြေနေရာအကျယ် (၇.၅၇) ဧက ရရှိထားပြီးလည်း ဖြစ်ပါတယ်။ တိုက်နယ်ဆေးရုံအဆင့် ဖွင့်လှစ်ခွင့် ရရှိလို့ရှိရင် ပုပ္ပါးမြို့ခံ ပြည်သူတစ်ဦးက မတည်အလှူငွေ ကျပ်သိန်း (၅၀၀) ကိုလည်း ထည့်ဝင်ထားပြီးတော့ ခုချိန်မှာဆိုရင် ဘဏ်စာရင်းတောင်မှ ဖွင့်လှစ် ထားပြီးဖြစ်တယ်လို့ ကျွန်တော် သိရှိရပါတယ်။ ပုပ္ပါးတိုက်နယ် ဆေးရုံအဖြစ် ဖွင့်လှစ်ခွင့် ရရှိဖို့အတွက် အမှုတွဲကိုလည်း ကျောက်ပန်းတောင်းမြို့နယ် ကျန်းမာရေးဦးစီးဌာနကတစ်ဆင့် မန္တလေးတိုင်းဒေသကြီး ကျန်းမာရေး ဦးစီးဌာနကို ၃-၄-၂၀၁၄ ရက်စွဲပါ စာနဲ့ ပေးပို့ထားကြောင်းလည်း သိရှိရ ပါတယ်။ ဒါကြောင့်မို့လို့ ပုပ္ပါးကျန်းမာရေးဌာနအား (၁၆) ခုတင်ဆံ့ ပုပ္ပါးတိုက်နယ်ဆေးရုံအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ဖွင့်လှစ်ပေးနိုင်ခြင်း ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဖွင့်လှစ်ပေးမည်ဖြစ်သည်ကို သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင် ရှိပါတယ်။

**အချိန်၊ ၁၁း၅၆။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၅၆။**

**ဒေါက်တာဒေါ်သိန်းသိန်းဌေး(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါရှင်။ ကျန်းမာရေးဝန်ကြီးဌာနနှင့် စပ်လျဉ်းသော မေးခွန်းများအား ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်မ ဒုတိယဝန်ကြီး ဒေါက်တာသိန်းသိန်းဌေး မှ ဖြေကြားခွင့်ပြုပါရှင်။ ချင်းပြည်နယ်အမှတ်(၁၁) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖွေ့ယိန်း မေးခွန်းနှင့်စပ်လျဉ်း၍ မေးခွန်းအမှတ် (၁) ဖြစ်သော ကွမ်းချောင်းဝကျေးလက်ကျန်းမာရေးဌာန ဆောက်လုပ်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် စီမံကိန်းနှင့် ဘဏ္ဍာငွေ တောင်းခံခြင်းတွင် ရန်ပုံငွေ ပါဝင်သွားခဲ့ခြင်း

မရှိသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသည့်အတိုင်း အဆိုပါကျေးလက် ကျန်းမာရေးဌာနမှ အန္တရာယ်ရှိသည့် အခြေအနေလည်း ဖြစ်နေပါသဖြင့် သက်ဆိုင်ရာ ဒေသန္တရ စီမံကိန်းများ၌ ပါဝင်စေရန်အတွက် ဆောင်ရွက်နိုင်ပါရန် အကြံပြုတင်ပြအပ်ပါတယ်ရှင်။

ဒုတိယမေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုး လုပ်ငန်းသည် နေရာဒေသတိုင်းရှိ ကလေးငယ်များအား ကာကွယ်ဆေးထိုး လွှမ်းခြုံမှု အပြည့်အဝ ရရှိရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် ချင်းပြည်နယ် ပလက်ဝမြို့နယ်ဆေးရုံတွင် ၁၉၉၄ ခုနှစ်နှင့် ၂၀၁၁ ခုနှစ်တွင် Solar ရေခဲသေတ္တာ (၂) လုံးနှင့် ၁၉၉၆ ခုနှစ်တွင် Freezer ရေခဲသေတ္တာ (၁) လုံး တပ်ဆင်ပေးခဲ့ပါတယ်။ ပလက်ဝမြို့နယ် သံတောင်ကျေးလက်ကျန်းမာရေးဌာနတွင် Solar ရေခဲသေတ္တာ (၁)လုံးကို ၂၀၀၃ ခုနှစ်တွင် တပ်ဆင်ပေးခဲ့ပါတယ်။ ပလက်ဝမြို့နယ် ဆမီးတိုက်နယ်ဆေးရုံတွင် Solar ရေခဲသေတ္တာ (၁) လုံးကို ၁၉၉၆ ခုနှစ်တွင် တပ်ဆင်ပေးနိုင်ခဲ့သဖြင့် ပလက်ဝမြို့နယ်တွင် ဆိုလာရေခဲသေတ္တာ (၄) လုံးနှင့် Freezer ရေခဲသေတ္တာ (၁) လုံးဖြင့် ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၎င်းအပြင် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလနှင့် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလများတွင် နေရာဒေသတိုင်းသို့ ကာကွယ်ဆေးထိုးနိုင်ရေး စီမံချက်ဖြင့် ပလက်ဝမြို့နယ်အတွင်းတွင် သံတောင်၊ မီးဇာ၊ ရှင်းလက်ဝနှင့် ကွမ်းချောင်းဝတို့တွင် ရည်မှန်းကလေးငယ်များကို အထူးအစီအစဉ်ဖြင့် ကာကွယ်ဆေး ထိုးနှံပေးခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသည့်အတိုင်း ပလက်ဝမြို့နယ်အတွင်းမှာရှိတဲ့ သံတောင်၊ မီးဇာ၊ ရှင်းလက်ဝနှင့် ကွမ်းချောင်းဝတို့မှာ ကျွန်မတို့ (၄) ရွာ အားလုံးမှာ အိမ်ခြေအားဖြင့် (၉၀၉၅) အိမ်၊ နောက် လူဦးရေ (၄၈၃၀၄) ဦး၊ တစ်နှစ်အောက်ကလေး (၁၁၆၀) နှင့် ကိုယ်ဝန်ဆောင်မိခင် (၅၀၆) ဦး ရှိပါတယ်။ သံတောင်ကျေးလက်ကျန်းမာရေးဌာနသို့ ပေးထားသည့် Solar ရေခဲသေတ္တာမှာ (၁၀) နှစ်ကျော် ကြာခဲ့ပြီဖြစ်သည့်အတွက် ပျက်နေသည်မှာလည်း ကြာမြင့်ပြီဖြစ်ပါသဖြင့် ကျန်းမာရေးဝန်ကြီး ဌာနအနေနှင့် သံတောင်ကျေးလက်ကျန်းမာရေးဌာနသို့ Solar ရေခဲသေတ္တာ (၁) လုံး တပ်ဆင်ပေးရန် နှင့် မီးဇာကျေးလက်ကျန်းမာရေးဌာနအနေဖြင့် ရှင်းလက်ဝနှင့် ကွမ်းချောင်းဝတို့နှင့် တစ်ဆက်တည်း ဖြစ်သဖြင့် အဆိုပါ (၃) နေရာအတွက် မီးဇာကျေးလက်ကျန်းမာရေးဌာနတွင် Solar ရေခဲသေတ္တာအသစ် (၁) လုံး စုစုပေါင်း (၂) လုံးကို ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့နှင့် ညှိနှိုင်းချိတ်ဆက်၍ တပ်ဆင်ပေးနိုင်ရေးအတွက် ကျွန်မတို့ စီစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ နောက်အကျဆုံး ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလမတိုင်မီ တပ်ဆင်ပေးပြီး ဖြစ်မည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။ ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး အမှတ်(၆) မဲဆန္ဒနယ်အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် ၏ မေးခွန်းနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်မှာ ကျွန်မတို့ ခုတင် (၅၀) ဆံ့ ကျောက်ပန်းတောင်းမြို့နယ် ဆေးရုံ (၁) ရုံ၊ (၁၆) ခုတင်ဆံ့၊ ပွေးကျစ်တိုက်နယ်ဆေးရုံ၊ လက်ပံပျားတိုက်နယ်ဆေးရုံ၊ ပုပ္ပါးတိုက်နယ်ဆေးရုံ စုစုပေါင်း ဆေးရုံ (၄) ရုံ ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါတယ်။ ခုတင် (၅၀) ဆံ့ ကျောက်ပန်းတောင်းမြို့နယ် ဆေးရုံဟာ စံကိုက်ဖွဲ့စည်းပုံသို့ ပြင်ဆင်ခွင့် ရရှိရန်အတွက် ၂၀၁၄ ခုနှစ်၊ မေလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် ၉/၂၀၁၄ သို့ တင်ပြထားပြီး ဖြစ်ပါတယ်။ ပုပ္ပါးတိုက်နယ်ဆေးရုံအနေဖြင့်၊ ပုပ္ပါးသံဃာဆေးရုံအနေဖြင့် ၂၀၁၃ ခုနှစ်ကတည်းက စံကိုက်ဖွဲ့စည်းပုံဝန်ထမ်း (၁၇) ဦးဖြင့် ဖွင့်လှစ်ပြီး

ကျန်းမာရေးစောင့်ရှောက်မှုပေးလျက် ရှိပါတယ်။ အဆိုပါ တိုက်နယ်ဆေးရုံသည် အမည်အားဖြင့် ဖွဲ့စည်းပုံမှာ ကျွန်မတို့ ပုပ္ပါး သံဃာ့ဆေးရုံဟု အမည်ပေးခဲ့သည့်အတွက် မြန်မာတို့၏ ဓလေ့ထုံးစံနှင့် လျော်ညီစေလိုတဲ့အတွက် ကျွန်မတို့ အဲဒီသံဃာ့ဆေးရုံမှာတော့ မိခင်နဲ့ကလေး သားဖွားခန်း မထားရှိဘဲနဲ့ အထွေထွေ ကျန်းမာရေးစောင့်ရှောက်မှုကို ပေးလျက်ရှိပါတယ်။ ၎င်းတိုက်နယ်ဆေးရုံဟာ ကျောက်ပန်းတောင်း မြို့နယ် ပြည်သူ့ဆေးရုံနဲ့ (၈) မိုင်၊ ပုပ္ပါးကျေးလက်ကျန်းမာရေးဌာနနဲ့ (၂) မိုင် သာဝေးပါတယ်။ ကျွန်မတို့ ပုပ္ပါးကျန်းမာရေးဌာနက ကျောက်ပန်းတောင်းမြို့နယ်အတွင်းမှာတော့ အခြားသော ကျေးလက်ကျန်းမာရေးဌာနများထက် ထူးခြားစွာ ကျွန်မတို့ ဒါကို စံပြကျေးလက် ကျန်းမာရေးအနေနဲ့ ဟိုး လွန်ခဲ့တဲ့ဆယ်စုနှစ်ပေါင်း များစွာကတည်းက ကျွန်မတို့ ဒါကို ထူထောင်ခဲ့ခြင်း ဖြစ်ပါတယ်။

အဆိုပါ ပုပ္ပါးကျေးလက်ကျန်းမာရေးဌာနအနေနဲ့ သားဖွားခန်း တွဲဖက်ဖွင့်လှစ်ထား ပြီးတော့ ကျေးလက်ကျန်းမာရေးဌာနမှာ မိခင်နဲ့ကလေးများရဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို ပေးလျက်ရှိပါတယ်။ အဲဒီတော့ နယ်မြေတစ်ခုတည်းမှာ ကျွန်မတို့ တိုက်နယ်ဆေးရုံ၊ သံဃာ့ဆေးရုံ ဖြစ်သော်လည်း တိုက်နယ်ဆေးရုံတစ်ခု ရှိပြီးဖြစ်တာကြောင့် လောလောဆယ်အနေအထားမှာ ကျွန်မတို့ ပုပ္ပါး ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ်သို့ တိုးမြှင့်ဖွင့်လှစ်ရန်အတွက် အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။

သို့ရာတွင် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီမှု၊ အရည်အသွေးပြည့် ကျန်းမာရေးစောင့်ရှောက်မှု ပြည့်ဝစွာ ရရှိနိုင်ရေးအတွက် အဆိုပါတိုက်နယ်ဆေးရုံနဲ့ ကျွန်မတို့ ပုပ္ပါးကျေးလက်ကျန်းမာရေးဌာနတို့ကို မြို့နယ်ကျန်းမာရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ကျန်းမာရေး ဦးစီးဌာနများနဲ့ ညှိနှိုင်းပြီးတော့ စီမံခန့်ခွဲမှုနည်းလမ်းများဖြင့် ပြည်သူများ ကျန်းမာရေး စောင့်ရှောက်မှု လွယ်ကူစွာ ခံယူနိုင်ရေးအတွက် ကျွန်မတို့ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။

**အချိန်၊ ၁၂း၀၀။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်စာသုံးဆောင်ဖို့ အစည်းအဝေးကို (၄၅)မိနစ် ရပ်နားပါ့မယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို နံနက် ၁၂း၀၀ နာရီအချိန်တွင် ရပ်နားပြီး ၁၂း၄၅နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၂း၄၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ကျင်းပတော့မှာ ဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က မြန်မာ့လေကြောင်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား တင်သွင်းခြင်း

**အချိန်၊ ၁၂း၄၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာ့လေကြောင်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၄၉။**

**ဦးစောမော်ထွန်း (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များနဲ့ ကော်မရှင်အဖွဲ့ဝင်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာ ဆုမွန်ကောင်းများ တောင်းရင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ အမှတ်(၁)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောမော်ထွန်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ မြန်မာ့လေကြောင်း ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁ / ၂၀၁၄ - ၁၉၇
ရက်စွဲ၊ ၂၀၁၄ ခုနှစ် ၊ မေလ ၂၉ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က ၂၆-၂-၂၀၁၄ ရက်နေ့တွင် မြန်မာ့လေကြောင်းဥပဒေကို အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာရာ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၂၃-၅-၂၀၁၄ ရက်နေ့တွင် ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံပြီး ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

၂။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သော မြန်မာ့လေကြောင်းသည် နိုင်ငံတော်နှင့် ပြည်သူတို့၏ အထူးစီးပွားအတွက် ဆောင်ရွက်ပေးလျက်ရှိသည့် နိုင်ငံတော်အလံတင် နိုင်ငံ့ဂုဏ်ဆောင် လေကြောင်း လိုင်းဖြစ်ပါသည်။ မြန်မာ့လေကြောင်းလိုင်းကို ၁၉၅၂ ခုနှစ်မှ စတင်တည်ထောင်ခဲ့ပြီး စီးပွားရေးဆန်ဆန် ဆောင်ရွက်ရန် ဖွဲ့စည်းတည်ထောင်ခဲ့သော်လည်း မြန်မာနိုင်ငံတွင် ကျင့်သုံးခဲ့သည့် ခေတ်စနစ်နှင့်အညီ နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းတစ်ခုအဖြစ်သာ ရပ်တည်ဆောင်ရွက်ခဲ့ပါသည်။ ယခုအခါတွင် မြန်မာ့လေကြောင်း၏ စီမံအုပ်ချုပ်မှုနှင့် ငွေကြေးသုံးစွဲမှုစနစ်များကို စီးပွားရေးစနစ်နှင့် အညီ စီးပွားရေးဆန်ဆန် လွတ်လပ်စွာ ဆောင်ရွက်နိုင်ရန်၊ မြန်မာ့လေကြောင်းကို ပြောင်းလဲဖွဲ့စည်း နိုင်ရန် မြန်မာ့လေကြောင်းဥပဒေကိုအသစ် ရေးဆွဲတင်ပြလာခဲ့ခြင်းဖြစ်ပါသည်။

၃။ ဤဥပဒေရေးဆွဲပြဋ္ဌာန်းပြီးသည့်အခါ မြန်မာ့လေကြောင်း၏ မတည်ငွေများနှင့် အများပြည်သူတို့၏ အစုရှယ်ယာများ ဖိတ်ခေါ်ထည့်ဝင်စေပြီး အများနှင့် သက်ဆိုင်သော ကော်ပိုရေးရှင်းတစ်ခုအဖြစ် အသွင်ပြောင်းလဲပြီး လေကြောင်းစီးပွားရေးလုပ်ငန်းနှင့် အခြားသောဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုးတို့ကို ဈေးကွက် စီးပွားရေးစနစ်နှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။ ညှိနှိုင်းဆွေးနွေးချက်များအရ မူလအဆိုပြုဥပဒေကြမ်း၌ ပြင်ဆင်ဖြည့်စွက်မှုများကို ပြုလုပ်ခဲ့ပါသည်။ အဓိက ပြင်ဆင်ရန် သဘောတူညီခဲ့သည့် အချက်များမှာ -

(က) ရေရှည်၌ အများနှင့်သက်ဆိုင်သော ကော်ပိုရေးရှင်းအဖြစ် တည်ထောင်ဆောင်ရွက်နိုင်စေရန်၊

(ခ) လွတ်လပ်သော စီမံခန့်ခွဲရေးအဖွဲ့၏ တာဝန်ခံမှုဖြင့် မိမိ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်စေရန်၊

(ဂ) ဝင်ငွေနှင့် အကျိုးအမြတ် တိုးတက်စေရေးအတွက် လေကြောင်းစီးပွားရေး လုပ်ငန်းများ ထူထောင်ခြင်း၊ ဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုးတို့ကို ဆောင်ရွက်ခြင်းနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်ခြင်းများကို ကျယ်ပြန့်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်စေရန်၊

(ဃ) ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူတို့နှင့် သီးခြားလုပ်ငန်းသဘောတူစာချုပ်များချုပ်ဆို၍ ဖက်စပ်ကုမ္ပဏီများ တည်ထောင်လိုပါက တည်ထောင်ဆောင်ရွက်နိုင်ရန်၊

(င) နိုင်ငံတော်ပိုင်မှ စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် အသွင်ကူးပြောင်းဆောင်ရွက်သည့်အခါတွင် ဝန်ထမ်းများ၏ အခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေဘဲ လစာ၊ စရိတ်၊ ကရုဏာကြေး၊ နစ်နာကြေး၊ ချီးမြှင့်ငွေ၊ ပင်စင်နှင့် အငြိမ်းစားယူမှုဆိုင်ရာကိစ္စရပ်များကို စနစ်တကျ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်၊

(စ) အခြားလေကြောင်းလိုင်းများနှင့် ယှဉ်ပြိုင်ဆောင်ရွက်နိုင်စေရန်၊

(ဆ) ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်စေရန်အတွက် အပိုကြေးများကို စနစ်တကျပေးအပ်နိုင်ရန်၊

(ဇ) ခေတ်နှင့် လျော်ညီသည့် တားမြစ်ချက်များနှင့် ပြစ်ဒဏ်များကို ပြဋ္ဌာန်းသတ်မှတ်နိုင်စေရန် စသည့်အချက်များကို ပြင်ဆင်ဖြည့်စွက်ရန် သဘောတူညီမှုရရှိခဲ့ပါသည်။

၄။ သို့ဖြစ်ပါ၍ ဥပဒေကြမ်း၏ နိဒါန်း၊ ပုဒ်မ ၂၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၅၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၉၊ ပုဒ်မ ၁၇၊ ပုဒ်မခွဲ(ဂ)၊ (ဃ)၊ (င)၊ (ဆ)နှင့် (ဈ)၊ ပုဒ်မ ၁၈၊ ပုဒ်မခွဲ(င)၊ (ဇ)၊ (ဈ)၊ (ဠ)နှင့် (ပ)၊ ပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဃ)၊ (င)၊ (ဆ)၊ ပုဒ်မခွဲ(ဇ)၊ ပုဒ်မခွဲငယ်(၅)နှင့် (၆)၊ ပုဒ်မ ၂၀၊ ပုဒ်မခွဲ(ခ)၊ (ဂ)၊(စ)၊ (ဆ)နှင့် (ဇ)၊ ပုဒ်မ ၂၃၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၂၇၊ ပုဒ်မ ၂၈ တို့ကို ပယ်ဖျက်ရန် ဆောင်ရွက်ထားပါသည်။

၅။ ထို့အပြင် ဥပဒေကြမ်း၏ ပုဒ်မ ၃၊ ပုဒ်မခွဲ(င)၊ ပုဒ်မ ၇၊ ပုဒ်မခွဲ(ပ)၊ ပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)၊ အခန်း(၆)၊ ပုဒ်မ ၁၉၊ ပုဒ်မခွဲ(က)နှင့်(ခ)၊ ပုဒ်မ ၂၀၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၂၄ တို့အဖြစ် အသစ်ဖြည့်စွက်ခဲ့ပါသည်။

၆။ မူလဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(က)၊ (ဂ)၊ (ဃ)၊ (င)နှင့် (စ)၊ ပုဒ်မ ၃၊ ပုဒ်မခွဲ(က)၊ (ခ)နှင့် (ဃ)တို့ကို အဓိပ္ပာယ်ပိုမိုတိကျစေရန်နှင့် စာသားများပြင်ဆင်ပြီး၊ အစီအစဥ်တကျ ပြောင်းလဲအမှတ်စဥ်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၇။ မူလဥပဒေကြမ်း ပုဒ်မ ၄ ကို ပုဒ်မခွဲ(က)၊ (ခ)နှင့် ပုဒ်မ ၅၊ ပုဒ်မခွဲ(က)၊(ခ)၊(ဂ)နှင့် (ဃ)တို့အဖြစ်လည်း ကောင်း၊ မူလ ပုဒ်မ ၅၊ ပုဒ်မခွဲ(က) အား ပုဒ်မ ၆ အဖြစ်လည်းကောင်း ပြောင်းလဲဖော်ပြ သင့်ကြောင်း တွေ့ရှိရပါသည်။

၈။ စီမံခန့်ခွဲရေးပိုင်းတွင် ပြည့်စုံမှုရှိစေရန်အတွက် မူလဥပဒေကြမ်း အခန်း(၃)၊ ပုဒ်မ ၆၊ ပုဒ်မခွဲ(က)၊ (ခ)အား အခန်း(၆)၊ ပုဒ်မ ၁၈၊ ပုဒ်မခွဲ(က)၊ (ခ)အဖြစ် ဆီလျော်သလို ပြောင်းလဲအမှတ်စဥ်သင့်ပါကြောင်း တွေ့ရှိရပါသည်။

၉။ မူလဥပဒေကြမ်း ပုဒ်မ ၇၊ ပုဒ်မခွဲ(စ) ၊ ပုဒ်မ ၈၊ ပုဒ်မခွဲ(က)၊ (ခ)၊ (ဂ)၊ ပုဒ်မ ၁၀၊ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(က)၊ ပုဒ်မ ၁၃၊ ပုဒ်မခွဲ(က)၊ (ခ)၊ ပုဒ်မ ၁၄၊ ပုဒ်မ ၁၅၊ ပုဒ်မ ၁၆၊ ပုဒ်မခွဲ(က)၊ (ခ)၊ ပုဒ်မ ၁၇၊ ပုဒ်မခွဲ(ခ)၊ (ဇ)၊ (ဠ)၊ ပုဒ်မ ၁၈၊ ပုဒ်မခွဲ(က)၊ (ခ)၊ (ဂ)၊ (ဆ)၊ (ဠ)၊ (ဍ) တို့ကို ဖြည့်စွက်ပြင်ဆင်ပြီး ပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဈ)အား ပုဒ်မ ၁၇၊ ပုဒ်မခွဲ(ခ)အဖြစ် အစားထိုးပြင်ဆင်သင့်ကြောင်း တွေ့ရှိရပါသည်။

၁၀။ မူလဥပဒေကြမ်း ပုဒ်မ ၁၉၊ ပုဒ်မခွဲ (က)၊ (ခ)၊ (ည)၊ (ဠ)၊ (ဍ)၊ ပုဒ်မ ၂၀၊ ပုဒ်မခွဲ(ဈ)၊ ပုဒ်မ ၂၃၊ ပုဒ်မ ၂၅၊ ပုဒ်မ ၂၆၊ ပုဒ်မ ၂၉၊ ပုဒ်မခွဲ(က)၊(ခ)တို့ကို မြန်မာစာ အရေးအသား ဆီလျော်မှုရှိစေရန်၊ ဥပဒေရေးထုံးနှင့် ညီညွတ်မှုရှိစေရန်နှင့် စာသားများပြည့်စုံမှုရှိစေရန်အတွက်လည်း ဥပဒေကြမ်း၏ လိုအပ်သည့် နေရာများ တွင် ဆီလျော်သလို ပြင်ဆင် ဖြည့်စွက်သင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

၁၁။ မူလ ပုဒ်မ ၂၀ ကို ပုဒ်မ ၂၁ အဖြစ်ပြောင်းလဲအမှတ်စဥ်သည်။

၁၂။ မူလပုဒ်မ ၂၁ နှင့် ပုဒ်မ ၂၂ တို့ကို ပုဒ်မ ၂၂နှင့် ပုဒ်မ ၂၃ တို့အဖြစ် အောက်ပါအတိုင်း အစားထိုး ပြင်ဆင်သင့်ပါကြောင်း-

ပုဒ်မ ၂၂ - မည်သူမဆို ပုဒ်မ ၂၁၊ ပုဒ်မခွဲ(က)၊ (ခ)၊ (ဂ)ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။ ပုဒ်မ ၂၃ - မည်သူမဆို ပုဒ်မ ၂၁၊ ပုဒ်မခွဲ(ဃ)၊ (င)ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို (၃)လထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်ဆယ်သိန်းထက် မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

၁၃။ ထို့အပြင် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ပြင်ဆင်ပြောင်းလဲခဲ့သဖြင့် ဥပဒေတစ်ရပ်လုံးတွင် စကားရပ်များ ပြောင်းလဲခြင်းများရှိသကဲ့သို့ မြန်မာစာရေးထုံးနှင့် ဥပဒေရေးထုံးဆိုင်ရာ ပြင်ဆင် ဖြည့်စွက်ခြင်းများကိုလည်း ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။ ပြင်ဆင်ဖြည့်စွက်ခြင်းနှင့် ပယ်ဖျက်ခြင်း အသေးစိတ်ကို ကန့်လန့်ဖြတ်ဇယားဖြင့် ပူးတွဲတင်ပြအပ်ပါသည်။

ကော်မတီ၏ သဘောထားမှတ်ချက်

၁၄။ ဤဥပဒေကြမ်းအပေါ် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းသဘောတူညီမှုရယူကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသဖြင့် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ပယ်ဖျက်ချက်များကို အမျိုးသားလွှတ်တော်က အတည်ပြုနိုင်ပါရန် တင်ပြအစီရင်ခံအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**မြန်မာ့လေကြောင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၂း၅၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မြန်မာ့လေကြောင်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော် ကိုယ်စားလှယ် သုံးဦးအမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ တပ်မတော်သား ကိုယ်စားလှယ် ဒုတိယ ဗိုလ်မှူးကြီးစိုးလင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၀၀။**

**ဒုတိယဗိုလ်မှူးကြီးစိုးလင်း(တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဒုတိယဝန်ကြီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် (လေ) ၂၁၆၂ ဒုတိယ ဗိုလ်မှူးကြီးစိုးလင်း ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ပို့ဆောင်ရေးဝန်ကြီးဌာနမှ အမျိုးသားလွှတ်တော် ပထမအကြိမ် နဝမပုံမှန်အစည်းအဝေးသို့ တင်သွင်းခဲ့သည့် မြန်မာ့လေကြောင်း ဥပဒေမူကြမ်းအား အကြံပြု ထောက်ခံဆွေးနွေး တင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့လေကြောင်းအနေနဲ့ လက်ရှိလိုက်နာကျင့်သုံးလျက်ရှိသော ပြည်ထောင်စုမြန်မာနိုင်ငံ လေကြောင်းသယ်ယူပို့ဆောင်ရေး အက်ဥပဒေ ၁၉၅၂ ခုနှစ်မှ အက်ဥပဒေအမှတ် ၃၉ အား ခေတ်စနစ်နဲ့ လိုက်လျောညီထွေမှုမရှိသဖြင့် ၎င်းဥပဒေကို ရုပ်သိမ်းပြီးတော့ ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ ပိုမိုအောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် corporatization အသွင် ပြောင်းလဲပြဋ္ဌာန်း လိုက်နာကျင့်သုံးမှာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကောင်းမွန်တဲ့၊ မှန်ကန်တဲ့ ရည်ရွယ်ချက်ကို ကြိုဆိုထောက်ခံပါတယ်ခင်ဗျား။ ဒီလိုပြောင်းလဲ ပြဋ္ဌာန်းလိုက်တဲ့အခါမှာ မြန်မာ့လေကြောင်းအနေနဲ့ တိုက်ရိုက် ဝယ်ယူခြင်း၊ ရောင်းခြင်း၊ ငှားခြင်းများဆောင်ရွက်နိုင်ရန်အတွက် Cape town convention မှာ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ရပါတယ်ခင်ဗျား။

သို့ဖြစ်ပါ၍ Cape town convention အရ လိုက်နာဆောင်ရွက်ရတော့မှာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဥပဒေများလည်း လိုအပ်သလို ပြဋ္ဌာန်းရမှာ ဖြစ်ပါတယ်ခင်ဗျား။ အမျိုးသား

လွှတ်တော်သို့ တင်သွင်းခဲ့တဲ့ မြန်မာ့လေကြောင်းဥပဒေနဲ့ ရွေ့လျားနိုင်သော ပစ္စည်း ကိရိယာများနဲ့ လေယာဉ်ပစ္စည်းကိရိယာ သီးသန့် ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာ အကျိုးစီးပွားများ ဥပဒေကြမ်း တို့ဟာ ဆက်စပ်လျက်ရှိကြောင်းလည်း လေ့လာတွေ့ရှိရပါတယ်ခင်ဗျား။

Cape town convention ကိုလေ့လာတဲ့အခါမှာ နိုင်ငံတကာ လေကြောင်းလိုင်းတွေမှာ အသုံးပြုနေတဲ့ လေယာဉ် တွေဟာ ကုမ္ပဏီတွေကနေပြီးတော့မှ ငှားရမ်းအသုံးပြုခြင်း ဖြစ်ပါတယ် ခင်ဗျား။ လေယာဉ်နဲ့ လေယာဉ်ဆက်စပ် ပစ္စည်းတွေဟာ တန်ဖိုးမြင့်မားပါတယ်ခင်ဗျား။ တန်ဖိုး မြင့်မား တဲ့အတွက် လေယာဉ်တွေနဲ့ ဆက်စပ်ပြီးတော့ အကျိုးစီးပွားရှာနေတဲ့ ကုမ္ပဏီတွေ၊ လေကြောင်းလိုင်း တွေအတွက် ရင်းနှီးမြှုပ်နှံမှုတွေဟာ ယုံကြည်စိတ်ချစွာ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတကာ မှတ်ပုံတင်တဲ့ စနစ်တစ်ခု လိုအပ်လာတာပဲ ဖြစ်ပါတယ်။ အဲဒီလို လိုအပ်လာတဲ့ အတွက်ကြောင့်မို့လို့ Cape town မြို့မှာ တင်ပြပါ Power point slide မှာ တင်ပြထားတဲ့ Cape town မြို့မှာ Cape town convention ကို ကျွန်တော်တို့ လက်မှတ်ရေးထိုးပြီး ဆောင်ရွက်ခဲ့ကြတာလည်း ဖြစ်ပါတယ်။

လေယာဉ်တွေနဲ့ ဆက်စပ်ပစ္စည်းများနဲ့ ပတ်သက်ပြီးတော့ အကျိုးအမြတ် ရှာဖွေသူတွေ အတွက်တော့ အရေးပါတဲ့ convention လို့လည်း ပြောလို့ရပါတယ်။ ရောင်းသူ၊ ဝယ်သူတွေ အတွက် အကာအကွယ်ပေးနိုင်တဲ့ စနစ်တစ်ခုလည်း ဖြစ်ပါတယ်ခင်ဗျား။ Cape town convention ကို ပူးတွဲဆောင်ရွက်မယ်ဆိုပါက ဖြစ်ထွန်းလာမယ့် အကျိုးစီးပွားတွေကို လေ့လာရှာဖွေတဲ့နေရာမှာ တွေ့ရှိသမျှ ကျွန်တော်တင်ပြလိုပါတယ်ခင်ဗျား။ တစ်ချက်ကတော့ ရှင်းလင်းပြတ်သားတဲ့ စနစ် တွေကြောင့်မိုလို့ လုပ်ငန်းဆောင်ရွက်တဲ့အခါမှာ လွယ်ကူစေတဲ့အချက်ဖြစ်ပါတယ်။ နောက်တစ်ချက် ကတော့ ရရှိလာတဲ့ ငွေကြေးတွေကို လွယ်ကူစွာ လက်ခံရနိုင်ပါတယ်။ နောက်တစ်ချက်ကတော့ အပြန်အလှန် အကျိုးစီးပွားကို ထောက်ပံ့ကူညီပေးနိုင်ခြင်းနဲ့ ကာကွယ်ပေးခြင်းတို့ပဲ ဖြစ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Cape town convention နဲ့ ပတ်သက်ပြီး (၁၀)နှစ်တာ သုံးသပ်တင်ပြထားမှုကို Power point slide ဖြင့် တင်ပြလိုပါတယ်ခင်ဗျား။ ဒီမှာ Ten Years Anniversary of Cape town convention နဲ့ ပတ်သက်ပြီးတော့ Air Craft Protocolကို ကျွန်တော်တို့ International Registry နဲ့ ပတ်သက်ပြီးတော့၊ ဆက်စပ်ပြီးတော့ လေ့လာထားတာ ဖြစ်ပါတယ်ခင်ဗျား။ ဒီလိုလေ့လာတဲ့အခါမှာ International Registry နဲ့ ပတ်သက်ပြီးတော့မှ ဒီ Registrars Role ကလည်းပဲ ကျွန်တော်တို့ မြင့်မားတာတွေ့ရပါတယ်။ Status အနေနဲ့ အောင်မြင်မှု စိတ်ဓာတ် ရှိပြီးတော့မှ ဒီတစ်ခါတလေမှာ ကျွန်တော်တို့က ဒီ Surprise ဖြစ်တဲ့ မမျှော်လင့်သော အခြေအနေများနဲ့ လေယာဉ်ပျံအသစ်တွေ အခြားအသစ်အသစ်သော ဆန်းသစ်တဲ့ မမျှော်လင့်ထားတဲ့ ကိစ္စရပ်တွေမှာ Risk ဆိုတဲ့ factor မှာ ကျွန်တော်တို့က အနည်းငယ် Risk ယူရတဲ့ အပိုင်းတွေမှာ ပါ ပါတယ်။ သို့သော်လည်းပဲ အဲဒီ Risk တွေကို Risk ယူရတဲ့ဟာတွေကို ကျွန်တော်တို့က Over come လုပ်ပြီးတော့မှ ဒီအောင်မြင်မှု Factor အနေနဲ့ Governance တွေကို ကျွန်တော်တို့ တင်ပေးရတာဖြစ်ပါတယ်။ ဒီ Cape town convention Effective state တွေကို ၂၀၀၆ ခုနှစ်ကနေပြီးတော့ ၂၀၁၁ ခုနှစ်အထိ လေ့လာထားတာဟာ တင်ပြပါ Graph အတိုင်းပဲ ဖြစ်ပါတယ်။

International Registry နဲ့ ပတ်သက်ပြီးတော့ ဆက်စပ် လေ့လာတဲ့အချိန်မှာ ဒီ help desk ဆိုတဲ့ ကျွန်တော်တို့ စီးပွားရေးလုပ်ငန်း ဝန်ဆောင်မှုတွေကို ထိထိရောက်ရောက် ကူညီစောင့်ရှောက်ပေးနိုင်ခြင်း၊ ဒီ Approval ဖြစ်တဲ့ လုပ်ငန်းတွေကို ဆောင်ရွက်ပေးနိုင်ခြင်း၊ ယုံကြည်စိတ်ချစွာဖြင့် ကျွန်တော်တို့ security ရှိရှိ အသုံးပြုနိုင်ခြင်း၊ ပြီးရင် registration တွေမှာ ကျွန်တော်တို့ confirm ဖြစ်တယ်ဆိုတဲ့ ကျွန်တော်တို့ registration လုပ်တိုင်း လုပ်တိုင်းမှာ စိုးရိမ်စရာမရှိဘဲ လုပ်နိုင်တဲ့အချက်အလက်တွေဟာ ဒါ International Registry နဲ့ ဆက်စပ်ပြီးတော့မှ ဖြစ်တည်နေတာတွေ့ရပါတယ်ခင်ဗျား။ အဲဒီလိုပဲ registration section တွေနဲ့ ပတ်သက်ပြီးတော့မှ နှစ်စဉ် ကျွန်တော်တို့ ၂၀၀၇ ခုနှစ်ကနေပြီးတော့ ၂၀၁၁ ခုနှစ်အထိ ကျွန်တော်တို့ လေ့လာထားတာကို တင်ပြပါ graph မှာ တွေ့ရမှာ ဖြစ်ပါတယ်ခင်ဗျား။ Success Factor အနေနဲ့ ကျွန်တော်တို့ အောင်မြင်မှုတွေကို ကျွန်တော်တို့က အချက်အလက် ပြန်ကြည့်တဲ့အခါမှာ Governance အောင်မြင်မှု ရတယ်။

ပြီးရင် ကျွန်တော်တို့ Share Holder ရဲ့ ရည်မှန်းချက်တွေကို ကျွန်တော်တို့ ဖြည့်ဆည်းပေးနိုင်တယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ ဒီလုပ်ထားတဲ့ ကျွန်တော်တို့ ဒီ Stake Holder နဲ့ သူ့ရဲ့ Industry တွေနဲ့ ကြားမှာဖြစ်တဲ့ engagement တွေမှာ ပြောင်းလဲမှုတစ်ခု ဖြစ်စဉ်တွေထဲမှာ အစောက တင်ပြခဲ့သလို Risk Management ဆိုတဲ့ဟာလေးကတော့ အနည်းငယ်ရှိပါတယ်။ သို့သော်လည်းပဲ ဒီ Risk Management တွေကတော့ တဖြည်းဖြည်းနဲ့ လျော့ကျသွားမှာကိုလည်း ဆက်လက် တင်ပြပါ့မယ်။

Governance ပိုင်းမှာကတော့ ICAO နဲ့ ကျွန်တော်တို့ International Registry Advisory နဲ့ ကျွန်တော်တို့က ဆက်စပ်ပြီးတော့မှ ဆောင်ရွက်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့ နေရာမှာလည်း ကျွန်တော်တို့က Security နဲ့ ပတ်သက်ပြီးတော့မှ ဒီ Independence ဖြစ်ဖြစ်နဲ့ ကျွန်တော်တို့ Review ကျွန်တော်တို့ နှစ်စဉ်ပြန်လုပ်ပါတယ်။ Quality နဲ့ ဒီ Security ကို standard ဖြစ်သလား၊ မဖြစ်သလားဆိုတာကိုလည်းပဲ standard ဖြစ်တဲ့ ဒီအဆင့်အတန်း ကိုလည်းပဲ ကျွန်တော်တို့က နှစ်စဉ် ဒါလေ့လာတဲ့ အနေအထားရှိပါတယ်။ အလေးထား ဆောင်ရွက်ပါတယ်။ Annual customer survey ပေါ့၊ ဒီ Customer တွေရဲ့ လိုအပ်ချက် Need and want တွေကို သူတို့က လေ့လာပြီးတော့မှ ဆောင်ရွက်တဲ့အတွက်ကြောင့်မိုလို့ နှစ်စဉ်လည်း အောင်မြင်မှု ရတယ်လို့ ကျွန်တော် အကြမ်းဖျင်းတင်ပြလိုပါတယ်။ ဘယ်လိုပဲ ကျွန်တော်တို့ Risk Factor တွေ ယူခဲ့ရပေမယ်လို့ ဒီ Risk Factor တွေနဲ့ ပတ်သက်ပြီးတော့မှ နှစ်စဉ် ကျွန်တော်တို့ စစ်တမ်း ကောက်လိုက်တဲ့အခါမှာ ၂၀၀၆ ခုနှစ်ကနေပြီးတော့မှ ၂၀၁၁ ခုနှစ်မှာ Risk Factor တွေက ကျွန်တော်တို့ တဖြည်းဖြည်းနဲ့ ကျလာတာကို တွေ့မြင်ရမှာဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့လေကြောင်းနဲ့ ပတ်သက်ပြီး အရေးအသားများပိုမိုကျစ်လျစ်စေရန် ပြင်ဆင်ချက်များနဲ့ ထပ်မံလိုအပ်သည့် ယူဆရသော ထပ်မံဖြည့်စွက်ချက်များကို ကျွန်တော့်ရဲ့ လုပ်ငန်းအတွေ့အကြုံတွေထဲမှာ ရှာဖွေပြီးတော့မှ တင်ပြထားတာ ဖြစ်ပါတယ်ခင်ဗျား။ တင်ပြရမှာဆိုရင်တော့ အခန်း(၃) ကျွန်တော်တို့ မြန်မာ့လေကြောင်းဥပဒေရဲ့ ပုဒ်မ ၄ (င) ဖြစ်ပါတယ်။ မူလပြဋ္ဌာန်းချက်ကတော့ မိမိပိုင်ဆိုင်တဲ့ သို့မဟုတ် ဆက်ခံရရှိသည့် ငွေကြေးနှင့်

ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကိုလည်းကောင်း၊ နိုင်ငံတော် က လွှဲအပ်ပေးသော သို့မဟုတ် လုပ်ပိုင်ခွင့်ရရှိသော မြေ၊ အဆောက်အဦ၊ လေယာဉ်၊ ရဟတ်ယာဉ်၊ ယာဉ်၊ ယန္တရား၊ စက်ကိရိယာ၊ ကုန်ပစ္စည်း စသည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သော ပစ္စည်းတို့ကိုလည်းကောင်း၊ ရယူခွင့်၊ လက်ဝယ်ထားပိုင်ခွင့်၊ အသုံးပြုပိုင်ခွင့် ရှိသည်ဆိုတဲ့ ပုဒ်မထဲမှာ ရှိတဲ့ ကျွန်တော်တို့ ယာဉ်၊ ယန္တရား၊ စက်ကိရိယာ ဆိုတာကို ကျွန်တော်ပြင်ဆင်လိုပါတယ်။ ဒီလိုပြင်ဆင်ရတဲ့ အကြောင်းရင်းကလည်းပဲ ယာဉ်၊ ယန္တရား၊ စက်ကိရိယာလို့ ဖော်ပြတဲ့ဟာက အခြား ယာဉ်၊ ယန္တရား၊ စက်ကိရိယာများနဲ့ ရှုပ်ထွေးမှု၊ ဒါမှမဟုတ်လို့ရှိရင် နားလည်မှု ကွဲလွဲနိုင်ပါတယ် ခင်ဗျား။ လေယာဉ်တွေကို ကျွန်တော်တို့ maintenance လုပ်တဲ့အခါမှာ၊ ဒါမှမဟုတ် လွှဲပြောင်းတဲ့ အခါမှာ၊ ပေးတဲ့အခါမှာ ကျွန်တော်တို့က Test Equipment တွေ၊ Special Tools တွေ၊ Support Equipment တွေဟာ မရှိမဖြစ် လိုအပ်လာပါတယ်။

ဒီလို လိုအပ်တဲ့အခါမှာ မြေပြင်သုံးပစ္စည်းတွေနဲ့ သူတို့ခေါ်တဲ့ Air craft Ground equipment များ ပါဝင်လာမှာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဥပဒေပြဋ္ဌာန်းတဲ့အခါမှာ ရိုးရှင်း လွယ်ကူပြီး သိသာထင်ရှားစွာ ဖြစ်နိုင်ရေးတို့အတွက် လေယာဉ်နှင့် သက်ဆိုင်သည့် ယာဉ်ယန္တရား စက်ပစ္စည်း ကိရိယာတန်ဆာပလာများဟု ပြင်ဆင်ရေးသား လိုပါတယ်ခင်ဗျာ။

နောက်တစ်ခု ထပ်မံပြီး ပြင်ဆင်လိုတာကတော့ ပုဒ်မ ၆ (ခ) ပဲ ဖြစ်ပါတယ်ခင်ဗျား။ မူလပြဋ္ဌာန်းချက်ကတော့ ပုဒ်မ (က)အရ ခန့်အပ်သော အရာထမ်းသည် အသက်(၆၀)နှစ်ပြည့်ပါက သက်ပြည့်အငြိမ်းစားယူခွင့်ပေးခြင်း သို့မဟုတ် လုပ်ငန်းလိုအပ်ချက် အရသော်လည်း၊ ကာယကံရှင်၏ ကျန်းမာရေးအခြေအနေအရသော်လည်းကောင်း ဆက်လက်တာဝန် ထမ်းဆောင်လိုသော အဆိုပါ အရာထမ်းအား အသက် (၆၅)နှစ်ပြည့်သည့်အချိန်အထိ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် တစ်နှစ်လျှင် တစ်ကြိမ်စီ သက်တမ်းတိုးမြှင့်ဆောင်ရွက်နိုင်ပါသည်ဟု ဖော်ပြထားပါတယ်။ ဒီလို ဖော်ပြချက်ဟာ ပြဋ္ဌာန်းထားတဲ့ အရေးအသားမှာ လုပ်ငန်းလိုအပ်ချက်အရသော်လည်း၊ ကာယကံရှင်၏ ကျန်းမာရေး အခြေအနေအရသော်လည်းကောင်းဟု ဖော်ပြထားတဲ့အတွက်ကြောင့်မို့လို့ ကျန်းမာရေး ကောင်းမွန်သူရော လုပ်ငန်းလိုအပ်ချက်အရရော ဆက်လက်တာဝန် ထမ်းဆောင်နိုင်တယ်လို့ ထင်မြင် ယူဆနိုင်ပါတယ်ခင်ဗျား။ သက်ပြည့်ဝန်ထမ်းတိုင်းဟာ ကျန်းမာရေးကောင်းသော ဝန်ထမ်းတိုင်းကို ဆက်လက် တာဝန်ထမ်းဆောင်ခန့်ပေးနိုင်မှု မရှိဘူးဆိုတာ နားလည်ပါတယ်ခင်ဗျ။ ပြင်ဆင်လိုတာ ကတော့ လုပ်ငန်းလိုအပ်ချက်အရ ကျန်းမာရေးကောင်းပြီး ဆက်လက်တာဝန် ထမ်းဆောင်လိုသော အဆိုပါ အရာထမ်းအား အသက်(၆၅)နှစ် ပြည့်သည့်အချိန်အထိ ဝန်ကြီးဌာန၏ သဘောတူညီ ချက်ဖြင့် တစ်နှစ်လျှင် တစ်ကြိမ်စီ သက်တမ်းတိုးမြှင့် ဆောင်ရွက်နိုင်သည်ဟု ပြင်ဆင်လိုပါတယ် ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အသစ်ပြဋ္ဌာန်းချက် ဖြည့်စွက်လိုတာကတော့ အခန်း(၄) မြန်မာ့လေကြောင်းလုပ်ငန်းတာဝန်များ ဖြစ်ပါတယ်ခင်ဗျား။ မြန်မာ့လေကြောင်းရဲ့ လုပ်ငန်းတာဝန်တွေမှာ (က)မှ(ဏ)အထိ (၁၅) ခု ပြဋ္ဌာန်းထားပါတယ်ခင်ဗျား။ ဒီလိုပြဋ္ဌာန်းတဲ့အခါမှာ ရောင်းခြင်း၊ ဝယ်ခြင်း၊ ငှားရမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်တဲ့နေရာမှာ အရေးပါတဲ့ ကျွန်တော်တို့ Quality Control လို့ ခေါ်တဲ့ QC လုပ်ငန်းလုပ်မယ့်တာဝန်နဲ့ တန်ဖိုးမြင့်မားတဲ့ လေယာဉ်အနေနဲ့ ဆက်စပ်ပစ္စည်းတွေကို မတော်တဆမှုကြောင့် ဆုံးရှုံးမှုမဖြစ်စေရန် ဝေဟင်မြေပြင် ကြိုတင်

ကာကွယ်မယ့် တာဝန်တွေကိုလည်းပဲ အသစ်ဖြည့်စွက်လိုပါတယ်ခင်ဗျား။ လေယာဉ်နဲ့ သက်ဆိုင်တဲ့ စီးပွားရေးလုပ်ငန်း၊ လေယာဉ်စက်ဆီ၊ ချောဆီ၊ အစားအစာ၊ ပြုပြင်ထိန်းသိမ်းမှုတွေအတွက် အရည်အသွေးထိန်းသိမ်းဆောင်ရွက်ခြင်းနဲ့ လေယာဉ်နဲ့ လေယာဉ်သုံးပစ္စည်းတွေ၊ တန်ဖိုးကြီးမားတဲ့ အတွက် ဝေဟင်မတော်တဆမှုများ၊ မြေပြင်မတော်မဆမှုများ ပျက်စီးဆုံးရှုံးမှုမှ ကာကွယ်နိုင်ရန် အတွက် (တ) နဲ့ (ထ) ဆိုပြီး အသစ်ထပ်မံဖြည့်စွက် လိုပါတယ် ခင်ဗျား။

ဖြည့်စွက်လိုတဲ့ အကြောင်းအရာများကတော့ (တ) လေယာဉ်၊ ဝေဟင်၊ မြေပြင် ဝန်ဆောင်မှု လုပ်ငန်းများနှင့် ပြုပြင်ထိန်းသိမ်းမှု လိုအပ်ချက်များအတွက် အရည်အသွေး စစ်ဆေးခြင်း ဖြစ်ပါတယ်။ (ထ) ကတော့ လေယာဉ်၊ ဝေဟင်၊ မြေပြင် မတော်တဆ မဖြစ်ပွားရေး ကြိုတင်ကာကွယ် ဆောင်ရွက်ခြင်းပဲ ဖြစ်ပါတယ်ခင်ဗျား။ နောက်ဆုံးအနေနဲ့ အကြံပြုတင်ပြလိုတာကတော့ ယခင် ဝန်ကြီး ဌာနမှာတုန်းကတော့ လက်အောက်ဝန်ထမ်းတွေဟာ အစိုးရဝန်ထမ်းအဖြစ်နဲ့ တာဝန် ထမ်းဆောင်ခဲ့တဲ့ အခါမှစပြီးတော့ ယခု Business၊ ကော်ပိုရေးရှင်းအသွင်နဲ့ ကျွန်တော်တို့က ဆောင်ရွက်မှာ ဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ယခင်ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေ ရှိပါတယ်။ နောက်ထပ် အသစ်ပြဋ္ဌာန်းမယ့် ဥပဒေတွေလည်း ရှိလာမှာ ဖြစ်ပါတယ်။ ဒီကြားထဲမှာ transit period လို့ခေါ်တဲ့ transitatinal ကျွန်တော်တို့ provision လို့ခေါ်တဲ့ ဥပဒေတွေကို ကျွန်တော်တို့က လိုက်နာ နိုင်ရေးအတွက် နောက်ကြောင်းပြန်သက်ရောက်နိုင်တဲ့ ဥပဒေ၊ နည်းဥပဒေများကိုလည်း ကျွန်တော်တို့က ထည့်သွင်း စဉ်းစားသင့်ပါကြောင်း တင်ပြရင်းနဲ့နိဂုံးချုပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၁၅။**

**ဥက္ကဋ္ဌ။** ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) မှ ဦးညွန့်တင် ဆွေးနွေးနိုင် ပါပြီ။

**အချိန်၊ ၁၃း၁၅။**

**ဦးညွန့်တင်၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ကော်မရှင် အဖွဲ့ဝင်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်း ဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးညွန့်တင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ပို့ဆောင်ရေးဝန်ကြီးဌာနက လွှတ်တော်မှာ တင်သွင်းလာတဲ့ မြန်မာ့လေကြောင်းဥပဒေနဲ့ပတ်သက်ပြီး ထောက်ခံအကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ အင်္ဂလိပ်စာအသုံးအနှုန်းအနည်းငယ်ပါရှိရင် ခွင့်ပြုပေးပါရန် ပန်ကြားအပ်ပါတယ်။

ကျွန်တော့်အနေနဲ့ မြန်မာ့လေကြောင်းလောက တိုးတက်ရေးအတွက် တစိုက်မတ်မတ် ကျွန်တော်လွှတ်တော်မှာ အဆိုတွေ၊ မေးခွန်းတွေ တင်သွင်းခဲ့ပါတယ်။ တင်သွင်းတဲ့အလျောက်လည်း ကျွန်တော်တို့ ပို့ဆောင်ရေးဝန်ကြီးဌာနအနေနဲ့ ကျွန်တော့် အဆိုကလည်း အောင်မြင်ခဲ့ပါတယ်။ အဲဒီလို အောင်မြင်တဲ့အလျောက် ပို့ဆောင်ရေးဝန်ကြီးဌာနအနေနဲ့ လိုက်လံဆောင်ရွက်နေတာ တွေ့ရပါတယ်။ ကျွန်တော်တို့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ ကျွန်တော့်အနေနဲ့ နိုင်ငံတော်ပိုင်မြန်မာ့လေကြောင်း၊ နိုင်ငံ့ဂုဏ်ဆောင် လေကြောင်းလိုင်း National Flag Carrier အဖြစ်ဆက်လက်ပျံသန်းနိုင်ရေးအတွက် ၁၉၅၂ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၉ ကို ပြန်လည်ပြင်ဆင်သည့်

ဥပဒေတစ်ရပ် ထုတ်ပြန်၍ နိုင်ငံ့ဂုဏ်ဆောင် လေကြောင်းလိုင်းအဖြစ် ဆက်လက်ပျံသန်းနိုင်ရန် သက်ဆိုင်ရာမှ ပံ့ပိုးကူညီဆောင်ရွက်ပေးပါရန်ဆိုတဲ့ အဆို ဖြစ်ပါတယ်။

အဲဒီအဆိုကို အောင်မြင်သွားတဲ့အတွက်ကြောင့် ပို့ဆောင်ရေးဝန်ကြီးဌာနအနေနဲ့လည်း တစိုက်မတ်မတ်လေကြောင်းလိုင်းတိုးတက်ရေးအတွက် ဆောင်ရွက်နေတာတွေ့ရပါတယ်။ အများသိတဲ့ အတိုင်းပဲ ကျွန်တော်တို့ ဒီခေတ်မှာ လေကြောင်းလိုင်းတွေဟာ အထူးတိုးတက်လာတာတွေ့ရပါတယ်။ အဲဒီထဲမှာ ကျွန်တော်တို့ မြန်မာ့လေကြောင်းလိုင်းကို တိုးတက်ဖို့အတွက်လည်း အင်မတန်မှ အရေးကြီးပါတယ်။ ဒါကြောင့်မို့လို့ ဒီမြန်မာ့လေကြောင်းဥပဒေကြမ်းကို ဒီပို့ဆောင်ရေးဝန်ကြီးဌာနအနေနဲ့ တင်လာတဲ့အတွက် ကျွန်တော့်အနေနဲ့ ဝမ်းသာအားရစွာ ကြိုဆိုလိုပါတယ်။ အဲဒီတော့ ဒီလိုကြိုဆိုတဲ့ အခါမှာ ကျွန်တော် ဒီဥပဒေကြမ်းကိုလေ့လာတဲ့အခါမှာ ကျွန်တော်တို့ ဥပဒေကြမ်းပူးပေါင်းကော်မတီ ကလည်း ပြည့်ပြည့်စုံစုံ လေ့လာပြီးတော့ ဆောင်ရွက်ထားတာတွေ့ရလို့ ကျွန်တော် တင်ပြချင်တဲ့အချက် တော်တော်များများ ကတော့ အဆင်ပြေသွားပါတယ်ခင်ဗျား။

သို့သော်လည်း ဥက္ကဋ္ဌကြီးခင်ဗျား။ အချက်ကလေးအနည်းငယ်တချို့ကိုတော့ ကျွန်တော် တင်ပြလိုပါတယ်။ အဲဒီတော့ First Slide ပေါ့ဗျာ။ ဒါမြန်မာ့လေကြောင်းဥပဒေကြမ်း အဲဒီတော့ ပထမဆုံးအမည်နဲ့အဓိပ္ပာယ်ကို ကျွန်တော့်အနေနဲ့ နည်းနည်းလေးတင်ပြလိုပါတယ်။ မူရင်းစာသား ကတော့ ဤဥပဒေကို မြန်မာ့လေကြောင်းဥပဒေလို့ခေါ်တွင်စေရမည်တဲ့၊ အဲဒီလို ပြောလိုက်တဲ့ အတွက်ကြောင့် မြန်မာ့လေကြောင်းဥပဒေဆိုတော့ သူက ဒီMA ရယ်လို့ Myanmar Airways မြန်မာ့လေကြောင်းရယ်လို့ သတ်မှတ်လို့မရဘူး။ မြန်မာ့လေကြောင်းလို့ ခေါ်လိုက်တာနဲ့ မြန်မာ့ လေကြောင်း လောကကြီးတစ်ခုလုံးနဲ့ သက်ဆိုင်နေသလို ဖြစ်နေပါတယ်လို့ ကျွန်တော့်အနေနဲ့ တွေးမိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်ပြင်ဆင်ရေးသားချင်တာကတော့ ဥပမာကျွန်တော်ကတော့ ဥပဒေပညာရှင်မဟုတ်တဲ့အတွက်ကြောင့် အတိအကျတော့ ကျွန်တော်ပြောလို့ မရပါဘူး။ အဲဒီတော့ ကျွန်တော်ပြင်ဆင်ချင်တာကတော့ ဥပမာ အားဖြင့်ပေါ့လေ၊ ဤဥပဒေကို မြန်မာ့နေရှင်နယ် လေကြောင်း ဥပဒေလို့ ရေးမလား။ သို့မဟုတ် မြန်မာ့နေရှင်နယ်လေကြောင်း ကုမ္ပဏီဖွဲ့စည်းခြင်း ဥပဒေ ဒီလို ရေးမလား သို့မဟုတ် အခြားအမည်ရေးမလား။

ဒါကတော့ အခြားပညာရှင်တွေနဲ့ ပို့ဆောင်ရေးဝန်ကြီးဌာနနဲ့တိုင်ပင်ရပါမယ်။ ဒီလို ကျွန်တော် အကြံပြုပါတယ်။ အင်္ဂလိပ်ဘာသာနဲ့ဆိုရင်တော့ Myanmar National Airline ပေါ့ သို့မဟုတ် Myanmar National Airways ပေါ့။ အဲဒီလိုခေါ်လိုက်ရင် ပိုပြီးတော့ဆီလျော်ပါမယ်လို့ ဒါမှ မဟုတ်ရင်တော့ မြန်မာ့လေကြောင်းဆိုတော့ ဒီကမ္ဘောဇ Air Line ကလည်း မြန်မာ့လေကြောင်းပဲ။ ဟို အဲဒီအထဲမှာ အကုန်ပါသွားတယ်။ အဲဒါကြောင့်မို့လို့ ရောထွေးမှုများ ရှိနိုင်တဲ့အတွက်ကြောင့် ကျွန်တော် ဒီတစ်ချက်ကို ပြင်ဆင်လိုပါတယ်။ အခန်း(၅) စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ အဲဒီမှာ မူရင်းစာသားက ဘာရေးထားလဲဆိုတော့ ပုဒ်မ ၁၀ မှာ စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းရေးမှာတဲ့ အဖွဲ့ဝင်ဦးရေ (၇၅) ရာခိုင်နှုန်း တက်ရောက်ပါက အစည်းအဝေးအထ မြောက်သည်တဲ့။ ကျွန်တော်တို့အများအားဖြင့် အစည်းအဝေး တွေမှာ (၇၅) ရာခိုင်နှုန်းပြည့်ဖို့က တော်တော်ကို ခက်ခဲပါတယ်။ ဒီလိုကျွန်တော်တို့ Board Co-operation အစည်းအဝေးတွေမှာပေါ့လေ။ အဲဒီတော့ အဲဒီလို မပြည့်တဲ့အတွက်ကြောင့် အစည်းအဝေးတွေက ရွှေ့ဆိုင်းရရင်ကျွန်တော်တို့ အလုပ်တွေ မဖြစ်ပါဘူး။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ပြင်ဆင်ချင်တဲ့ဆန္ဒပေါ့လေ၊ ဒါကတော့ အများရဲ့ ဆန္ဒလည်း လိုပါတယ်။ နောက် သက်ဆိုင်ရာ Corporation နဲ့ ဝန်ကြီးဌာနရဲ့ ဆန္ဒလည်း လိုပါတယ်။ ကျွန်တော်ကတော့ စီမံခန့်ခွဲရေးအဖွဲ့ဝင်ဦးရေနဲ့ ထက်ဝက်ကျော်တက်ရောက်ပါက အစည်းအဝေးအထမြောက် သည်လို့ ပြင်ဆင်လို ပါတယ်။ အခန်း(၉)ပြစ်ဒဏ် နဲ့ပတ်သက်ပြီးတော့ ပုဒ်မ ၂၁ မှာ မည်သူမဆို ပုဒ်မ ၂၀ ပါ တားမြစ်ချက်များအနက် တစ်ခုခုကို ကျူးလွန်ရန်ကြိုးစား အားထုတ်ကြောင်း ပြစ်မှုစီရင်ခြင်းခံရလျှင် (၃)လအထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ် ခံရမည်လို့ ရေးထားတယ်။ အဲဒီတော့ Airline တစ်ခုက passenger တွေက ဥက္ကဋ္ဌကြီးခင်ဗျား။ ဆွဲဆောင်ရတာပါ။ ဆွဲဆောင်တဲ့အခါမှာ ဒီလိုအပိုဒ်ကြီး ထည့်လိုက်ခြင်းအားဖြင့် ထောင်ကျမယ်။ ဒဏ်ငွေ ငါးသိန်းအထိ ပေးရမယ်ဆိုတာကြီးက ဟိုဟာ ဖြစ်နေတယ်။ ဒါကိုမြင်လိုက်တော့ passenger က ဒီလိုင်းလိုက် မစီးဘူးပေါ့။ နောက် လိုင်းတစ်လိုင်း စီးသွားမယ်။ အဲဒီတော့ ကျွန်တော်တို့က Myanmar Airways ကို ဟုတ်လား passenger ရချင်တယ်၊ ခရီးသည်ရချင်တယ် ဆိုလို့ရှိရင်တော့ ကျွန်တော် ပြင်ချင်တာကတော့ ဖြစ်နိုင်ရင်တော့ ဒီပြစ်ဒဏ်ကတော့ ကျွန်တော် ဥပဒေပညာရှင်မဟုတ်လို့ နားမလည်ဘူး။ သို့သော်လည်း ပြစ်ဒဏ်ကို မထည့်လို့ရရင်လည်းမထည့်နဲ့။ ဘာလို့လဲဆိုတော့ နိုင်ငံတကာမှာ သိပြီးသား။ လေယာဉ်ပေါ်မှာ သွားပြီးတော့ တစ်ခုခုလုပ်ရင်တော့ သူ သက်ဆိုင်ရာ Air Hostess ကို သွားပြီးတော့ ရန်လုပ်တယ် သို့မဟုတ်ရင်လည်း အရက်မူးပြီးတော့ အော်ဟစ်နေတယ် ဆိုရင် ဖမ်းချုပ်ပြီးတော့ ထည့်လိုက်တာပဲ။ ဒါကတော့ အားလုံးသိပြီးသားပဲ။ ဒါတွေဟာ ကျွန်တော့်အနေနဲ့ ဖော်ပြဖို့မလိုရင်လည်း မလိုဘူးလို့ထင်ပါတယ်။ ဒါကြောင့်မို့လို့ ဖြစ်နိုင်ရင်တော့ ဒီပြစ်ဒဏ်အခန်းကို ကျွန်တော့်အနေနဲ့မထည့်ချင်ဘူး။ သို့သော်လည်း ထည့်ရမယ်ဆိုရင်လည်း ပြင်ဆင်ချင်တာကတော့ မည်သူမဆိုပုဒ်မ ၂၀ ပါတားမြစ်ချက်များအနက် တစ်ခုခုကို ကျူးလွန်ရန် ကြိုးစားအားထုတ်လျှင် တည်ဆဲစည်းမျဉ်းစည်းကမ်းများအရ အရေးယူခံရမည်လောက်ဆိုရင် ဒါ တော်သေးတယ်။ ထောင်(၃)လ တို့၊ ဘာတို့ မပါဘူးပေါ့။

ပုဒ်မ ၂၂ မှာ ဒီအတိုင်းပါပဲ။ မည်သူမဆိုပုဒ်မ ၂၀ ပါတားမြစ်ချက်များအနက် တစ်ခုခုကို ကျူးလွန်ဖောက်ဖျက်လျှင် ထောင်ဒဏ် (၆)လအထိ ဖြစ်စေ၊ ကျပ်(၁၀) သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ် (၂)ရပ် လုံးဖြစ်စေ ချမှတ်ရမည်။ ကျွန်တော်ပြင်ချင်တာကတော့ ဖြစ်နိုင်ရင်တော့ မထည့်ချင်ဘူး။ သို့သော် ထည့်ရမယ်ဆိုရင်တော့ မည်သူမဆိုပုဒ်မ ၂၀ ပါ တားမြစ်ချက်များအနက် တစ်ခုခုကို ကျူးလွန် ဖောက်ဖျက်လျှင် တည်ဆဲစည်းမျဉ်းစဥ်းကမ်းများအရ အရေးယူခံရမည်လို့ ကျွန်တော့်အနေနဲ့ ပြင်ဆင်လို ပါတယ်။ ကျွန်တော်တို့ ဒီမြန်မာ့လေကြောင်းဥပဒေဟာ ကျွန်တော်တို့ MA ဖြစ်တဲ့ နိုင်ငံတော်ပိုင် လေကြောင်းကို National Flag Carrier အဖြစ် ကျွန်တော်ခဏခဏပြောသလို နှုန်းအားအဆင့်ဆင့် ပျံနိုင်ဖို့ ကိုယ့်ရဲ့လူကြီးတွေကို၊ နိုင်ငံတကာကို ဂုဏ်သိက္ခာရှိရှိနဲ့ သယ်ဆောင်ပြီးတော့ Door to Door ပေါ့ ဟုတ်လား ဒီကနေပြီးတော့ ရန်ကုန်ကထွက် ဗီယက်နမ် ရောက် တိုက်ရိုက်သွားနိုင်ဖို့အတွက် ဒီ လေကြောင်းဟာအင်မတန်အရေးကြီးပါတယ်။ ဒါကြောင့်မို့လို့ ဒီလေကြောင်းကို ပံ့ပိုးရပါမယ်။ ပံ့ပိုးတဲ့အခါမှာ ကျွန်တော့်အနေနဲ့ကတော့ ပြည့်စုံသထက်ပြည့်စုံအောင် ကျွန်တော်တွေ့ရှိတဲ့ အချက်လေး တွေကို တင်ပြခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၂၃။**

**ဥက္ကဋ္ဌ။** ။ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်နိုင်ဦး ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၃း၂၃။**

**ဗိုလ်မှူးအောင်နိုင်ဦး၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအစိုးရ အဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် ကော်မရှင် အဖွဲ့ဝင်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာပါစေကြောင်း ဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် လေ ၂၃၃၂ ဗိုလ်မှူးအောင်နိုင်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အမျိုးသားလွှတ်တော်ကို တင်သွင်းထားတဲ့ မြန်မာ့လေကြောင်းဥပဒေကြမ်းနဲ့ ပတ်သက်ပြီးတော့ ဆွေးနွေး တင်သွင်း သွားမှာ ဖြစ်ပါတယ်။ ဥပဒေရေးရာ အကြောင်းအရာများဖြစ်တဲ့အတွက် ဖတ်ကြားဆွေးနွေး တင်ပြ ခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ မြန်မာ့လေကြောင်းဥပဒေကြမ်းနဲ့ ပတ်သက်ပြီးတော့ ဥပဒေကြမ်း အခန်း(၃) ပုဒ်မ(၆)၊ ပုဒ်မခွဲ(ခ)မှာ ပါရှိတာက ပုဒ်မခွဲ(ခ)အရ ခန့်အပ်သော အမှုထမ်းများ၊ အရာထမ်းများသည် အသက်(၆၀)ပြည့်ပြီးနောက် လုပ်ငန်းလိုအပ်ချက်၊ ကျန်းမာရေး အခြေအနေပေါ် မူတည်၍ ဆက်လက်တာဝန်ထမ်းဆောင်လိုလျှင် အသက်(၆၅)နှစ် ပြည့်သည်အထိ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် တစ်နှစ်လျှင်တစ်ကြိမ် သက်တမ်းတိုးမြှင့် ဆောင်ရွက်နိုင်သည်လို့ ပါရှိပါတယ်။ အသက်(၆၀)ပြည့်ပြီးဖြစ်တဲ့ လေယာဉ်မှူးကြီးများဟာ ပျံသန်းမှုအတွေ့အကြုံအများအပြားရှိပြီး ပျံသန်းချိန်နာရီ ထောင်ချီပြီးတော့ရှိတဲ့ ပုဂ္ဂိုလ်ကြီးများဖြစ်သလို အသက်(၆၀)ပြည့်ပြီးတဲ့ အင်ဂျင်နီယာများက လည်း နှစ်ပေါင်းမြောက်များစွာ လေယာဉ်ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်း အများအပြားရှိတဲ့ ပုဂ္ဂိုလ်ကြီးများ ဖြစ်ကြပါတယ်။

ဒီလိုလေယာဉ်မှူးကြီးတွေ၊ အင်ဂျင်နီယာမှူးကြီးတွေရဲ့အတွေ့အကြုံအရ ငွေကြေးနဲ့တန်ဖိုး ဖြတ်လို့မရတဲ့အတွေ့အကြုံကြီးများဖြစ်ပါတယ်။ ဌာနအနေနဲ့ လုပ်ငန်းလိုအပ်ချက်များ ရှိလာပြီ၊ ကျန်းမာရေးလည်း ကောင်းမွန်တယ်၊ ကာယကံရှင်ကလည်း ဆက်လက်တာဝန်ထမ်းဆောင်လိုတဲ့ ပုဂ္ဂိုလ်ကြီးများအနေနဲ့ ဆက်လက်တာဝန် ထမ်းဆောင်နိုင်ရန်အတွက် ပုဒ်မ(၆)နဲ့ ပုဒ်မခွဲ(ခ)မှာ ပါရှိတဲ့ အရာထမ်းသည်ဆိုတဲ့ စကားရပ်အစား အမှုထမ်းများ၊ လေယာဉ်မှူးကြီးများ၊ အင်ဂျင်နီယာများဆိုတဲ့ စကားရပ်အဖြစ် ဖြည့်စွက်ပြင်ဆင်သင့်ကြောင်း ဆွေးနွေးတင်ပြလိုပါတယ်။

ကျွန်တော့်အနေနဲ့ ဆက်လက်ပြီးတော့ ဥပဒေကြမ်းအခန်း(၅) စီမံခန့်ခွဲရေးအဖွဲ့ဖွဲ့စည်းခြင်းနဲ့ ပတ်သက်ပြီး ဆက်လက်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥပဒေကြမ်းရဲ့ အခန်း(၅)၊ ပုဒ်မ ၈ စီမံခန့်ခွဲရေးအဖွဲ့ဖွဲ့စည်းရာတွင် အဖွဲ့ဝင်အဖြစ် လေကြောင်းစက်မှုလက်မှု ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်း ကျွမ်းကျင်သူတစ်ဦးဆိုတဲ့အချက်ကို ပုဒ်မခွဲ(စ)အဖြစ် အစားထိုးပြင်ဆင်ဖို့ဖြစ်ပြီးတော့ မူလပုဒ်မခွဲ(စ)ကို ပုဒ်မ(ဆ)အဖြစ် ပြောင်းလဲအမှတ်စဉ်သင့်ကြောင်း ဆွေးနွေးတင်ပြလိုပါတယ်။ ဒါလည်း စီမံခန့်ခွဲရေးအဖွဲ့ရဲ့တာဝန်နဲ့ လုပ်ပိုင်ခွင့်များမှာပါဝင်သော လေယာဉ်၊ လေယာဉ်ရုံ၊

အလုပ်ဌာနများရှိလေကြောင်း စက်မှုလက်မှုလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲ လမ်းညွှန်မှုပြုရာမှာ အထောက်အကူပြုမှာဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ ဥပဒေကြမ်းရဲ့ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ခ)တွင် စီမံခန့်ခွဲရေးအဖွဲ့က ပြုလုပ်သည့် သို့မဟုတ် ပြုလုပ်ရန်ကြံရွယ်သည့် ပဋိညာဉ်တွင်သော်လည်းကောင်း၊ ရောင်းမှု သို့မဟုတ် ဝယ်မှုတစ်ခုခုတွင်လည်းကောင်း ဆိုသည့်စကားရပ်တွင် ရောင်းမှု၊ ဝယ်မှု သို့မဟုတ် ငှားရမ်းမှု တစ်ခုခု ဟု ပြင်ဆင်ပြောင်းလဲ သတ်မှတ်သင့်ကြောင်း တင်ပြလိုပါတယ်။ ငှားရမ်းမှု လုပ်ငန်းအတွက်ကိုပါ အကျုံးဝင်သလိုဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့ အခန်း (၇) ပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဃ)မှာ ပုဒ်မခွဲငယ်(၆)အဖြစ် လေယာဉ် အရန်ပစ္စည်းများ၊လေယာဉ်ဆီ၊ စက်ဆီ၊ ချောဆီ ဟူသော အချက်ကို အသစ်ဖြည့်စွက်သင့်ပါကြောင်း ဆွေးနွေးတင်ပြရင်း ကျွန်တော့်ရဲ့ဆွေးနွေးတင်ပြချက်ကို နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်သုံးဦးရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက ပြန်လည် ကြားနာဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၃း၂၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် (၈) ဖြစ်ပါတယ်။ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြားတင်သွင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၂၈။**

**ဦးတင်ယု (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း အပေါ်ပြန်လည်စိစစ်တင်ပြခြင်းအစီရင်ခံစာအား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ ကော်မတီ၏ကိုယ်စား ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဥပဒေကြမ်း ကော်မတီဝင် ကျွန်တော် ဦးတင်ယုက ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၄-၁၈၂

ရက်စွဲ ၊ ၂၀၁၄ ခုနှစ် ၊ မေလ ၂၆ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က (၁၆- ၁၀-၂၀၁၃) ရက်နေ့တွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက ပထမအကြိမ်၊ အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး၌ အစီရင်ခံစာတင်သွင်းခဲ့ပါသည်။ ကော်မတီသည် မူလသုံးသပ်တင်ပြချက်များအပေါ် တွင် ဆွေးနွေးညှိနှိုင်းမှုများ ထပ်မံပြုလုပ်ခဲ့ပြီး လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို ၅ - ၃ - ၂၀၁၄ ရက်နေ့တွင် ပြန်လည် အစီရင်ခံတင်ပြခဲ့ပါသည်။

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ဤဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အကြံပြု ဆွေးနွေးခဲ့သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ၁၈-၃-၂၀၁၄ ရက်နေ့တွင်လည်းကောင်း၊ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့နှင့်၂၁-၅-၂၀၁၄ရက်နေ့တွင်လည်းကောင်း ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

၃။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ညှိနှိုင်းဆွေးနွေး ချက်များအရ အောက်ပါအတိုင်း သဘောထားရရှိကြောင်း တင်ပြအပ်ပါသည် -

(က) ချီးမြှင့်ငွေ၊စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေအသီးသီး၌ ဝင်ငွေအရပ်ရပ် အပေါ် ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုခြင်းသည် ဝင်ငွေခွန်ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ(ခ)ပါ ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ညီညွတ်စွာပြဋ္ဌာန်းခဲ့ခြင်း ဖြစ်သော်လည်း ဖွဲ့စည်းပုံအခြေခံ ပုဒ်မ ၃၈၉ တွင် နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက် များကို ပေးဆောင်ရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းချက်နှင့်အညီ အဆိုပါ ပြင်ဆင်သည့် ဥပဒေကြမ်းများကို သဘောတူလက်ခံသင့်ကြောင်း သို့ရာတွင် ဝင်ငွေခွန်ကို ပုံမှန်လစဉ် ချီးမြှင့်ငွေ အပေါ်တွင်သာ ကောက်ခံသင့်သော်လည်း အခြားစရိတ်များအပေါ်တွင် ကောက်ခံခြင်း မပြုသင့်ကြောင်း၊ တူညီသဘောထားရရှိခဲ့ပါသည်။

(ခ) သို့ဖြစ်ပါ၍ ပြင်ဆင်သည့် ဥပဒေတွင် မူလဥပဒေပုဒ်မ ၂၈ ဖြစ်သော ဤဥပဒေ အရ ခံစားခွင့်ပြုသည့် ဝင်ငွေအရပ်ရပ်အပေါ်ဝင်ငွေခွန် ကောက်ခံခြင်းမှ ကင်းလွတ်စေရမည် ဟူသည့် ပြဋ္ဌာန်းချက်ကို ပယ်ဖျက်ခဲ့ခြင်း အပေါ်၌ မူအားဖြင့် သဘောတူညီပါသော်လည်း ပုံမှန်လစဉ် ချီးမြှင့်ငွေကိုသာ ဝင်ငွေခွန်ကောက်ခံသင့်ပြီး၊ အခြားစရိတ်များကို အခွန် ကင်းလွတ်ခွင့်ပြုနိုင်ရန် မူလ ဥပဒေပုဒ်မ ၂၈ ကို အောက်ပါအတိုင်း အစားထိုး ပြင်ဆင် သင့်ကြောင်း တင်ပြအပ်ပါသည်။

ပုဒ်မ ၂၈ ဤဥပဒေအရ ခံစားခွင့်ပြုသည့် ချီးမြှင့်ငွေအပေါ် ဝင်ငွေခွန်ကောက်ခံရမည်။ သို့ရာတွင် စရိတ်အပေါ်ဝင်ငွေခွန်ကောက်ခံခြင်းမှ ကင်းလွတ်စေရမည်ဖြစ်ပါသည်။

(ဂ) ဤပြင်ဆင်ချက်သည် ဥပဒေကြမ်းအပိုဒ်(၃)တွင် ထည့်သွင်းရန် မလိုအပ်သည့်အတွက် ပယ်ဖျက်သင့်ကြောင်း လေ့လာတွေ့ရှိပါသည်။

(ဃ) ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး ကဏ္ဍအသီးသီးမှ ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေများသည် ကွာဟမှုမကြီးမားသင့်ဘဲ ကဏ္ဍ(၃)ရပ်စလုံးအတွက် ဖြစ်နိုင်သမျှ မျှတညီညွတ်မှု ရှိသင့်ကြောင်း ဥပမာ - ဥပဒေပြုကဏ္ဍမှ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့် တရားစီရင်ရေးကဏ္ဍမှ ပြည်ထောင်စု တရားသူကြီးချုပ်တို့၏ ခံစားခွင့်များသည် အုပ်ချုပ်ရေးကဏ္ဍမှ ဒုတိယသမ္မတများနှင့် အဆင့်တူညီမှုမရှိဘဲ ကွာဟလျက် ရှိနေသည်ကို ပြုပြင်သင့်ကြောင်း မူအားဖြင့် ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

ပြည်ထောင်စုအစိုးရအဖွဲ့မှ တာဝန်ရှိသူများကိုလည်း ယင်းသဘောထားကို ရှင်းလင်းခဲ့ပြီးဖြစ်၍ လောလောဆယ်အခြေအနေ၌ ဝင်ငွေခွန်ကောက်ခံမှုကိစ္စမှအပ ကျန်ကိစ္စများအတွက် ဥပဒေကို ပြုပြင်ခြင်း မပြုလုပ်သင့်ကြောင်း ထပ်မံသဘောထားရရှိပါသည်။

အပိုဒ်(၄) သို့ဖြစ်ပါ၍ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၏ မူလပုဒ်မ ၂၈ ကို အစားထိုးပြင်ဆင်ခြင်းအား အမျိုးသားလွှတ်တော်က အမြန်ဆုံးဆောင်ရွက်နိုင်ရန် တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၃း၃၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဉ် ပြင်ဆင်ချက်-

ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။ )

၁၃၇၆ခုနှစ်၊ လ ရက်

(၂၀၁၄ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဥ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဥ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၂

ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေတွင် ပုဒ်မ ၂၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

၂၈။ ဤဥပဒေအရ ခံစားခွင့်ပြုသည့် ချီးမြှင့်ငွေအပေါ် ဝင်ငွေခွန် ကောက်ခံရမည်။ သို့ရာတွင် စရိတ်အပေါ် ဝင်ငွေခွန် ကောက်ခံခြင်းမှ ကင်းလွတ်စေရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ပယ်ဖျက်ချက်-

အပိုဒ် ၃

ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတွင် ပုဒ်မ ၂၉ နှင့် ၃၀ တို့ကို ပုဒ်မ ၂၈ နှင့် ၂၉ တို့အဖြစ် အသီးသီးပြန်လည် အမှတ်စဉ်ရမည်ဆိုသည့် အပိုဒ်ကို ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် အပိုဒ် ၃ ပယ်ဖျက်ချက် အတည်ဖြစ်သည်။ (သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ နှင့် ၂ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ နှင့် ၂ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ယခု အဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း၏အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆို တင်သွင်းခြင်းနှင့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၃း၃၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၁၅၈၊ နည်းဥပဒေ ခွဲ (ခ)အရ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၃၇။**

**ဒေါက်တာမောင်မောင်သိမ်း (ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် ကတော့ ဘဏ္ဍာရေးဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း ဖြစ်ပါတယ်။ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များရဲ့ ချီးမြှင့် ငွေနဲ့ စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်း တစ်ရပ်လုံးအား အမျိုးသားလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ရိုသေလေးစားစွာဖြင့် တင်ပြအပ်ပါ တယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါ တယ်။

**အချိန်၊ ၁၃း၃၇။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ် ပါတယ်။

**အချိန်၊ ၁၃း၃၈။**

**ဦးစောအုန်း မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး၏ ကိုယ်စား ဒုတိယဝန်ကြီးက ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဤလွှတ်တော်မှ အတည်ပြု ပေးနိုင်ပါရန် အဆိုတင်သွင်းခြင်းကို မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) ကျွန်တော် ဦးစောအုန်း က ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင် များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသား လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၃း၃၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အဆိုမှာ ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့် အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၃း၃၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များ ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား တင်သွင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၄၀။**

**ဦးအောင်မြင့်သိန်း (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။

ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဦးအောင်မြင့်သိန်း ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ အမျိုးသား လွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ပြန်လည်စိစစ် တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

စာအမှတ်၊ ၁/ အမ(ကော်မတီ-၁)၁/၂၀၁၄-၁၈၃

ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ မေလ ၂၆ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က ( ၁၆ - ၁၀ - ၂၀၁၃ )ရက်နေ့တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။ ယင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပထမအကြိမ် အမျိုးသားလွှတ်တော်၊ အဋ္ဌမပုံမှန်အစည်းအဝေး၌ အစီရင်ခံစာ တင်သွင်းခဲ့ပါသည်။

ကော်မတီသည် မူလသုံးသပ်တင်ပြချက်များ အပေါ်တွင် ဆွေးနွေးညှိနှိုင်းမှုများ ထပ်မံပြုလုပ်ခဲ့ပြီး လေ့လာတွေ့ရှိချက်နဲ့ သဘောထားမှတ်ချက်တို့ကို ၅-၃-၂၀၁၄ ရက်နေ့တွင် ပြန်လည် အစီရင်ခံ တင်ပြခဲ့ပါသည်။

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ဤဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အကြံပြု ဆွေးနွေးခဲ့သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် (၁၈-၃-၂၀၁၄) ရက်နေ့တွင်လည်း ကောင်း၊ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့နှင့် (၂၁-၅-၂၀၁၄) ရက်နေ့တွင်လည်းကောင်း ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

၃။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော်၊ အမျိုးသား လွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ညှိနှိုင်းဆွေးနွေးချက်များအရ အောက်ပါ အတိုင်း သဘောထား ရရှိကြောင်း တင်ပြအပ်ပါသည်။

(က) ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာ ဥပဒေအသီးသီး၌ ဝင်ငွေ အရပ်ရပ် အပေါ် ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုခြင်းသည် ဝင်ငွေခွန်ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ(ခ)ပါ ဥပဒေ ပြဋ္ဌာန်းချက်နှင့်ညီညွတ်စွာ ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၉ တွင် နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းချက်နှင့်အညီ အဆိုပါပြင်ဆင်သည့်ဥပဒေကြမ်းများကို သဘောတူလက်ခံ သင့်ကြောင်း၊ သို့ရာတွင် ဝင်ငွေခွန်ကို ပုံမှန်လစဉ်ချီးမြှင့်ငွေ အပေါ်တွင်သာ

ကောက်ခံ သင့်သော်လည်း အခြားစရိတ်များပေါ်တွင် ကောက်ခံခြင်း မပြုသင့်ကြောင်း တူညီသဘောထားရရှိခဲ့ပါသည်။

(ခ) သို့ဖြစ်ပါ၍ ပြင်ဆင်သည့်ဥပဒေတွင် မူလဥပဒေပုဒ်မ ၂၃ ဖြစ်သော ဤဥပဒေအရ ခံစားခွင့်ပြုသည့် ဝင်ငွေအရပ်ရပ်အပေါ် ဝင်ငွေခွန်ကောက်ခံခြင်းမှ ကင်းလွတ်စေရမည်ဟူသည့် ပြဋ္ဌာန်းချက်ကို ပယ်ဖျက်ခဲ့ခြင်းအပေါ်၌ မူအားဖြင့် သဘောတူညီပါသော်လည်း ပုံမှန်လစဉ်ချီးမြှင့်ငွေကိုသာ ဝင်ငွေခွန်ကောက်ခံသင့်ပြီး အခြားစရိတ်များကို အခွန်ကင်းလွတ် ခွင့်ပြုနိုင်ရန် မူလဥပဒေပုဒ်မ ၂၃ ကို အောက်ပါအတိုင်း အစားထိုး ပြင်ဆင်သင့်ကြောင်း တင်ပြအပ်ပါသည် -

ပုဒ်မ ၂၃။ ဤဥပဒေအရ ခံစားခွင့်ပြုသည့် ချီးမြှင့်ငွေအပေါ် ဝင်ငွေခွန်ကောက်ခံရမည်။ သို့ရာတွင် စရိတ်အပေါ် ဝင်ငွေခွန်ကောက်ခံခြင်းမှ ကင်းလွတ်စေရမည်။

(ဂ) ဤပြင်ဆင်သည့် ဥပဒေကြမ်း အပိုဒ် (၃) သည် ထည့်သွင်းရန်မလိုအပ်သည့်အတွက် ပယ်ဖျက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံး၏ ဆုံးဖြတ်ချက်နှင့်အညီ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဆိုသည့် စကားရပ်ကို မူလဥပဒေပုဒ်မ(၄)၊ ပုဒ်မခွဲ (စ) အဖြစ် အသစ်ဖြည့်စွက်ပြီး မူလဥပဒေပုဒ်မ(၅)တွင် ဖော်ပြထားသည့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်၊ တရားသူကြီးတို့သည် ဆိုသည့် စကားရပ်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်၊ တရားသူကြီးသည် ဆိုသည့်စကားရပ်ဖြင့် အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။ အပိုဒ် (၄) သို့ဖြစ်ပါ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၏ မူလပုဒ်မ(၂၃) ကိုအစားထိုးပြင်ဆင်ခြင်း၊ မူလပုဒ်မ(၄) ပုဒ်မခွဲ(စ) အသစ်ဖြည့်စွက်ခြင်းနှင့် မူလပုဒ်မ(၅) ကိုစကားရပ် အစားထိုးခြင်းတို့အား အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီ အလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၃း၄၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၃)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များ

ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဉ် ပြင်ဆင်ချက်-

( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။ )

၁၃၇၆ခုနှစ်၊ လ ရက်

(၂၀၁၄ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၂

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင် အယောင်များဆိုင်ရာဥပဒေတွင် ပုဒ်မ ၂၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၂၃။ ဤဥပဒေအရ ခံစားခွင့်ပြုသည့် ချီးမြှင့်ငွေအပေါ် ဝင်ငွေခွန်ကောက်ခံရမည်။ သို့ရာတွင် စရိတ်အပေါ် ဝင်ငွေခွန် ကောက်ခံခြင်းမှ ကင်းလွတ်စေရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ပယ်ဖျက်ချက်-

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတွင် ပုဒ်မ ၂၃ နှင့် ၂၄ တို့ကို ပုဒ်မ ၂၂ နှင့် ၂၃ တို့အဖြစ် အသီးသီးပြန်လည် အမှတ်စဉ်ရမည်ဆိုသည့် ပြင်ဆင်ရန် အဆိုပြုထားတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၃ ကို ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက်-

အပိုဒ် ၃

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာ ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ(စ)အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ရမည်။

၄။(စ) တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးဟု ဖြည့်စွက်ထားပါတယ်။

ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃ ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၄

၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များ ဆိုင်ရာဥပဒေ ပုဒ်မ ၅ တွင် ဖော်ပြထားသည့် တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးတို့သည် ဆိုသည့် စကားရပ်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော် တရားသူကြီးတို့သည် ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၄ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၄ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း၏ အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၃း၅၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေခွဲ (ခ)အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၅၁။**

**ဒေါက်တာမောင်မောင်သိမ်း(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း ဖြစ်ပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များရဲ့ ချီးမြှင့်ငွေနဲ့ စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်း တစ်ရပ်လုံးအား အမျိုးသားလွှတ်တော်က အတည်ပြုပေးပါရန် ပြည်ထောင်စုအစိုးရကိုယ်စား အဆို တင်သွင်းအပ်ပါတယ် ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၅၁။**

**ဥက္ကဋ္ဌ။** ။အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၃း၅၂။**

**ဦးစိုင်းတင်အောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များရဲ့ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းအား အတည်ပြုရန် အဆို တင်သွင်းခြင်းကို ကချင်ပြည်နယ် မဲဆန္ဒနယ်

အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးစိုင်းတင်အောင် က ထောက်ခံကြောင်း တင်ပြအပ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၃း၅၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အဆိုမှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြင်ဆင်ထားသည့်အတိုင်း အတည် ပြုရန်ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင် ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည် ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၃း၅၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင် ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ကော်မတီက ပြန်လည် ဖတ်ကြား တင်သွင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၅၅။**

**ဦးအောင်ကြည်ညွန့် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံးကို မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီဝင်လည်း ဖြစ်တဲ့အတွက်ကြောင့် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များရဲ့ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ပြန်လည်စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၄-၁၈၄
ရက်စွဲ ၊ ၂၀၁၄ ခုနှစ် ၊ မေ လ ၂၆ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က ၁၆ - ၁၀ - ၂၀၁၃ ရက်နေ့တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက ပထမအကြိမ်၊ အမျိုးသားလွှတ်တော်၊ အဋ္ဌမပုံမှန်အစည်းအဝေး၌ အစီရင်ခံစာ တင်သွင်းခဲ့ပါသည်။ ကော်မတီသည် မူလသုံးသပ်တင်ပြချက်များအပေါ်တွင် ဆွေးနွေးညှိနှိုင်းမှုများ ထပ်မံပြုလုပ်ခဲ့ပြီး လေ့လာတွေ့ရှိချက်များနှင့် သဘောထားမှတ်ချက်တို့ကို ၅-၃-၂၀၁၄ ရက်နေ့တွင် ပြန်လည်အစီရင်ခံတင်ပြခဲ့ပါသည်။

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ဤဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးခဲ့သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် ၁၈-၃-၂၀၁၄ ရက်နေ့တွင် လည်းကောင်း၊ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတို့နှင့် ၂၁-၅-၂၀၁၄ ရက်နေ့တွင်လည်းကောင်း ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

၃။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင် အယောင်များဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ညှိနှိုင်းဆွေးနွေးချက်များအရ အောက်ပါအတိုင်း သဘောထား ရရှိကြောင်း တင်ပြအပ်ပါသည် -

(က) ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေအသီးသီး၌ ဝင်ငွေအရပ်ရပ်အပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုခြင်းသည် ဝင်ငွေခွန်ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ(ခ)ပါ ဥပဒေပြဋ္ဌာန်းချက်နှင့်ညီညွတ်စွာ ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၉ တွင် နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည် ဟု ပြဋ္ဌာန်းချက်

နှင့်အညီ အဆိုပါ ပြင်ဆင်သည့်ဥပဒေကြမ်းများကို သဘောတူ လက်ခံသင့်ကြောင်း၊ သို့ရာတွင် ဝင်ငွေခွန်ကို ပုံမှန်လစဥ်ချီးမြှင့်ငွေ အပေါ်တွင်သာ ကောက်ခံသင့်သော်လည်း အခြားစရိတ်များပေါ်တွင် ကောက်ခံခြင်းမပြုသင့်ကြောင်း တူညီသဘောထား ရရှိခဲ့ပါသည်။

(ခ) သို့ဖြစ်ပါ၍ ပြင်ဆင်သည့်ဥပဒေတွင် မူလဥပဒေပုဒ်မ ၁၈ ဖြစ်သော ဤဥပဒေအရ ခံစားခွင့်ပြုသည့် ဝင်ငွေအရပ်ရပ်အပေါ် ဝင်ငွေခွန်ကောက်ခံခြင်းမှ ကင်းလွတ်စေရမည် ဟူသည့်ပြဋ္ဌာန်းချက်ကို ပယ်ဖျက်ခဲ့ခြင်းအပေါ်၌ မူအားဖြင့် သဘောတူညီပါသော်လည်း ပုံမှန်လစဥ်ချီးမြှင့်ငွေကိုသာ ဝင်ငွေခွန်ကောက်ခံသင့်ပြီး အခြားစရိတ်များကို အခွန်ကင်းလွတ် ခွင့်ပြုနိုင်ရန် မူလဥပဒေပုဒ်မ ၁၈ ကို အောက်ပါအတိုင်း အစားထိုးပြင်ဆင်သင့်ကြောင်း တင်ပြအပ်ပါသည် -

၁၈။ ဤဥပဒေအရ ခံစားခွင့်ပြုသည့် ချီးမြှင့်ငွေအပေါ် ဝင်ငွေခွန်ကောက်ခံရမည်။ သို့ရာတွင် စရိတ်အပေါ် ဝင်ငွေခွန်ကောက်ခံခြင်းမှ ကင်းလွတ်စေရမည်။

(ဂ) ဤပြင်ဆင်သည့် ဥပဒေကြမ်း အပိုဒ် ၃ သည် ထည့်သွင်းရန် မလိုအပ်သည့်အတွက် ပယ်ဖျက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၄။ သို့ဖြစ်ပါ၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင် ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၏ မူလပုဒ်မ ၁၈ ကို အစားထိုးပြင်ဆင်ခြင်းအား အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင် ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များ ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီ အလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၃း၅၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင် ကော်မတီဝင် များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဉ် ပြင်ဆင်ချက်-

# ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့နှင့် အလုပ်အမှုဆောင် ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။ )

၁၃၇၆ခုနှစ်၊ လ ရက်

(၂၀၁၄ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၂

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့နှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေတွင် ပုဒ်မ ၁၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၁၈။ ဤဥပဒေအရ ခံစားခွင့်ပြုသည့် ချီးမြှင့်ငွေအပေါ် ဝင်ငွေခွန်ကောက်ခံရမည်။ သို့ရာတွင် စရိတ်အပေါ် ဝင်ငွေခွန် ကောက်ခံခြင်းမှ ကင်းလွတ်စေရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ပယ်ဖျက်ချက်-

အပိုဒ် ၃

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတွင် ပုဒ်မ ၁၉ နှင့် ၂၀ တို့ကို ပုဒ်မ ၁၈ နှင့် ၁၉ တို့အဖြစ် အသီးသီးပြန်လည်အမှတ်စဉ်ရမည်ဆိုသည့် အပိုဒ်ကို ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃ ပယ်ဖျက်ချက် အတည် ဖြစ်သည်။ (သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်းအပိုဒ် ၁ နှင့် ၂ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ နှင့် ၂ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ယခု အဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း၏ အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ နှင့် အလုပ်အမှုဆောင် ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၄း၀၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၈၊ နည်းဥပဒေ ခွဲ (ခ)အရ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသဥက္ကဋ္ဌ နှင့် အလုပ်အမှုဆောင် ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၀၃။**

**ဒေါက်တာမောင်မောင်သိမ်း (ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစား အပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ဘဏ္ဍာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဖြစ်ပါတယ်။ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသဥက္ကဋ္ဌ နှင့် အလုပ်အမှုဆောင် ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းတစ်ရပ်လုံးအား အမျိုးသား လွှတ်တော်က အတည်ပြုပေးပါရန် ပြည်ထောင်စုအစိုးရကိုယ်စား အဆိုတင်သွင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၀၄။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ် ပါတယ်။

**အချိန်၊ ၁၄း၀၄။**

**ဦးထွန်းဇော်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသဥက္ကဋ္ဌ နှင့် အလုပ်အမှုဆောင် ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းအား အမျိုးသား လွှတ်တော်က အတည်ပြုရန် အဆိုတင်သွင်းခြင်းကို ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ကျွန်တော် ဦးထွန်းဇော် က ထောက်ခံပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင် ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၄း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအဆိုမှာ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင် ကော်မတီဝင် များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြင်ဆင်ထားတဲ့အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီအဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆိုအတည် ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရဒေသဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင် ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များ ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည် ဖြစ်သည်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၄း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၂၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီရဲ့ အစီရင်ခံစာကို ကော်မတီက ပြန်လည် ဖတ်ကြားတင်သွင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၀၇။**

**ဦးအောင်ချိုဦး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ ခင်ဗျား။ မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော်ဥပဒေကြမ်း ကော်မတီဝင် ဦးအောင်ချိုဦး ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ ၏ တာဝန်ပေးအပ်ချက်အရ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ် ပြန်လည်စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြား တင်ပြသွားမှာ ဖြစ်ပါတယ်။

စာအမှတ်၊ ၁/ အမ(ကော်မတီ-၁)၁/၂၀၁၄-၁၈၅

ရက်စွဲ ၊ ၂၀၁၄ ခုနှစ် ၊ မေ လ ၂၆ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က ( ၁၆ - ၁၀ - ၂၀၁၃ )ရက်နေ့တွင် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက ပထမအကြိမ်၊ အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး၌ အစီရင်ခံစာ တင်သွင်းခဲ့ပါသည်။ ကော်မတီသည် မူလသုံးသပ်တင်ပြချက်များအပေါ်တွင် ဆွေးနွေးညှိနှိုင်းမှုများ ထပ်မံပြုလုပ်ခဲ့ပြီး လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို (၅-၃-၂၀၁၄) ရက်နေ့တွင် ပြန်လည်အစီရင်ခံတင်ပြခဲ့ပါသည်။

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ဤဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးခဲ့သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် (၁၈-၃-၂၀၁၄) ရက်နေ့တွင် လည်းကောင်း၊ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့နှင့် (၂၁-၅-၂၀၁၄) ရက်နေ့တွင်လည်းကောင်း ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

၃။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း အပေါ် ညှိနှိုင်းဆွေးနွေးချက်များအရ အောက်ပါအတိုင်း သဘောထားရရှိကြောင်း တင်ပြ အပ်ပါသည် -

(က) ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာ ဥပဒေအသီးသီး၌ ဝင်ငွေ အရပ်ရပ်အပေါ် ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုခြင်းသည် ဝင်ငွေခွန်ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (ခ)ပါ ဥပဒေ ပြဋ္ဌာန်းချက်နှင့်ညီညွတ်စွာ ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သော်လည်း ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၃၈၉ တွင် နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင် ရမည့်အခွန် အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းချက် နှင့်အညီ အဆိုပါ ပြင်ဆင်သည့်ဥပဒေကြမ်းများကို သဘောတူလက်ခံသင့်ကြောင်း၊ သို့ရာတွင် ဝင်ငွေခွန်ကို ပုံမှန်လစဉ်ချီးမြှင့်ငွေအပေါ်တွင်သာ ကောက်ခံသင့်သော် လည်း အခြားစရိတ်များပေါ်တွင် ကောက်ခံခြင်းမပြုသင့်ကြောင်း တူညီသဘောထား ရရှိခဲ့ပါသည်။

(ခ) သို့ဖြစ်ပါ၍ ပြင်ဆင်သည့်ဥပဒေတွင် မူလဥပဒေပုဒ်မ ၁၈ ဖြစ်သော ဤဥပဒေအရ ခံစားခွင့်ပြုသည့် ဝင်ငွေအရပ်ရပ်အပေါ် ဝင်ငွေခွန်ကောက်ခံခြင်းမှ ကင်းလွတ်စေ ရမည်ဟူသည့် ပြဋ္ဌာန်းချက်ကို ပယ်ဖျက်ခဲ့ခြင်းအပေါ်၌ မူအားဖြင့် သဘောတူညီ ပါသော်လည်း ပုံမှန်လစဉ်ချီးမြှင့်ငွေကိုသာ ဝင်ငွေခွန်ကောက်ခံသင့်ပြီး အခြားစရိတ် များကို အခွန်ကင်းလွတ် ခွင့်ပြုနိုင်ရန် မူလဥပဒေပုဒ်မ ၁၈ ကို အောက်ပါအတိုင်း အစားထိုးပြင်ဆင်သင့်ကြောင်း တင်ပြအပ်ပါသည် -

၁၈။ ဤဥပဒေအရ ခံစားခွင့်ပြုသည့် ချီးမြှင့်ငွေအပေါ် ဝင်ငွေခွန်ကောက်ခံရမည်။ သို့ရာတွင် စရိတ်အပေါ် ဝင်ငွေခွန်ကောက်ခံခြင်းမှ ကင်းလွတ်စေရမည်။ ”

(ဂ) ဤပြင်ဆင်သည့် ဥပဒေကြမ်း အပိုဒ် ၃ သည် ထည့်သွင်းရန်မလိုအပ်သည့်အတွက် ပယ်ဖျက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၄။ သို့ဖြစ်ပါ၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင် အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၏ မူလပုဒ်မ ၁၈ ကို အစားထိုးပြင်ဆင်ခြင်း အား အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီ အလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၄း၁၀။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၂၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင် များဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဉ် ပြင်ဆင်ချက်-

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊
စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။ )

၁၃၇၆ခုနှစ်၊ လ ရက်

(၂၀၁၄ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၂

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေတွင် ပုဒ်မ ၁၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၁၈။ ဤဥပဒေအရ ခံစားခွင့်ပြုသည့် ချီးမြှင့်ငွေအပေါ် ဝင်ငွေခွန်ကောက်ခံရမည်။ သို့ရာတွင် စရိတ်အပေါ် ဝင်ငွေခွန် ကောက်ခံခြင်းမှ ကင်းလွတ်စေရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ပယ်ဖျက်ချက်-

အပိုဒ် ၃

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင် အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတွင် ပုဒ်မ ၁၉ နှင့် ၂၀ တို့ကို ပုဒ်မ ၁၈ နှင့် ၁၉ တို့အဖြစ် အသီးသီးပြန်လည် အမှတ်စဉ်ရမည် ဆိုသည့် အပိုဒ်ကို ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃ ပယ်ဖျက်ချက် အတည်ဖြစ်သည်။ (ဩဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ နှင့် ၂ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ နှင့် ၂ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း၏ အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၄း၁၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၂၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈ ၊ နည်းဥပဒေ ခွဲ (ခ)အရ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၁၃။**

**ဒေါက်တာမောင်မောင်သိမ်း(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း ဖြစ်ပါတယ်။ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များရဲ့ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များ ဆိုင်ရာဥပဒေကို ပြင်ဆင်တဲ့ တစ်ရပ်လုံးကို အမျိုးသားလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၁၃။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ် ပါတယ်။

**အချိန်၊ ၁၄း၁၄။**

**ဦးသက်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဒုတိယဝန်ကြီးက တင်သွင်းသွားတဲ့ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များရဲ့ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန်အဆိုကို ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်မြေအမှတ်(၈)မှ ကျွန်တော် ဦးသက်လင်း မှ ထောက်ခံပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များ ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၄း၁၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အဆိုမှာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များ ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့် အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**အချိန်၊ ၁၄း၁၅။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ်ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၄း၁၅)နာရီအချိန်တွင် ရပ်နားပြီး (၁၄း၄၅)နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၄း၄၅။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၏ လာမည့်ပါတီစုံ မည်သည့် ရွေးကောက်ပွဲများတွင်မဆို အမျိုးသားလွှတ်တော်အတွက် ကိုယ်စားလှယ်များ ရွေးချယ်ရာ၌ အချိုးကျ ကိုယ်စားပြုစနစ်ကို ကျင့်သုံးရန် လွှတ်တော်က အဆုံးအဖြတ်ပေးပါရန်နှင့် ဥပဒေပြင်ဆင်ရေးလုပ်ငန်း များကို လိုအပ်သလို ဆက်လက်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊ မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၄း၄၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၂၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှဒေါ်ခင်ဝိုင်းကြည် က လာမည့်ပါတီစုံ မည်သည့် ရွေးကောက်ပွဲများတွင်မဆို အမျိုးသားလွှတ်တော်အတွက် ကိုယ်စားလှယ်များ ရွေးချယ်ရာ၌ အချိုးကျ ကိုယ်စားပြုစနစ်ကို ကျင့်သုံးရန် လွှတ်တော်က အဆုံးအဖြတ်ပေးပါရန်နှင့် ဥပဒေပြင်ဆင်ရေးလုပ်ငန်း များကို လိုအပ်သလို ဆက်လက်ဆောင်ရွက်ပေးပါရန်နှင့် စပ်လျဉ်းသည့် အဆိုတစ်ရပ် တင်သွင်း လိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ဒေါ်ခင်ဝိုင်းကြည် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၄၅။**

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ ရိုသေလေးစား အပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး များအားလုံး အေးချမ်းကြပါစေလို့ ကျွန်မမေတ္တာပို့သရင်းနဲ့ ဂါရဝပြုပါတယ်။ ကျွန်မကတော့ ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)ရဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည် ဖြစ်ပြီးတော့ လာမယ့်ပါတီစုံ မည်သည့် ရွေးကောက်ပွဲများတွင်မဆို အမျိုးသားလွှတ်တော်အတွက် ကိုယ်စားလှယ်များ ရွေးချယ်ရာ၌ အချိုးကျကိုယ်စားပြုစနစ်ကို ကျင့်သုံးရန် လွှတ်တော်က အဆုံးအဖြတ်ပေးပါရန်နဲ့ ဥပဒေ ပြင်ဆင်ရေးလုပ်ငန်းများကို လိုအပ်သလို ဆက်လက်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ရှင်။ လောလောဆယ်မှာတော့ ကျွန်မတို့ဟာ ဒီမိုကရေစီနိုင်ငံကို တည်ဆောက်ပြီးတော့မှ ဖွံ့ဖြိုးတိုးတက်ရေးကို ရှေ့ရှုပြီးသွားနေတဲ့

နိုင်ငံ တစ်နိုင်ငံဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီလို နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးပြီးတော့ သွားနေတဲ့ ဒီမိုကရေစီနိုင်ငံတွေအနေနဲ့ အစစ စီမံခန့်ခွဲရေးနဲ့ စနစ်များ ကောင်းမွန်အောင် ကြိုးစားပြီး တော့ ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဒီအချိန်မှာ ကမ္ဘာကိုလည်း ကျွန်မတို့ ကြည့်ရမယ်။ မြန်မာကို လည်း ကြည့်ရမယ်ဆိုတဲ့အခါမှာ ကျွန်မတို့ ဒီမိုကရေစီနိုင်ငံဖြစ်တဲ့အတွက် ရွေးချယ်တင်မြှောက်ပွဲတွေ ကျင်းပကြပါတယ်။ အဲဒီအခါမှာ ပြည်သူလူထုအားလုံး ပါဝင်နိုင်တဲ့ ပြည်သူလူထုရဲ့ အသံတွေကို စုံစုံစိစိ ပါဝင်နိုင်တဲ့၊ ပြည်သူ့ကိုယ်စားလှယ်တွေအများဆုံး ပါဝင်နိုင်တဲ့ စနစ်တွေ၊ အခွင့်အရေး အများဆုံး ပေးနိုင်တဲ့ စနစ်တွေကို ကျွန်မတို့က ရွေးချယ်သင့်ပါတယ်။ ရွေးချယ်ကြရမှာ ဖြစ်ပါတယ်။ အဲဒီမှာ ရွေးကောက်ပွဲစနစ် ရွေးချယ်သတ်မှတ်တာဟာ ကျွန်မတို့ ဒီမိုကရေစီနိုင်ငံတွေအတွက် အလွန်အရေးကြီးတဲ့ လုပ်ငန်းတစ်ခု ဖြစ်ပါတယ်။

အဲဒါကြောင့်မို့လို့လည်း ကျွန်မတို့ အတွေ့အကြုံတွေရ၊ ကျွန်မတို့နိုင်ငံနဲ့ သဟဇာတ ဖြစ်မယ့် ကမ္ဘာမှာလည်းကျင့်သုံးနေတဲ့ အင်မတန်လည်း လျော်ကန်သင့်မြတ်တဲ့ ရွေးချယ်တင်မြှောက်ပွဲ စနစ်တစ်ခုကို ကျွန်မက လွှတ်တော်ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် အဆိုတင်သွင်းမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ကျွန်မ အခု ဒီအဆိုကို ဆွေးနွေး တင်ပြတဲ့အခါမှာ ကျွန်မရဲ့ အတွေ့အကြုံလေးနဲ့ ခံစားချက်ကလေးကိုလည်း နည်းနည်း ထည့်ပြီးတော့ ဆွေးနွေးခွင့်ပြုပါရန် ကျွန်မ ကြိုတင်ပြီးတော့ ပန်ကြားလိုပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်တွေဆိုတာ ပြည်သူတွေကနေ ရွေးကောက် တင်မြှောက်ပြီးတော့မှ လွှတ်တော်ထဲမှာ သစ္စာဆို၊ ကျမ်းသစ္စာတွေပြုပြီးတော့မှ ကျွန်မတို့က နိုင်ငံတော်နဲ့ နိုင်ငံသားအကျိုး၊ နိုင်ငံတော်နဲ့ နိုင်ငံသားကို သစ္စာစောင့်သိရိုသေစွာနဲ့ ကျွန်မတို့က ဖွဲ့စည်းပုံအခြေခံဥပဒေစည်းမျဉ်းတွေနဲ့ ကျန်တဲ့အထွေထွေအရပ်ရပ်သော တည်ဆဲဥပဒေတွေအရ ကျွန်မတို့က ဆောင်ရွက်ပေးနေကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်မတို့မှာ ရိုးသားဖြောင့်မတ်စွာနဲ့ သစ္စာကို ဦးထိပ်ပန်ဆင်ပြီးတော့ ဆောင်ရွက် ကြရတာ ဖြစ်ပါတယ်။ ကျွန်မ အဲဒီမှာ နည်းနည်းလေး ကျွန်မ တင်ပြခွင့်ပြုပါ။ ဘာလဲဆိုတော့ ကျွန်မဟာ အစတုန်းက အမှတ်(၁)စက်မှုဝန်ကြီးဌာနက ဝန်ထမ်း ဖြစ်ပါတယ်။ သို့သော်လည်း ၁၉၈၈ အရေးအခင်းမှာ ကျွန်မ ပြည်သူလူထုအတွက် ဒီမိုကရေစီရရှိရေး တို့အရေးဆိုပြီးတော့ ပါခဲ့တဲ့အတွက် ကျွန်မက အလုပ်ကနေပြီး Forced to Retire နဲ့ နားခဲ့ရတဲ့သူ ဖြစ်ပါတယ်။ ဒါကျွန်မရဲ့ ကိုယ်ရေး ကိုယ်တာထက် ပြည်သူလူထုအရေးကို ကျွန်မ အင်မတန် စိတ်ဝင်စားတဲ့အတွက် ကျွန်မ ဆောင်ရွက်ခဲ့ တာကို နံပါတ်(၁)၊ ဒါ တင်ပြခြင်း ဖြစ်ပါတယ်။

နောက်တစ်ခါကျတော့ ၁၉၉၀ ကျတော့ ကျွန်မဟာ မန္တလေးအရှေ့တောင်မြို့နယ်၊ မဟာအောင်မြေ ကနေပြီးတော့ အရှေ့တောင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်လောင်း ဖြစ်ပါလျက်နဲ့ ကျွန်မရဲ့နေရာကို ကျွန်မက အခြားသူတစ်ဦးကို အများရှေ့မှာပဲ လက်မှတ်ထိုးပြီးတော့ ကျွန်မက ပြည်သူလူထုမျက်နှာကို ကြည့်ပြီးတော့ ကျွန်မထက် သူကပိုပြီးတော့ ဆောင်ရွက်ပေးနိုင်မှာပဲ ဆိုပြီးတော့ ကျွန်မက ပြတ်ပြတ်သားသား ဆုံးဖြတ်ပြီး၊ ရဲရဲဝံ့ဝံ့ဆုံးဖြတ်ပြီးတော့ ပေးထားခဲ့တဲ့ အတ္တ မပါတဲ့ နိုင်ငံရေးသမားတစ်ယောက် ဖြစ်ပါတယ်။

နောက် ၂၀၁၀ ကျတော့ ကျွန်မတို့ ပြည်သူလူထုအတွက် ကျွန်မတို့က ၈၈ ကတည်းက ကျွန်မတို့ လမ်းပေါ်ထွက်ပြီးတော့ ဒီမိုကရေစီရရှိရေး တို့အရေး ဆိုပြီးတော့ ပြည်သူအတွက် တောင်းခဲ့တဲ့ အလုပ်က မပြီးသေးတဲ့အတွက်ကြောင့်မို့လို့ အဲဒီတာဝန်တွေကို ဆက်လက်ထမ်းဆောင်ဖို့အတွက် ကျွန်မတို့ ၂၀၁၀ မှာ အကုန်လုံး အတွန်းအတိုက်နဲ့ စိန်ခေါ်မှုတွေ၊ အတိုက်အခံတွေ ကြားထဲကနေပြီးတော့ ကျွန်မတို့ ရဲရဲဝံ့ဝံ့နဲ့ ဆုံးဖြတ်ပြီးတဲ့အခါကျတော့မှ ကျွန်မတို့ အရွေးချယ်ခံခဲ့ရတာဖြစ်ပါတယ်။ အဲဒီကျတော့ မှန်ကန်တဲ့ မေတ္တာ၊ သစ္စာကြောင့်မို့လို့ ကျွန်မတို့ ပြည်သူ့လွှတ်တော်၊ ပြည်သူ့ကိုယ်စားလှယ်အဖြစ် အရွေးချယ်လည်း ခံရပါတယ်။ အဲဒီတော့ လွှတ်တော်ထဲမှာ ရောက်လာကြတဲ့ အခါကျတော့လည်း ကျွန်မတို့ အမှန်တကယ် ကိုယ်ဆိုထားတဲ့ သစ္စာတွေ၊ တကယ် အရင်ကတည်းကရှိခဲ့တဲ့ ကိုယ်ရဲ့ ရည်ရွယ်ချက်တွေ၊ ရည်မှန်းချက်တွေ၊ စေတနာတွေ၊ မေတ္တာတွေကို ဦးတည်ပြီးတော့ ကျွန်မတို့က ဆောင်ရွက်နေတဲ့အချိန်မှာ အခု ဒီအဆိုဟာ ကျွန်မရဲ့ တကယ်အမှန် ပြည်သူအပေါ်မှာထားတဲ့ ပြည်သူအားလုံးပါဝင်ခွင့် ရစေချင်တဲ့ စေတနာနဲ့ ကျွန်မ ဆောင်ရွက်တာဆိုတာကို ကျွန်မက အစီရင်ခံတင်ပြလိုပါတယ်။

ကျွန်မတို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃ မှာတော့ နိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်သော နိုင်ငံတော် ဖြစ်သည်လို့ ပြဋ္ဌာန်းထားပါတယ်။ နောက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇ မှာတော့ နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်လို့ ပြဋ္ဌာန်းထားပါတယ်။

အဲဒီတော့ ကျွန်မတို့က ဒီ နိုင်ငံအတွင်းမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံအတွက်၊ နောက်တစ်ခါကျတော့ ပါတီစုံဒီမိုကရေစီစနစ်၊ အမှန်တကယ် စစ်မှန်ပြီးတော့ စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီ စနစ်တစ်ခု ပေါ်ပေါက်လာဖို့အတွက် ကျွန်မတို့က တဖြည်းဖြည်းနဲ့ ပိုကောင်းသထက် ကောင်းတာတွေကို ကျွန်မတို့က လေ့လာပြီးတော့မှ၊ သုံးသပ်ပြီးတော့မှ ကျွန်မတို့က ရဲရဲဝံ့ဝံ့နဲ့ လိုအပ်ရင် လိုအပ်သလို တင်ပြတောင်းဆိုဖို့ ကျွန်မတို့မှာ တာဝန်ရှိပါတယ်။ ဒါကလည်း နိုင်ငံတော်နဲ့ နိုင်ငံသားအကျိုး ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်မအခုပြောချင်တာက ကျွန်မ အဆိုတင်သွင်းမယ့် အချိုးကျကိုယ်စားပြုစနစ်နဲ့ ပတ်သက်ပြီးတော့ လေ့လာထားသလောက်ကို ကျွန်မက အစီရင်ခံ တင်ပြဆွေးနွေးလိုပါတယ်။ အဲဒါကတော့ ဘာလဲဆိုတော့ ဒီနေရာမှာ ကျွန်မတို့ရဲ့နိုင်ငံမှာ လွတ်လပ်ရေးမရခင်ကတည်းက သုံးခဲ့တာက နိုင်သူ အကုန်ယူ (Winner take All) ဆိုပြီးတော့ ပန်းအရင်ဝင်သူ အနိုင်ယူ ဆိုပြီးတော့ (First past the post) အဲဒီအတိုကောက်ကတော့ (FPTP) စနစ်ပါ။ မဲဆန္ဒနယ်မြေကျဉ်းကျဉ်းမှာ မဲအများဆုံး ရတဲ့ တစ်ယောက်ပဲ အရွေးခံရပါတယ်။ နောက် (၂)ကတော့ နောက်တစ်မျိုးက မဲဆန္ဒနယ်ကျယ်ကျယ်မှာ ကိုယ်စားလှယ်အရေအတွက် များများ၊ ဥပမာ (၅)ယောက်၊ (၁၀)ယောက် စသည် သတ်မှတ်ပြီးတော့ ရွေးပါတယ်။ ဝင်ပြိုင်တဲ့ ပါတီတွေကို ရတဲ့ မဲအချိုးအစားအလိုက် ကိုယ်စားလှယ်အရေအတွက် ခွဲပေးတယ်။ ကိုယ်စားလှယ် (၁၀)ယောက်ရွေးပေးလို့ သတ်မှတ်တဲ့နယ်မြေမှာ မဲက (၆၀)ရာခိုင်နှုန်းရတဲ့ ပါတီက (၆)ယောက်၊ (၂၀)ရာခိုင်နှုန်းရတဲ့ ပါတီက(၂)ယောက် စသည်ဖြင့် အဲဒီလို ခွဲပြီးတော့ ပေးပါတယ်။ ဒါပေမဲ့ သတ်မှတ်ထားတဲ့ အနိမ့်ဆုံးမဲ ဒါသူကတော့ Qualify မဖြစ်ဖူးပေါ့။ တကယ်အရည်အချင်း မပြည့်မီတဲ့ အရေအတွက် ဖြစ်တဲ့အတွက်ကြောင့်မိုလို့ အဲဒီပါတီကတော့

ကိုယ်စားလှယ်မရပါဘူး။ ဒီစနစ်ကို အချိုးကျကိုယ်စားပြုတဲ့ စနစ်ဆိုပြီးတော့ (Proportional Representation) အတိုကောက်က (PR)လို့ ခေါ်ပါတယ်။

နောက်(၃)ကတော့ အထက်က စနစ်(၂)မျိုးကို ရောပြီးတော့ ကျင့်သုံးတဲ့စနစ် (Mixed Electoral System)၊ ဒါကတော့ မဲဆန္ဒနယ်မြေ ကျယ်ကျယ်ထဲမှာ ကိုယ်စားလှယ်ဦးရေကို ထက်ဝက်စီလောက် ခွဲပြီး စနစ်တစ်ခုစီ ခွဲသုံးပြီး ရွေးတာဖြစ်ပါတယ်။ ဒါမှမဟုတ်ရင်လည်း အထက်လွှတ်တော်ကို စနစ်တစ်မျိုး၊ အောက်လွှတ်တော်ကို စနစ်တစ်မျိုး၊ အဲဒီလိုမျိုး ရွေးတဲ့စနစ် ဖြစ်ပါတယ်။ ဒါကလည်း အခုနောက်ဆုံးမှာတော့ ဒီရောနှောပြီးတော့ သုံးတဲ့ ဒီ Mix စနစ်ကို (Mixed Member)ပါ၊ အဲဒီဟာကိုသုံးတာများတယ်လို့ လေ့လာတွေ့ရှိရပါတယ်။

ကျွန်မတို့နိုင်ငံမှာ ကျင့်သုံးခဲ့တဲ့ (FPTP) စနစ်ရဲ့ ရလာဒ်တွေကို ပြန်ပြီးတော့ သုံးသပ်ကြည့်တဲ့အခါမှာ ကျေနပ်ဖွယ်ရာ မရှိဘူးလို့ ကျွန်မတို့က ပြောနိုင်ပါတယ်။ ပေးလိုက်တဲ့ ဆန္ဒမဲနဲ့ အချိုးမညီတဲ့ အမတ်ဦးရေ လွှတ်တော်ထဲရောက်ပြီးတော့ တစ်ပါတီတည်းကသာ ကြီးစိုးခဲ့ပါတယ်။ ဥပမာ ၁၉၅၆ ခုနှစ်မှာ ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲမှာ ဖဆပလအဖွဲ့ချုပ်က ရမဲ (၁၈)သိန်းကျော် ပါတယ်။ နောက်တစ်ခါကျတော့ ပမညတက ရမဲ(၁၁)သိန်းကျော် ပါတယ်။ (၁၈)သိန်းကျော်နဲ့ (၁၁)သိန်း ကျော်ဟာ (၇)သိန်းကွာတယ်ဆိုတောင်မှ နေရာကျတော့ ဖဆပလက (၁၄၈)နေရာရပြီးတော့ ပမညတက (၄၈)နေရာပဲ ရပါတယ်။ အဲဒီတော့ မဲမှာတော့ အဲဒီလောက်ကြီး မကွာဘဲနဲ့ ရတဲ့ အမတ်ဦးရေမှာကျတော့၊ ကိုယ်စားလှယ်ဦးရေမှာကျတော့ အဲဒီလောက်ကြီးကို ကွာသွားပါတယ်။

နောက်တစ်ခါ ၁၉၆၀ ရွေးကောက်ပွဲမှာကျတော့ သန့်ရှင်း ဖဆပလ မှ ရမဲ(၃၁)သိန်း ကျော်ပြီးတော့ အမတ်က (၁၅၈)ဦးရပါတယ်။ နောက်တစ်ခါ တည်မြဲဖဆပလ ကတော့ ရမဲ (၁၆) သိန်း ကျော်ပြီးတော့ အမတ်က (၄၁)ဦးရပါတယ်။ အဲဒီတော့ (၁၅၈)ဦးနဲ့ (၄၁)ဦး၊ မဲက အဲဒီလောက်ကြီး မကွာဘူး။ သို့သော်ငြားလည်းပဲ အမတ်ရတာကျတော့ တော်တော်ကြီးကို ကွာသွားပါတယ်။ လေးပုံ တစ်ပုံလောက်ပဲ ရပါတယ်။

နောက်တစ်ခါ ဒီလိုပဲ ကျွန်မတို့ ပြီးခဲ့တဲ့ ၁၉၉၀ခုနှစ်၊ အဲဒီတုန်းကတော့ NLD နဲ့ တစည နဲ့ ပြိုင်ကြတဲ့အခါမှာ NLD က(၇၉)သိန်းကျော် ရပြီးတော့ အမတ်က (၃၉၂)ဦး ရပါတယ်။ တစညက (၃၃)သိန်းကျော်ရပြီးတော့ အမတ်က (၁၀)ဦးပဲ ရပါတယ်။ အဲဒီတော့ ကျွန်မတို့က နိုင်သူ အကုန်ယူ ဆိုတဲ့စနစ်ရဲ့ အားနည်းချက်၊ အားသာချက်ဆိုတာထက် အဲဒီဟာရဲ့ တကယ့်ရလာဒ်က ပါတီစုံဒီမိုကရေစီကိုတော့ လုံးဝပံ့ပိုးပေးနိုင်မှု မရှိဘူးလို့ ကျွန်မတို့က ပြောလို့ရပါတယ်။ ကျွန်မတို့ နိုင်ငံမှာ နိုင်သူအကုန်ယူ ဆိုတဲ့စနစ်ကို ကျင့်သုံးခဲ့တဲ့ ရွေးကောက်ပွဲများရဲ့ ရလာဒ်တွေဟာ အစောက ပြောပြသလိုပဲ မမျှတတဲ့ ကိုယ်စားပြုမှု၊ ကွဲပြားတဲ့အမြင်အမျိုးမျိုးကို တည်ရှိဖော်ပြခွင့် အပြည့်အဝ မရမှု၊ နောက်တစ်ခါ တစ်ပါတီအာဏာရှင်စနစ်နဲ့ မခြား၊ ပါတီကြီး တစ်ခုကသာ ထင်တိုင်းကြဲခွင့်ရမှု ၊ နောက်တစ်ခါ လက်ဝယ်ရှိဒီမိုကရေစီ ဆုံးရှုံးမှု၊ ဒီမိုကရေစီ ပေါ်ပေါက်နိုင်တဲ့ အခွင့်အရေးဆုံးရှုံးမှု၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးကို မဖော်ဆောင်နိုင်မှု စတဲ့ အကျိုး သက်ရောက်မှုများနဲ့ ဆက်စပ်ပြီးတော့ နေပါတယ်။

နောက်တစ်ခါ ကျွန်မတို့ပြည်သူတွေဟာ ရွေးကောက်ခံ သို့မဟုတ် ရွေးကောက်မခံ တစ်အုပ်၊ တစ်စု၊ တစ်ပါတီရဲ့ ကြီးစိုးချယ်လှယ်မှုဒဏ်ကို တကယ်လက်တွေ့လည်း ခံဖူးကြပါတယ်။ ဒါမျိုး ထပ်ပြီး ခံစားဖို့မဆိုထားနဲ့ အရိပ်အယောင်တောင် မြင်ချင်မှာ မဟုတ်ပါဘူး။ အဲဒါနဲ့ ပတ်သက်လို့ ကျွန်မက ကိုယ်တွေ့လေး တစ်ခုကို တင်ပြပါရစေ။ ဘာလဲဆိုတော့ ကျွန်မတို့က တိုင်းပြည်နဲ့ လူမျိုးအကျိုးဆိုပြီးတော့ နိုင်ငံရေးလုပ်တဲ့အခါမှာ ကျွန်မတို့က လွတ်လပ်စွာတွေးခေါ်ခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ဆိုတာကို ကျွန်မတို့ ကမ္ဘာကပြဋ္ဌာန်းထားတဲ့ ပဋိညာဉ်ကလည်း ကျွန်မတို့ကို ခွင့်ပြုထားတယ်။ ကျွန်မတို့ရဲ့ Constitution ကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေကလည်း ခွင့်ပြုထားတယ်။ အဲဒါကြောင့်မို့လို့ ကျွန်မတို့က ကျွန်မတို့ရဲ့ ယုံကြည်ချက်၊ ကျွန်မတို့ရဲ့ ရပ်တည်ချက်၊ ကျွန်မတို့ရဲ့ ခံစားချက်တွေကို ပြောတဲ့အခါမှာ နောက်ထပ်မပြောရဲအောင် လောလောဆယ် လက်ရှိအခြေအနေ တွေမှာ စိတ်ပိုင်းဆိုင်ရာတွေ ညှိုးနွမ်းလာအောင်၊ ဂုဏ်သိက္ခာတွေ ထိခိုက်သွားအောင် ဖြစ်နေတဲ့ အဖြစ်အပျက်တွေက ကျွန်မတို့ အခုလောလောဆယ်မှာ ဒါလက်တွေ့ကို ကျွန်မတို့က ရင်ဆိုင်နေရတာ ဖြစ်ပါတယ်။ အချို့ အချို့သော ကိုယ်စားလှယ်များသည် မှန်ကန်ပါလျက် မပြောရဲတာ၊ မဆိုရဲတာ၊ မတင်ပြရဲတာ အစည်းအဝေးတွေမှာ တချို့မီဒီယာတွေနဲ့ စကားပြောဆိုတဲ့အခါမှာ ထိန်းထိန်းသိမ်းသိမ်း ပြောကြရတာတွေ ရှိပါတယ်။ ဒါဟာဘာလဲ။ ကျွန်မတို့ ဒီမိုကရေစီရတယ်။ လွတ်လပ်ရေး ရတယ်။ အချုပ်အခြာအာဏာလည်း ပိုင်ဆိုင်တယ်။ လူ့အခွင့်အရေးကိုလည်း လူ့အခွင့်အရေး လူ့အခွင့်အရေးနဲ့ အမြဲတမ်း အော်တယ်။ ဒီကြားထဲကကိုပဲ ကျွန်မတို့မှာ လူ့အခွင့်အရေး ဆုံးရှုံးနေတယ်။ အဲဒီတော့ ကျွန်မတို့ အခုဆိုရင်၊ ကျွန်မဆိုရင် ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ် တစ်ယောက်အနေနဲ့ ကျွန်မတို့နိုင်ငံမှာရှိနေတဲ့ သန်း (၆၀)သော ပြည်သူလူထုရဲ့ အကျိုးကို၊ လူ့အခွင့်အရေးကို ကျွန်မတို့က အပြည့်အဝ ရဖို့ကြိုးစားနေတာ ဒါကျွန်မတို့ရဲ့ အဓိက။ သို့သော်ငြားလည်းပဲ ကျွန်မတို့ပိုင်ဆိုင်တဲ့၊ ကျွန်မတို့ သုံးစွဲခွင့်ရှိတဲ့၊ ကျွန်မတို့ရဲ့ တစ်ကိုယ်ရေ လူ့အခွင့်အရေးကိုတောင်မှ ကျွန်မတို့က တင်ပြတောင်းဆိုခွင့် မရှိဘူး၊ Cut Out အလုပ်ခံရတယ်။ Block အလုပ်ခံရတယ်၊ Pressure တွေ တအားပေးနေတယ် ဆိုလို့ရှိရင် ကျွန်မတို့က တစ်ပါတီ အာဏာရှင်တို့၊ မရွေးကောက်သေးဘဲနဲ့ဖြစ်တဲ့ အာဏာရှင်တို့ ကျွန်မတို့ အင်မတန်ကြောက်ပါတယ်။ အခု အဲဒါကြောင့် ကျွန်မ PR ကို တင်တဲ့အခါမှာ ကျွန်မ ခံစားချက်နဲ့အတူ ခံစားနေကြမယ့်သူတွေ ရှိမယ်လို့ ကျွန်မ အဲဒီလိုပဲ ယုံကြည်ပါတယ်။

အဲဒီတော့ ကျွန်မတို့လျှောက်လှမ်းကာစ ပါတီစုံဒီမိုကရေစီလမ်းကြောင်း ပျောက်ကွယ်ဆုံးရှုံးခြင်း မဖြစ်ရအောင် ကာကွယ်တားဆီးလုပ်ဆောင်ချက်အဖြစ် ရွေးကောက်ပွဲစနစ် ပြုပြင်ရေးကို ကြိုးပမ်း လုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။ ကျွန်မ ဒီအဆိုကို တင်တာနဲ့ပတ်သက်လို့ ပြည်သူတွေရဲ့ တကယ့်စစ်မှန်တဲ့ အခွင့်အရေးတွေ၊ လူ့အခွင့်အရေးလို့ အော်ပြီးတော့မှ လူ့အခွင့်အရေးကို တကယ်မလေးစားမလိုက်နာတဲ့သူတွေ၊ အဲဒီဟာတွေ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အသံတွေအကုန်လုံး လွှတ်တော်ထဲကို ရောက်လာဖို့အတွက် ကျွန်မကတော့ ဒီအချိုးကျကိုယ်စားပြုစနစ်ကို ဆက်လက်ပြီးတော့ တင်ပြသွားမှာ ဖြစ်ပါတယ်။

ဒီစနစ်နဲ့ပတ်သက်လို့ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးကတည်းက ကျွန်မတို့က ဒါကို ကျင့်သုံးခဲ့တာ ဖြစ်ပါတယ်။ သို့သော်ငြားလည်းပဲ အဲဒီမှာ ကျင့်သုံးတဲ့အခါမှာ အခု အစောက တင်ပြခဲ့သလိုပဲ၊ တကယ်တမ်းကျတော့ ကျွန်မတို့ တကယ်ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို

ပြည်သူလူထုတွေကလည်း မရဘူး။ ပါတီတွေကလည်း မရဘူး။ လွှတ်တော်ကိုယ်စားလှယ်တွေကလည်း မရဘူး။ အဲဒီလို ဖြစ်နေပါတယ်။ အဲဒီတော့ ကျွန်မ ဒီမှာ ဒါနောက်ဆုံးအနေနဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်မှာ လွတ်လပ်ရေးရပြီးကာလ ပါလီမန်ဒီမိုကရေစီ ရွေးကောက်ပွဲများနဲ့ ၁၉၉၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများနည်းတူ၊ ၂၀၁၀ ပြည့်နှစ်၊ ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနဲ့ ၂၀၁၁ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲများမှာ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် လုံခြုံရေးကောင်စီဥပဒေအမှတ်၊ ၄/၂၀၁၀ အရ နိုင်သူ အကုန်ယူစနစ် (First past the post) ဖြင့် အမျိုးသားလွှတ်တော်ဆိုင်ရာ ရွေးကောက်ပွဲများကို ကျင်းပခဲ့ပါတယ်။

နိုင်သူ အကုန်ယူစနစ်၏ အားနည်းချက်များမှာ (၁)ကတော့ ဆန္ဒမဲပေးသူများ၏ အများစုသော ထောက်ခံမဲကို ရရှိရန်မလိုဘဲ ခိုင်လုံမဲ များရန်သာ လိုအပ်သဖြင့် ပြည်သူအများကို ကိုယ်စားပြုနိုင်မှု မရှိခြင်း၊ (၂) ရှုံးသွားသူများကို ဆန္ဒမဲပေးလိုက်မိသည့် မဲဆန္ဒရှင်များအတွက် ကိုယ်စားပြုမှု ဆုံးရှုံးသွားခြင်း၊ ဒါကတော့ ဆန္ဒမဲတွေ အလဟဿ ဆုံးရှုံးသွားတာ ဖြစ်ပါတယ်။ နောက် မဲဆန္ဒနယ်မြေအတွင်းမှာနေတဲ့ ပြည်သူများကို ကျယ်ကျယ်ပြန့်ပြန့် ကိုယ်စားမပြုနိုင်တဲ့အတွက် အမျိုးသားလွှတ်တော်ဟာလည်း ကျယ်ပြန့်တဲ့ကိုယ်စားပြုမှုကို မရရှိနိုင်ခြင်း၊ နောက်တစ်ခါ ပါတီငယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်နေရာ ရရှိရန် အခွင့်အလမ်း နည်းပါးသဖြင့် လွှတ်တော်တွင်း အားလုံး ပါဝင်နိုင်မှုအပေါ် အကန့်အသတ်ဖြစ်ခြင်း၊ ဒါတွေဟာ အင်မတန် တွေးကြည့်လို့ရှိရင် စိတ်မကောင်းစရာ ကောင်းပါတယ်။ ပါတီတွေ ထူထောင်ကြတဲ့အခါမှာ သူ့ပါတီနဲ့သူ၊ သူနဲ့ နီးစပ်ရာ နီးစပ်ရာပါတီဖြစ်စေ တကယ်တမ်းကတော့ မွန်မြတ်တဲ့ရည်ရွယ်ချက်တွေနဲ့ ပါတီတွေဟာ တည်ထောင်ကြတယ်။ သို့သော်ငြားလည်းပဲ ကိုယ့်နည်း၊ ကိုယ့်ဟန်၊ ကိုယ့်ခံယူချက်တွေ၊ ယုံကြည်ချက်တွေ ရှိကြတယ်။

အဲဒီတော့ ပါတီတိုင်းမှာ ကျွန်မ အယူအဆအရဆိုရင် ကြီးတဲ့ပါတီဖြစ်စေ၊ ငယ်တဲ့ပါတီဖြစ်စေ ဝိရောဓိနဲ့ မကင်းဘူးလို့ ကျွန်မကတော့ အဲဒီလိုပဲ ယုံကြည်တယ်။ ဝိရောဓိ ဆိုတာ တော်တဲ့သူလည်း ရှိတယ်။ ညံ့တဲ့သူလည်း ရှိတယ်။ ထက်မြက်တဲ့သူ ရှိတယ်။ မထက်မြက်တဲ့သူလည်း ရှိမယ်။ ကိုယ်ချင်းစာတဲ့သူ ရှိမယ်။ ကိုယ်ချင်းစာတယ်ဆိုသော်ငြား ကိုယ်ချင်းမစာတဲ့သူ ရှိမယ်။ အဲဒီအခါကျတော့ မည်သည့်ပါတီကမဆို တကယ် ပြည်သူလူထုအကျိုးကို တကယ်ဆောင်ရွက်မယ့် စာနာစိတ်နဲ့ စွန့်လွှတ် အနစ်နာခံပြီးတော့ အတ္တဟိတ၊ ပရဟိတကို ချင့်ချိန်ပြီးတော့ ဆောင်ရွက်နိုင်တဲ့ ကိုယ်စားလှယ်တွေ ပါလာဖို့ လိုအပ်တယ်လို့ ထင်ပါတယ်။

အဲဒီတော့ တိုင်းနဲ့ပြည်နယ် (၁၄)ခုက ထွက်လာမယ့် ဒေသအသီးသီးမှ ကိုယ်စားလှယ်များ၊ နောက်တစ်ခါ ပါတီအသီးသီးက ကိုယ်စားလှယ်များ ပါလာဖို့အတွက်ကတော့ ကျွန်မ အခု အဆိုပြုတဲ့ (PR system) က ပိုပြီးတော့ သဟဇာတဖြစ်မယ်။ အံဝင်ဂွင်ကျ ဖြစ်မယ်လို့ ကျွန်မက အဲဒီလို ဆွေးနွေးချင်ပါတယ်။ နောက်တစ်ခါ ပါတီကြီး တစ်ခုကသာ အပြတ်အသတ် အနိုင်ရခဲ့ပြီး၊ ထိုပါတီကြီး၏ ပါတီဝင်များသည် အမြင်သဘောထား ကျဉ်းမြောင်းပါက ရွေးကောက်ခံအာဏာရှင်စနစ်သို့ ရောက်ရှိသွားနိုင်ခြင်း၊ ကျွန်မတို့က တစ်ပါတီအာဏာရှင်ကို မကြိုက်ဘူး။ ဟိုအာဏာ၊ ဒီအာဏာ အာဏာနဲ့ မကြိုက်ဘူး။ အကုန်လုံးညှိနှိုင်းပြီးတော့မှ ဒီမိုကရေစီစနစ်နဲ့ ဆိုသော်ငြားလည်းပဲ

ရွေးလိုက်တဲ့အခါမှာ တစ်ပါတီတည်းကနေပြီး မဲတွေအများကြီးရပြီးတော့ နိုင်သွားပြီးတော့မှ တကယ်တမ်းကျတော့ အထဲတည်းမှာ ဘယ်လိုမှ မယှဉ်သာအောင် ဖြစ်သွားပြီးတဲ့အခါကျတော့ကာ ကိုယ်တင်ပြတာတွေ၊ တောင်းဆိုတာတွေ၊ ပြည်သူ့အတွက်တွေ ပုံဖော်တဲ့အခါမှာ အဲဒီပါတီရဲ့ အလိုဆန္ဒအတိုင်းသာ ဒီပုံဖော်ချက်တွေက အကောင်အထည်ပေါ်သွားနိုင်မှာ ဖြစ်ပါတယ်။

အဲဒီအခါကျတော့ ဒီပါတီတစ်ခုတည်း အပြတ်အသတ် အနိုင်ရပြီးတော့ အဲဒီပါတီဝင်တွေရဲ့ အမြင်သဘောထား ကျဉ်းမြောင်းမှု၊ ဒါမှမဟုတ် တကယ်ကျယ်ပြန့်ခိုင်မာမှု စသည်ဖြင့် အဲဒီအပေါ်မှာပဲ သွားမယ့်စနစ်မျိုးကိုတော့ ကျွန်မတို့က အခုအချိန်မှာ လက်ရှိကမ္ဘာ့နိုင်ငံရေး၊ မြန်မာ့နိုင်ငံရေး၊ လက်ရှိနိုင်ငံရေးအခြေအနေတွေကို ပြန်ပြီးတော့ ဝေဖန်သုံးသပ်ကြည့်မယ်ဆိုလို့ရှိရင် တစ်ပါတီတည်းက နေပြီးတော့ အများကြီးနိုင်တာမျိုးကို ကျွန်မတို့တော့ အားမပေးသင့်တော့ဘူးလို့ အဲဒီလိုပဲ ယူဆပါတယ်။

နောက် FPTP စနစ်အစား အချိုးကျကိုယ်စားပြုစနစ် ကျင့်သုံးမယ်ဆိုရင် နိုင်ငံရေးပါတီတွေ အနေနဲ့ ရွေးကောက်ပွဲမှာရရှိတဲ့ ခိုင်လုံမဲ အချိုးအစားအရ လွှတ်တော်ထဲမှာ နေရာရရှိမှာဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ ဒီမိုကရေစီကျင့်သုံးတဲ့နိုင်ငံပေါင်း (၁၆၇)နိုင်ငံနဲ့ နိုင်ငံပေါင်း (၈၇)နိုင်ငံဆိုတော့ နိုင်ငံ (၉၁)လောက် PR စနစ်ကို လက်ခံကျင့်သုံးနေကြပြီ ဖြစ်ပါတယ်။ အချိုးကျကိုယ်စားပြုစနစ်တွေအနက်က (၄)မျိုးအနက်က Party List System နဲ့ Mixed Member Proportional System သူက အဲဒီ(၂)ခုက ရှုပ်ထွေးတာမရှိတဲ့အတွက်ကြောင့် အင်မတန်ရှင်းလင်းတဲ့အတွက် အမျိုးသားလွှတ်တော်အတွက် စတင်ကျင့်သုံးမယ်ဆိုလို့ရှိရင် အင်မတန် လျော်ကန်သင့်မြတ်ကြောင်း ကျွန်မက တင်ပြချင်ပါတယ်။

အဲဒါကြောင့် ကျွန်မက တင်ပြချင်ပါတယ်။ နောက်တစ်ခါ အဲဒီလို ကျင့်သုံးခြင်းအားဖြင့် ပါတီငယ်တွေက ထောက်ခံသူများအပါအဝင် ဆန္ဒမဲပေးသူအားလုံးရဲ့ မဲတွေ အလဟဿ ဖြစ်မသွားခြင်း၊ နောက် ပါတီစုံဒီမိုကရေစီစနစ်တွင်အားလုံး ပါဝင်ခွင့် ပိုမိုပီပြင်လာစေခြင်း၊ နောက်တစ်ခါ ပါတီကြီး များကို ထိန်းကျောင်းပေးနိုင်ပြီး ရွေးကောက်ခံအာဏာရှင်စနစ် ဖြစ်ထွန်းခွင့် မရခြင်းတို့ စသော အကျိုးများကို ကျွန်မတို့ ရရှိနိုင်ပါတယ်။

PR စနစ်မှာ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးကို မဲဆန္ဒနယ်တစ်နယ်မှ တိုက်ရိုက် ရွေးချယ်တင်မြှောက်ခြင်းမျိုး မဟုတ်တဲ့စနစ်လည်း ပါဝင်နေတာ ဖြစ်တဲ့အတွက် လွှတ်တော် ကိုယ်စားလှယ်က မဲဆန္ဒနယ်နဲ့ ကင်းကွာပြီး ပိုဝေးကွာပြီးတော့

**ဥက္ကဋ္ဌ**။ ။နိဂုံးချုပ်ပါ။ ဒီအသံမကြားရတာ ကြာပြီထင်တယ်။

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ နိဂုံးချုပ်ပါတော့မယ်။ နိဂုံးချုပ်အနေနဲ့ကတော့၊ သို့ပါ၍ လာမည့်ပါတီစုံ၊ လာမည့်ပါတီစုံဆိုတာ အခု ၂၀၁၄ မှာ မမီပေမယ့် ၂၀၁၅ မှာ မည်သည့်ရွေးကောက်ပွဲများတွင်မဆို အမျိုးသားလွှတ်တော်အတွက် ကိုယ်စားလှယ်များ ရွေးချယ်ရာ၌ အချိုးကျ ကိုယ်စားပြုစနစ် သို့မဟုတ် (Mixed Member)စနစ်ပေါ့နော်။ PR ဖြစ်ဖြစ် ကျင့်သုံးရန် လွှတ်တော်က အဆုံးအဖြတ် ပေးပါရန်နှင့် ဥပဒေပြင်ဆင်ရေးလုပ်ငန်းများကို လိုအပ်သလို ဆက်လက်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား တိုက်တွန်း ကြောင်း အဆိုကို တင်သွင်းအပ်ပါသည်။ အားလုံးကို လေးစားပါတယ်။

**အချိန်၊ ၁၅:၀၇။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့်သူ ရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၅:၀၇။**

**ဦးကံညွန့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည် တင်သွင်းသွားတဲ့ အဆိုကို ကျွန်တော် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကံညွန့် က ထောက်ခံအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၅:၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒေါ်ခင်ဝိုင်းကြည် တင်သွင်းတဲ့ အဆိုကို လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ လာမည့် ပါတီစုံ မည်သည့်ရွေးကောက်ပွဲများတွင်မဆို အမျိုးသားလွှတ်တော်အတွက် ကိုယ်စားလှယ်များ ရွေးချယ်ရာ၌ အချိုးကျ ကိုယ်စားပြုစနစ်ကို ကျင့်သုံးရန် လွှတ်တော်က အဆုံးအဖြတ် ပေးပါရန်နှင့် ဥပဒေပြင်ဆင်ရေးလုပ်ငန်းများကို လိုအပ်သလို ဆက်လက်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အား တိုက်တွန်းကြောင်း ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက -

သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။

**အချိန်၊ ၁၅:၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒေါ်ခင်ဝိုင်းကြည် တင်သွင်းတဲ့အဆိုကို အမျိုးသားလွှတ်တော် က လက်ခံဆွေးနွေးရန်သဘောမတူတဲ့ လွှတ်တော် ကိုယ်စားလှယ် ရှိတဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၃)အရ မတ်တတ်ရပ်၍ ဆန္ဒပြုတဲ့နည်းလမ်းဖြင့် လွှတ်တော်ရဲ့ဆန္ဒကို ရယူပါမယ်။ ဒီလို ဆန္ဒရယူရာမှာ အဆိုကို လက်ခံဆွေးနွေးဖို့ သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ မိမိတို့နေရာများတွင် မတ်တတ်ရပ်ပြဖို့ ဖြစ်ပါတယ်။

မတ်တတ်ရပ်ပြတဲ့ လွှတ်တော်ကိုယ်စားလှယ် ဦးရေဟာ ၄၀ ဦးနှင့်အထက်ဖြစ်တဲ့အတွက် ဒေါ်ခင်ဝိုင်းကြည် ရဲ့ အဆိုကို လက်ခံ ဆွေးနွေးရန် သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း သို့မဟုတ် အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၅:၀၉။**

**ဥက္ကဋ္ဌ။** ။ ဒေါ်ခင်ဝိုင်းကြည် ရဲ့ အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် စတုတ္ထနေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် ပဉ္စမနေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၅:၁၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၂၀၁၄ ခုနှစ်၊ ဇွန်လ ၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၁၅:၁၀ နာရီ အချိန်တွင် ရပ်နားပါသည်။]